စာပေဗိမာန်ဘာသာပြန်စာမူဆုရ

# ကမ္ဘာ့ပေါင်းကူးယှက်နွှယ်ဆက်စပ်မှုဖြစ်စဉ်



မြနှင်းဆီ
(Mra Hninzi)

၂၀၀၄ - ခုနှစ်၊ စာပေဗိမာန်စာမူဆု
ဘာသာပြန်စာပေ ပထမဆုရ

# ကမ္ဘာ့ပေါင်းကူးယှက်နွယ် ဆက်စပ်မှုဖြစ်စဉ်

(A Brief History of Globalization
by Philippe Legrain)

စာအုပ်မှကောက်နုတ် ဘာသာပြန်ဆိုသည်

**မြနှင်းဆီ** (Mra Hninzi)

စီစဉ်တည်းဖြတ်သူ - ဦးညွန့်ဟံ (ညွန့်ဟံ-ကြူတော)
စာတည်း (တာဝန်ခံ)

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၀၆ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ –၃၅၀၀

တန်ဖိုး (၁၅၀) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန်စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်) က
မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက် ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ကမ္ဘာ့ပေါင်းကူးယှက်နွယ်ဆက်စပ်မှုဖြစ်စဉ်

### ကမ္ဘာ့မြေမြင်ကွင်းသစ်ပေါ်ထွန်းလာခြင်း

"အရှေ့မြောက်တူရှုသို့ သုံးရက်မြောက် ခရီးဆက်မည်ဆိုပါက သင်သည် လက်ရှိအုပ်စိုးလျက်ရှိသည့် ကူဗလေခန်မင်းကြီး တည်ထောင်ထားသည့်ရှန်ဒူ (ဇာနာဒူ) ဟု ခေါ်တွင်သည့် မြို့သို့ရောက်ပါမည်။ ဤမြို့အတွင်း၌ သလင်းကျောက်နှင့် အခြားလှပသည့် ကျောက်များဖြင့် ဖွဲ့စည်းထားသည့် နန်းတော်တစ်ခုကို ကူဗလေခန်မင်းကြီးမှ ဆောက်လုပ်စေခဲ့သည်။ အဆိုပါ နန်းတော်သည် ဗိသုကာဒီဇိုင်း ခုံညားထည်ဝါမှုအတွက်သာမက အကောင်အထည်ဖော်တည်ဆောက်ရာတွင် လက်ရာမြောက်မှုအတွက်ပါ အံ့ဩချီးမွမ်းဖွယ်ကောင်းလှသည်။ ခန်းမဆောင်များနှင့် အခန်းကြီးများအားလုံးမှာ ရွှေရောင်ဖြင့် မွမ်းမံခြယ်လှယ်ထားပြီး သေသပ်လှပလှပါ၏။ အဆောက်အအုံ၏ မျက်နှာစာတစ်ခုသည် မြို့တွင်းဘက်သို့ မျက်နှာမူပြီး အခြားတစ်ခုသည် နံရံဘက်သို့ မျက်နှာမူလျက်ရှိသည်။ အဆောက်အအုံ၏အစွန်ဘက်တွင် တစ်ဆယ့်ခြောက်မိုင်ပတ်လည်ရှိသော နောက်ထပ်နံရံရှည်ကြီးဖြင့် ဆက်စပ်လွင်ပြင်ကို သိမ်းသွင်းကာရံထားသည်။ ဤလွင်ပြင်သို့ အခြားမည်သည့်ဝင်ပေါက်မှမရှိဘဲ

နန်းတော်တွင်းမှသာ ဖြတ်သန်းသွားရောက်နိုင်သည်။ အဆိုပါ တော်ဝင်ဥယျာဉ်အတွင်း၌ စမ်းချောင်းရေများ တစ်သွင်သွင်စီးဝင် လျက်ရှိသည့် စိမ်းလန်းစိုပြည် သာယာလှပသော မြက်ခင်းပြင်များ ရှိ၍ ထိုမြက်ခင်းပြင်များကို စုံလင်လှသော သမင်နှင့် ဆိတ် အစရှိ သည့် တိရစ္ဆာန်တို့၏စားကျက်အဖြစ်အသုံးချပြီး ယင်းတိရစ္ဆာန်များ အား မင်းကြီးအမဲလိုက်ရာတွင်အသုံးပြုသည့် သိန်းငှက်နှင့် အခြား ငှက်တို့၏အစာအဖြစ် တစ်ဖန်ပြန်လည်အသုံးချသည်။ အဆိုပါ ငှက်များ၏လှောင်အိမ်များသည်လည်း ဥယျာဉ်အတွင်း၌ပင်ရှိသည်။ ငှက်ကောင်ရေမှာ နှစ်ရာကျော်ရှိပြီး ခန်မင်းကြီးသည် အနည်းဆုံး တစ်ပတ်တစ်ကြိမ် ငှက်များကို ကိုယ်တိုင်ကိုယ်ကျ ကြည့်ရှုစစ်ဆေး လေ့ ရှိသည်။ မကြာခဏဆိုသလို ခန်မင်းကြီးက ဤပတ်ပတ်လည် ကာရံထားသည့် သစ်တောအတွင်း မြင်းစီးထွက်သည့်အခါ အစောင့် တို့၏ နောက်ပါမြင်းများပေါ်တွင် ကျားသစ်ငယ် တစ်ကောင်၊ နှစ်ကောင် တင်ဆောင်သွားတတ်သည်။ မင်းကြီးက ကျားသစ်များကို လွှတ်ပေးစေလို၍ အစောင့်များကို အချက်ပြလိုက်သည့်အခါ ထိုလွှတ်လိုက်သည့် ကျားသစ်ငယ်များသည် ချက်ချင်းဆိုသလို သမင်ဖို (သို့မဟုတ်) ဆိတ် (သို့မဟုတ်) အဖြူကွက်ငယ်များပါရှိသည့် နီညိုရောင် သမင်တစ်ကောင်ကို ဖမ်းပေးသည်။ ထိုအခါ မင်းကြီးက သားကောင်ကို ၎င်း၏သိန်းငှက်များသို့ ချကျွေးခြင်းဖြင့် ရွှင်မြူး ပျော်ပါးတတ်သည်မှာ အလေ့အကျင့်တစ်ခုလို ဖြစ်နေပေသည်။”

မာကိုပိုလို (**Marco Polo**)



မာကိုပိုလို

ခရစ်နှစ် တစ်ဆယ့်လေးရာစု နှစ်ဦးပိုင်းကာလက ဥရောပတွင် စိတ်လှုပ်ရှားမှု မည်မျှဖြစ်ခဲ့မည်ကို တွေးဆကြည့်စေချင်ပါသည်။ မာကိုပိုလိုသည် ကမ္ဘာ့အရှေ့ပိုင်းဒေသမှ ထူးခြားဆန်းပြားသော သူ၏ မျက်မြင်ကိုယ်တွေ့ အတွေ့အကြုံများကို ပထမဦးဆုံးအကြိမ် ကွက်ကွက် ကွင်းကွင်း ရေးသားထုတ်ဝေပြီးခါစ ကာလဖြစ်သည်။ ဥရောပ တိုက်သားများအနေဖြင့် အာရှတိုက်တည်ရှိမှန်း သိရှိကြသော်လည်း ယင်းတိုက်အကြောင်း မဆိုစလောက်သာ သိကြသည်။ ၎င်းတို့ အနေဖြင့် တရုတ်နိုင်ငံဖြင့် ကုန်သွယ်ကြသော်လည်း မွတ်စလင် ကြားပွဲစားများမှတစ်ဆင့်သာ ဆက်သွယ်ကြခြင်းဖြစ်သည်။ ဥရောပ ကုန်သည်များအနေဖြင့် အရှေ့တိုင်းမှ ဆေးဝါး၊ ပိုးထည်နှင့် ဟင်းခတ်

အမွေအနှစ်ရှိသော အကြောင်းများကို ရောင်းဝယ်ဖောက်ကားသော်လည်း ကုန်စည်များ၏ မူရင်းဒေသအကြောင်းကို ပြောပြနိုင်စွမ်းမရှိကြချေ။ သို့ဖြစ်၍ ဥရောပတိုက်သားများသည် နတ်နဂါးများ၊ မှော်ဆရာများနှင့် ထူးဆန်းရိုင်းစိုင်းသည့် အလေ့အကျင့်များအကြောင်းကို စိတ်ကူးဖြင့်သာ မှန်းဆခံစားကြည့်ခဲ့ကြသည်။ **မာကိုပိုလို၏ခရီးစဉ်များ (The Travels of Marco Polo)** စာအုပ်သည် ရတ်ချည်းဆိုသလို အာရှတိုက်ကို ပို၍ယုတ္တိဆန်စေခဲ့သည်။

*(မှတ်ချက်။ မာကိုပိုလို(၁၂၅၄-၁၃၂၄)သည် ဗင်းနစ် (Venice) မြို့သားတစ်ဦးဖြစ်ပြီး ၎င်း၏ဖခင်၊ ဦးလေးတို့နှင့်အတူ (၁၂၇၁) ခုနှစ်တွင် တရုတ်နိုင်ငံသို့သွားရောက်ခဲ့ပြီး မွန်ဂိုဘာသာစကားကိုသင်ယူကာ ထိုစဉ်က မွန်ဂိုလူမျိုး တရုတ်ဧကရာဇ် ကူဗလေခန်မင်းကြီး (၁၂၁၆-၉၄) ထံတွင် ခစားသည်။ (၁၂၉၅) ခုနှစ်တွင် ဥရောပသို့ပြန်လာပြီးနောက် ဂျီနိုအာ-ဗင်းနစ်စစ်ပွဲတွင် ဖမ်းဆီးခံရပြီး အကျဉ်းထောင်အတွင်း (၁၂၉၆-၉၈) ၌ ၎င်း၏ခရီးစဉ်များအကြောင်းကို နှုတ်တိုက်ချပေးခဲ့သည်။ ၎င်း၏စာအုပ်သည် ကမ္ဘာ့အရှေ့ဖျားဒေသများနှင့် စပ်လျဉ်းသည့် ကျမ်းကိုးဖြစ်ခဲ့သည်မှာ (၁၉)ရာစုနှစ်အထိဖြစ်သည်။) (Hutchinson History Reference မှ ကောက်နုတ်ချက်)*

မာကိုပိုလိုသည် တစ်ခါတစ်ရံ ၎င်း၏အတွေးစိတ်ကူးကို လွတ်ထွက်စေတတ်ရာ ယင်းကိစ္စကြောင့်လည်း အထိုက်အလျောက် နာမည်ပျက်ခဲ့ရသည်။ အချို့က ၎င်းသည် တရုတ်ပြည်သို့ပင် အမှန်တကယ် မရောက်ဖူးပါဟု ထောက်ပြကြသည်။ သို့သော် ဝေဖန်

သူများအနေဖြင့် အကြောင်းရပ်တစ်ခုကို လျစ်လျူရှုမိကြသည်။ ယင်းမှာ မာကိုပိုလို၏ပုံပြင်များသည် အံ့ဖွယ်ရာခေတ်ရှေ့ပြေးနေသော ဥရောပအပြင်ဘက်ကမ္ဘာနှင့် စပ်လျဉ်းပြီး သစ်လွင်သည့်နိုးကြားစိတ်ကို နှိုးဆွလိုက်နိုင်ခြင်းပင်ဖြစ်သည်။ ကူဗလေခန်သည် လူအများက ကြောက်ရွံ့တုန်လှုပ်ခဲ့ကြရသော ဂျင်ဂျစ်ခန်၏မြေးဖြစ်ပြီး ခေတ်နောက်ပြန်သည့် အရိုင်းအစိုင်းတစ်ဦး မဟုတ်သကဲ့သို့ ယဉ်ကျေးသည့်ကမ္ဘာသည်လည်း ဂျေရုစလမ်၌သာ အဆုံးမသတ်ပါလားဟု တွေးတောစရာဖြစ်လာခဲ့ပေသည်။

ကူဗလေခန်၏ ကျယ်ပြန့်လှသည့်မွန်ဂိုအင်ပါယာသည် ကုန်သွယ်ရေး ရှင်သန်ထွန်းကားလောက်သည့် တည်ငြိမ်မှုကို ပေးခဲ့ပြီး ၁၉ ရာစုနှစ် ဗြိတိန်နိုင်ငံနှင့် ၂၀ ရာစုနှစ် အမေရိကန်နိုင်ငံတို့၏ ကုန်သွယ်ရေးအခန်းကဏ္ဍ၏ ရှေ့ဆောင်လမ်းပြဖြစ်ခဲ့သည်။ ကြွယ်ဝချမ်းသာသော ဥရောပတိုက်သားတို့သည် ကုန်သွယ်ရေးအကျိုးအမြတ်များကို ခံစားခဲ့ကြရသည်။ ဟင်းခတ်အမွှေးအကြိုင်များသည် အရသာရှိရုံသာမက အစားအသောက်များကိုလည်း ပုပ်သိုးခြင်းမှ အကာအကွယ်ပေးနိုင်၏။ သို့ရာတွင် ဤကုန်သွယ်ရေးတိုးတက်မှုများနှင့်အတူ ဆိုးကျိုးများလည်း ဝင်ရောက်လာခဲ့ပေသည်။ ကပ်မည်း (The Black Death) ဟု အမည်တွင်သည့် ပလိပ်ရောဂါဆိုးကြီးသည် ၁၄ ရာစုနှစ်လယ်ပိုင်းတွင် ဥရောပ၏ လူဦးရေသုံးပုံတစ်ပုံကို သေကျေပျက်စီးစေခဲ့သည်။ ဤရောဂါကို ကုန်သွယ်ယာဉ်တန်းများနှင့် လှေသင်္ဘောများတွင် လိုက်ပါကျက်စားကြသော ကြွက်များက အာရှတိုက်မှ ဥရောပတိုက်သို့ တင်သွင်းသယ်ဆောင်လာခဲ့ကြခြင်း ဖြစ်သည်။

ဥရောပတိုက်သားများ အနေဖြင့် ဤတိုင်းတစ်ပါးပိုးကို တွန်းလှန်နိုင်သည့် ကိုယ်ခံအားမရှိခဲ့ကြပေ။ ထို့ကြောင့် အသေအပျောက် များခဲ့ရခြင်း ဖြစ်သည်။ အလားတူပင် နောက်တစ်ဖန် ၁၆ ရာစုနှစ်တွင် ဥရောပတိုက်သားများ သယ်ဆောင်လာသည့် ပိုးမွှားများကို အင်ကာလူမျိုးများနှင့် အခြားဒေသခံ အမေရိကန်လူမျိုးတို့မှ ခုခံနိုင်စွမ်းအား မရှိခဲ့ကြပေ။

ဂလိုဘယ်လိုက်ဇေးရှင်းသည် မာကိုပိုလိုဖြင့် စတင်ခဲ့ခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ဖြစ်ချင်မှလည်း ဖြစ်ပေမည်။ မည်သူမျှ သေချာပေါက် မပြောနိုင်ပါ။ ရှေးအတီတေကပင် လူများပြောင်းရွှေ့သွားလာ နေထိုင်ခဲ့ကြသည်။ သိပ္ပံပညာရှင်များက လူများအားလုံးသည် အာဖရိကတိုက်မှဆင်းသက်ခဲ့သည်ဟု ကောက်ချက်ချကြသည်။ ပညာရှင်တစ်ဦးဖြစ်သူ အန်းဒရေးဂန်ဒါဖရန့် (Andre Gunder Frank) ၏ အာဘော်အရ ဂလိုဘယ်လိုက်ဇေးရှင်းသည် နှစ် ၅၀၀၀ သက်တမ်းရှိခဲ့ပေပြီ။ ခရစ်နှစ် ၁၅၀၀တွင် ကမ္ဘာ့စီးပွားရေးသည် တစ်ခုတည်းအဖြစ် ပေါင်းစည်းခဲ့ပြီးဖြစ်ပြီး ကမ္ဘာအနှံ့ လုပ်အားခွဲဝေမှုနှင့် နိုင်ငံပေါင်းစုံကုန်သွယ်မှု ထွန်းကားခဲ့သည်ဟု သူကဆိုသည်။ ဤကိစ္စသည် မဖြစ်နိုင်ပါ။ ခရစ္စတိုဖာကိုလံဘတ်စ် (Christopher Columbus) သည် လွန်ခဲ့သည့်ရှစ်နှစ် ၁၄၉၂ ခုနှစ်ကမှ အမေရိကတိုက်ကို မတော်တဆ ရှာဖွေတွေ့ရှိထားခြင်း ဖြစ်သည်။ သို့သော်လည်း စာရေးဆရာအများအပြားက ဂလိုဘယ်လိုက်ဇေးရှင်းသည် ခရစ်နှစ် ၁၅၀၀ ဝန်းကျင်တွင် စတင်ခဲ့သည်ဟု ယူဆကြသည်။ အမေရိကတိုက်ကို ကိုလံဘတ်စ်ရှာဖွေတွေ့ရှိပြီး မကြာမီ ၁၄၉၈

ခုနှစ်တွင် ဗါစကိုဒဂါးမား (Vasco da Gama) ဆိုသူ ပေါ်တူဂီလူမျိုး စူးစမ်းလေ့လာသူတစ်ဦးသည် အာဖရိကတိုက်၏ တောင်ဘက်စွန်း ဂွဒ်ဟိုပ်အငူ (Cape of Good Hope) ကို ပတ်ပြီး ရွက်လွှင့်ခဲ့သည်။ ၎င်း၏ ကြိုးပမ်းမှုသည် အာရပ်နိုင်ငံများကို ဖြတ်သန်းရန်မလိုသည့် လမ်းလွှဲကိုအသုံးပြုပြီး အိန္ဒိယနိုင်ငံဖြင့် ကုန်သွယ်နိုင်သည့် လမ်းကြောင်းအသစ်တစ်ခုကို ပွင့်စေခဲ့သည်။ နောက်ထပ် ပေါ်တူဂီ လူမျိုး သင်္ဘောသားကစ်ဦးဖြစ်သူ ဖါဒီနန်မက်ဂယ်လန် (Ferdinand Magellan) သည် ၁၅၁၉ ခုနှစ်မှ ၁၅၂၂ ခုနှစ် ကာလတွင် ထို့ထက် သာလွန်စွာ စွမ်းဆောင်နိုင်ခဲ့ပေသည်။ မက်ဂယ်လန်သည် ကမ္ဘာ တစ်ပတ် ရွက်လွှင့်ခဲ့ပြီး အမေရိကသည် အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကိုခြားထားသည့် သီးခြားတိုက်သစ်တစ်ခုဖြစ်ပြီး အာရှတိုက်၏ တစ်စိတ်တစ်ဒေသ မဟုတ်ကြောင်းနှင့် ကမ္ဘာကြီး လုံးဝန်းကြောင်း သက်သေထူနိုင်ခဲ့ပေသည်။ ကမ္ဘာသစ်တစ်ခု လမ်းပွင့်ခဲ့ပေပြီ။

ဥရောပတိုက်သားများသည် ပင်လယ်ခရီးကို အင်တိုက် အားတိုက် နှင်ခဲ့ကြပေသည်။ ၎င်းတို့သည် ကုန်သွယ်မှုနှင့် လုယက်မှု တို့ဖြင့် ချမ်းသာကြွယ်ဝလိုကြသည်။ ထို့ပြင် ဘုရင့်အတွက် နယ်မြေ သစ်များကိုလည်းကောင်း၊ ခရစ်ယာန်ဘာသာဂိုဏ်းသို့ သိမ်းသွင်းနိုင် မည့်သူများကို လည်းကောင်း၊ ရှာဖွေရယူပြီး ထင်ပေါ်ကျော်ကြားလို ကြသည်။ Europe:A History (ဥရောပ၊ သမိုင်းဖြစ်စဉ်တစ်ခု) စာအုပ်တွင် ဗြိတိသျှသမိုင်းဆရာတစ်ဦးဖြစ်သူ နော်မန်ဒေးဗီးစ် (Norman Davies) က အဆိုပါခရီးစဉ်များသည် ဥရောပတိုက်သား

အများအပြားအား ကွဲပြားသောအမျိုးအနွယ်များမှလူများဖြင့် ပထမအကြိမ် တွေ့ဆုံခွင့်ပေးခဲ့သည်ဟူ၍ ရေးသားညွှန်ပြထားသည်ကို တွေ့ရပေသည်။ အဆိုပါလူများသည် အမှန်တကယ် လူပီသခဲ့လျှင် ဖြစ်နိုင်စရာရှိပါ၏။ ဆိုလိုသည်မှာ စပိန်ဘုရင်များသည် ၎င်းတို့အောင်နိုင်သည့်နယ်မြေများရှိ လူတို့အပေါ် ပိုင်ဆိုင်မှုကို တရားဝင်ဖြစ်စေရန် ယင်းဥရောပတိုက်သားမဟုတ်သူတို့သည် လူပီသကြောင်း သက်သေထူရသည်။ ၁၅၃၇ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီး (၃)မှ၊ အိန္ဒိယလူမျိုး (လူရိုင်း) အားလုံးသည် ကက်သလစ်ဘာသာကို လက်ခံယုံကြည်ရန် အရည်အချင်းရှိရုံသာမက လက်ခံရန် ဆန္ဒပြင်းပြကြကြောင်းနှင့် အမှန်တကယ် လူပီသကြကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ပေါ်တူဂီလူမျိုးတို့က ကူးသန်းရောင်းဝယ်ရေးကို အာရုံစိုက်ကြပြီး စပိန်လူမျိုးတို့က အောင်နိုင်မှုကို အာရုံစိုက်ကြသည်။ နယ်မြေသစ်ရှာဖွေသူများသည် အယ်လ်ဒိုရာဒို (El Dorado) တွင် အံ့မခန်းရွှေများ ရှာဖွေတွေ့ရှိမည်ဟူသည့်စိတ်ကူးဖြင့် ရူးသွပ်ကြသည်။ နောက်ပိုင်းကာလများတွင် ဒတ်ချ်လူမျိုးတို့သည် ပေါ်တူဂီလူမျိုးတို့အား အမြတ်အစွန်းများစွာရရှိစေသည့် အရှေ့အိန္ဒိယကျွန်းစုများဖြင့် ကုန်သွယ်ရေးနယ်ပယ်တွင် ဝင်ရောက်နေရာယူလာကြပြီး အင်္ဂလိပ်လူမျိုးတို့သည်လည်း မြောက်အမေရိကတိုက်သို့ ကိုလိုနီနယ်ချဲ့လာကြသည်။ အချို့က ပိုမိုကောင်းမွန်မည့် ဘဝသစ်ကို ရှာဖွေခြင်းသာဖြစ်ပြီး အချို့မှာမူ ဘာသာရေးဆိုင်ရာနှိပ်ကွပ်မှုကြောင့် ထွက်ပြေးတိမ်းရှောင်ကြခြင်းဖြစ်သည်။ ဥပမာဆိုရလျှင် ၁၆၂၀ ခုနှစ်တွင်

မက်ဆာချူးဆက်ပင်လယ်အော်တွင် ဆိုက်ကပ်ခဲ့သည့် မေဖလားဝါး သင်္ဘော (Mayflower) ပေါ်တွင်ပါလာသည့် ပျူရီတန် ခရစ်ယာန် ဝါဒီများ (The Puritans) ကဲ့သို့ဖြစ်သည်။ (မှတ်ချက်။ *Puritans* ဆိုသည်မှာ ၁၆ ရာစုနှစ်နှင့် ၁၇ ရာစုနှစ်များတွင် ပေါ်ပေါက်ခဲ့သည့် စည်းစနစ်တင်းကျပ်လွန်းသည့် ခရစ်ယာန်ဂိုဏ်းဝင်များဖြစ်သည်။ အင်္ဂလန်နိုင်ငံအုပ်ချုပ်သူတို့နှင့် ပဋိပက္ခဖြစ်မှုကြောင့် ထွက်ပြေး တိမ်းရှောင်လာပြီး မက်ဆာချူးဆက်ပြည်နယ်၌ ပလီးမောက်သ် ရော့ခ် *Plymouth Rock* ကိုလိုနီကို ထူထောင်ခဲ့ကြသည်။)

၁၆၀၀ ပြည့်နှစ်ဝန်းကျင်တွင် အပြည်ပြည်ဆိုင်ရာ ရေကြောင်း ကုန်သွယ်ရေးကဏ္ဍအနေဖြင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုရှိနေပြီ ဖြစ်သည်။ ကမ္ဘာသစ်ဖြင့် ကုန်သွယ်ရေးနယ်ပယ်တွင် စပိန်လူမျိုး တို့က ကြီးစိုးခဲ့သည်။ စယ်ဗီးလ် (Seville) သို့ ရေကြောင်းခရီးစဉ်ကို နှစ်စဉ်သင်္ဘော (၂၀၀) ဖြင့် သွားရောက်ကုန်သွယ်ခဲ့ကြရာ ၁၅၉၀ ပြည့်လွန်နှစ်များတွင် ၎င်းတို့မှ ရွှေအချိန် ကီလိုဂရမ် ၁၉၀၀၀ နှင့် ငွေအချိန် ကီလိုဂရမ် သုံးသန်း ယူဆောင်လာခဲ့ကြသည်။ အာရှတိုက် တွင် စီးပွားရေးလုပ်ငန်းများကို ပေါ်တူဂီနှင့်ဒတ်ချ်တို့က ကိုင်တွယ် ခဲ့ကြရာတွင် ဒတ်ချ်တို့က ကြားပွဲစားများအဖြစ်လည်း ဆောင်ရွက် ကြသည်။ ဥရောပတိုက်၏ ကုန်သွယ်ရေးလမ်းကြောင်းအများစုမှာ အမ်စတာဒမ်မြို့မှတစ်ဆင့် ဖြတ်သန်းခဲ့သည်။ ယင်းမြို့တွင် ကမ္ဘာ့ ပထမဦးဆုံး စတော့မားကက်ဗဟိုဌာနကို ၁၆၀၂ ခုနှစ်တွင် စတင် တည်ထောင်နိုင်ခဲ့ပေသည်။

အင်္ဂလိပ်တို့ကို **နောက်ကျသူများအဖြစ်** ကင်ပွန်းတပ်ရမည် ဖြစ်သည်။ ၁၆၀၀ ပြည့်နှစ်တွင်မှု ၎င်းတို့သည် အရှေ့အိန္ဒိယကုမ္ပဏီကို ထူထောင်ခဲ့ကြသည်။ ယင်းထူထောင်မှုသည် ယနေ့စွမ်းအားရှိလှသည်ဟုဆိုသည့် နိုင်ငံစုံကုမ္ပဏီကြီးများ၏ ရှေ့ပြေးပင်ဖြစ်သည်။ ကုမ္ပဏီတွင် ၁၆၀၂ ခုနှစ်၌ ဒတ်ချ်အရှေ့အိန္ဒိယကုမ္ပဏီပါဝင်လာပြီး၊ ၁၆၆၄ ခုနှစ်တွင် ပြင်သစ်အိန္ဒိယကုမ္ပဏီပါဝင်လာသဖြင့် အမှန်တကယ် အင်အားကြီးထွားလာခဲ့ပေသည်။ ကုမ္ပဏီကြီးသည် လက်ဘာနွန်အရှေ့ဘက်ရှိ နယ်မြေများဖြစ်သည့် အရှေ့အိန္ဒိယကျွန်းစုများဖြင့် ကုန်စည်ကုန်သွယ်ရေးမှန်သမျှကို နိုင်ငံအစိုးရခွင့်ပြုချက်ဖြင့် တစ်ဦးတည်းပိုင်ဆိုင်မှု ရယူထားခဲ့သည်။ ကုန်သွယ်ခြင်းသာမက မတရားလုယူသိမ်းပိုက်ခြင်းကိုလည်းကောင်း၊ ခံတပ်များနှင့် အခိုင်အခံ့ ပိတ်ဆို့ကာရံထားသည့် ဆိပ်ကမ်းများဆောက်လုပ်ခြင်းကိုလည်းကောင်း၊ စစ်တိုက်ခြင်းနှင့် နယ်မြေသစ်သိမ်းပိုက်ခြင်းကို လည်းကောင်း၊ ဆောင်ရွက်ခဲ့ကြသည်။ ကုမ္ပဏီကြီးသည် အိန္ဒိယနိုင်ငံတွင် အင်္ဂလိပ် (ဗြိတိသျှ) အုပ်ချုပ်ရေးကျယ်ပြန့်လာခြင်းနှင့် ယှက်နွယ်ဆက်စပ်လျက်ရှိခဲ့သည်။ ကုမ္ပဏီလူကြီးများသည် ဘုံဘေ၊ မဒရပ်စ်နှင့် ကာလကတ္တားတို့ကို ဗြိတိသျှအစိုးရကိုယ်စားအုပ်ချုပ်ပေးခဲ့ကြသည်။ ၁၇၅၇ ခုနှစ်တွင် ရောဘတ်ကလိုက်ဗ် (Robert Clive) ဆိုသူ ကုမ္ပဏီအမှုထမ်းတစ်ဦးသည် အိန္ဒိယနိုင်ငံတွင် ဗြိတိသျှအုပ်ချုပ်ရေးကို အခိုင်အမာဖြစ်စေခဲ့သည်။ ပလာဆီတိုက်ပွဲ (battle of Plassey) တွင် ဘင်္ဂါလီမြို့ဝန်၏တပ်ကို အောင်နိုင်ခြင်းဖြင့် ၎င်းသည် ငွေအမြောက်အမြား ရရှိခဲ့သည်။ ယနေ့ အက်က်ဆန်

(Exxon) ကုမ္ပဏီမှ မချင့်မရဲဖြစ်နိုင်သောက်သည့်ကိစ္စမှာ ၁၈ ရာစုနှစ်က ကုမ္ပဏီများသည် အမှန်တကယ်ပင် ကမ္ဘာ့တစ်စိတ်တစ်ဒေသကို အုပ်ချုပ်ခဲ့ကြခြင်းပင် ဖြစ်ပေသည်။

အာရှတိုက်ဖြင့် ကုန်သွယ်ရေးသည် ဥရောပ၏ ကြိုက်နှစ်သက်မှုများကို ပြောင်းလဲစေခဲ့သည်။ ဥရောပတိုက်သားများသည် ငရုတ်ကောင်း၊ ကော်ဖီနှင့် သကြားကို စွဲလမ်းနှစ်ခြိုက်လာကြသည်။ လက်ဖက်ရည်တစိမ့်စိမ့်သောက်ပြီး ကော်တွန်ချည်ထည်များကို ဝတ်ဆင်လာကြသည်။ ၎င်းတို့၏ ငွေထည်၊ လီနင်ထည် (လျှော်ဖြင့်ရက်သည့်ပိတ်) နှင့် သိုးမွေးထည်များကို အရှေ့တိုင်း ပိုးထည်၊ ကြွေထည်နှင့် ရွှေတို့ဖြင့် ဖလှယ်ကြသည်။ အမေရိကတိုက်ကို ရှာဖွေတွေ့ရှိခြင်းသည်လည်း ကြီးမားသောရိုက်ခတ်မှုကို ဖြစ်ပေါ်စေခဲ့သည်။ ပြင်သစ်ပဲတောင့်ရှည်ထက်ပိုပြီး ပြင်သစ်ဆန်တာ ဘာရှိမလဲ၊ ခရမ်းချဉ်သီးနဲ့ ပိုလင်တာထက် အီတာလျံဆန်တာ ဘာရှိမလဲ၊ အာလူးထက် အိုင်းရစ်ရှ်ဆန်တာ ဘာရှိမလဲဟူသော အမြင်များရှိသည်။ သို့ရာတွင် ဤအရာအားလုံးသည် ဆေးတံသောက်ဆေး၊ ကိုကိုး၊ ကိုကာ၊ ရော်ဘာတို့နှင့်အတူ ၎င်းတို့၏ မူရင်းဒေသဖြစ်သည့် ကမ္ဘာသစ်ဆီက ဝင်ရောက်လာကြခြင်းဖြစ်သည်။ သို့သော်လည်း တစ်လမ်းသွားစနစ်တော့ မဟုတ်ခဲ့ပါ။ ဥရောပက မာလ်ဘိုရိုကောင်းဘွိုင်၏မြင်း၊ ထို့ပြင် နံ့စေ့များဖြင့် စီမံပြုလုပ်ထားသည့် ကဲလော့ဂ်တံဆိပ် ရသာစားသောက်ဖွယ်တို့သည် ကမ္ဘာသစ်ဆီသို့ အပြန်အလှန် ဝင်ရောက်ခဲ့ကြသည်။ ဥရောပတိုက်သားတို့မှ ဦးချိုပါ ကျွဲနွား၊ သိုးနှင့်သကြားတို့ကို ကမ္ဘာ့အနောက်ခြမ်းသို့ မိတ်ဆက်တင်သွင်းခဲ့သည်။ နောင်

အခါတွင် အာဖရိကတိုက်မှ ကျွန်များကိုပါ တင်သွင်းလာခဲ့သည်။ ကျွန်ဦးရေ ၁၂ သန်းခန့် (ခန့်မှန်းခြေစာရင်းများအရ ၅သန်းမှ သန်း၂၀အကြား ကွဲပြားချက်ရှိနေသည်) ကို ၁၈၅၀ ခုနှစ်မတိုင်မီ အမေရိကတိုက်သို့ ရေကြောင်းမှသင်္ဘောများဖြင့် ပို့ဆောင်ခဲ့သည်။ အတ္တလန္တိတ် ဖြတ်ကျော်ရောဂါကူးစက်မှုသည်လည်း အလားတူပင် ရှင်သန်ခဲ့သည်။ ဥရောပတိုက်သားတို့သည် ထိုခေတ်ထိုအခါက အိတ်ဒ်စ် (AIDS) ဟုခေါ်ဆိုနိုင်သည့် ကာလသားရောဂါပိုး (Syphilis) ၏ တိုက်ခိုက်မှုဒဏ်ကို ခံခဲ့ကြရပေသည်။ ၁၉၃၀ ပြည့်လွန်နှစ်များတွင် ပင်နစ်စလင် (penicillin) ဆေး ရှာမတွေ့မီကာလအထိ ဤရောဂါကို ကုသနိုင်စွမ်းမရှိခဲ့ပေ။ ဒေသခံ အမေရိကန်လူမျိုးများသည် ကျောက်ရောဂါ၊ အဆုတ်ရောင်ရောဂါနှင့် ငန်းဖျားရောဂါတို့ကို ခံစားခဲ့ကြရသည်။ နောက်ဆုံးမှဖော်ပြရသော်လည်း အလေးထားရမည့်အချက်မှာ ဥရောပတိုက်သား အများအပြားသည် အမေရိကတိုက်နှင့် အိန္ဒိယကျွန်းစုများသို့ရွှေ့ပြောင်းပြီး ဘဝသစ်ကို ရှာဖွေခဲ့ကြ၍ ၎င်းတို့၏ယဉ်ကျေးမှုနှင့် အယူဝါဒတို့သည်လည်း ထိုဒေသများသို့ တစ်ပါတည်းရောက်ရှိခဲ့ခြင်းဖြစ်သည်။

အေဒီ ၁၆၀၀ ပြည့်နှစ်နှင့် ၁၇၅၀ ပြည့်နှစ်များအကြားတွင် ဥရောပတိုက်ရှိ အတ္တလန္တိတ်ကမ်းခြေနိုင်ငံများက ကိုလိုနီနယ်ချဲ့ရန် အလုအယက်ကြိုးစားခဲ့ကြသည်။ ၎င်းတို့၏ တတ်ကျွမ်းကြီးစိုးမှုကို အန်တုနိုင်ခြင်း မရှိခဲ့ပေ။ ၎င်းတို့တွင် ဒေသခံတို့ထက်သာလွန်သည့် သင်္ဘောများနှင့် လက်နက်များ (သေနတ်များ) ရှိခဲ့ပေသည်။ သို့ဖြစ်၍ အမေရိကတိုက်များနှင့် အာရှတိုက်တို့အကြား ဆက်သွယ်ရေးလမ်း

ကြောင်းသစ်များကို ဖော်ထုတ်နိုင်ခဲ့သော်လည်း ပင်လယ်ရေကြောင်း ခရီးသွားလာသည့်နိုင်ငံများနှင့် ဩစတြီးလျ၊ ဂျာမန်ပြည်နယ်များ စသည့် ဥရောပကုန်းမြေပိုင်း အင်အားကြီးနိုင်ငံများအကြား စည်းခြား မှု တစ်ခုရှိစေခဲ့သည်။ ဥရောပ၏ တစ်စိတ်တစ်ဒေသသည် အမြင့် ကျယ်လာသော်လည်း တစ်စိတ်တစ်ဒေသသည် ယတိပြတ်အာရုံ ကျဉ်းမြောင်းဆဲပင် ဖြစ်ခဲ့သည်။ အင်္ဂလန်နိုင်ငံအနေဖြင့် အကျိုး အမြတ်အများဆုံး ခံစားခဲ့ရသည်။ တစ်ခါက ဥရောပ၏အစွန်အဖျားရှိ ဆင်းရဲသော နိုင်ငံတစ်ခုအဖြစ်မှ ဩဇာညောင်းသည့် (ဗြိတိသျှ) ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုအင်ပါယာ၏ ဗဟိုဌာနဖြစ်လာခဲ့သည်။

အခြားယဉ်ကျေးမှုများဖြင့် ထိစပ်မှုကြောင့် ဥရောပတိုက် သားတို့အနေဖြင့် မိမိတို့အပေါ် မိမိထင်မြင်ချက် ရှုထောင့်ပြောင်း လာခဲ့ကြသည်။ မာကိုပိုလို၏စာအုပ်ကဲ့သို့ပင် ဥရောပခရီးသည်များ ၏ စာအုပ်များတွင် ကွဲပြားသော၊ ပိုကောင်းမွန်နိုင်ခြေရှိသော လုပ်နည်း ကိုင်နည်းစနစ်များကို ရေးသားတင်ပြလာကြသည်။ ယင်းစာပေများ သည် ဥရောပစာဖတ်ပရိသတ်ကို ကမ္ဘာပေါ်ရှိ ဘာသာရေး၊ ရိုးရာ ဓလေ့များနှင့် ယဉ်ကျေးမှုဆိုင်ရာ နှိုင်းယှဉ်ရှုထောင့်များပေးသည်။ ဒဿနပညာရှင် ဓမ္မဆရာများကိုလည်း ဥရောပနှင့်ခရစ်ယာန် အယူ အဆများဆိုင်ရာတို့ကို ပြန်တွေးချင့်ဆနိုင်ရန် အထိရောက်ဆုံး နည်းလမ်းများ ရရှိစေခဲ့သည်။ ဥရောပတိုက်သားများအနေဖြင့် ယိုးဒယားလူမျိုးတို့သည် ၎င်းတို့ထက် ပိုမိုပျော်ရွှင်နိုင်ခြေရှိကြောင်း၊ ဘရာမင်ပညာရှိတို့သည် ၎င်းတို့ထက် ဉာဏ်အမြော်အမြင်ပိုရှိကြောင်း၊ အီရိုကွာလူမျိုး (Iroquois-ရှေးကျသည့် အမေရိကန်လူရိုင်းများ)

တို့သည် ၎င်းတို့လောက်ပင် သွေးဆာမှုမရှိကြောင်း စသည်တို့ကို သိရှိလာရ၍ အတော်ခံရခက်ကြသည်။

မည်သို့ပင်ဆိုစေ၊ စက်မှုတော်လှန်ရေး ရောင်ခြည်သန်းလာသည်နှင့်အမျှ ဥရောပတိုက်သားတို့သည် ကမ္ဘာ့ကုန်သွယ်ရေးကို ကြီးစိုးလာကြသည်။ ဤကိစ္စသည် တရုတ်နိုင်ငံသားတို့က ဥရောပတိုက်သားတို့၏ ငွေသုံးစွဲနိုင်မှုအင်အားနှင့် တန်ရာတန်ကြေးကို ပေးခဲ့ခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ တရုတ်တို့သည် ကွန်ပါ၊ စက္ကူ၊ ပုံနှိပ်ပညာ၊ ယမ်းမှုန့်နှင့် အခြားအသုံးအဆောင်ပစ္စည်းအများအပြားတို့ကို ဥရောပတိုက်သားတို့ မတီထွင်မီ အတန်ကြာကတည်းက တီထွင်ခဲ့ကြပေသည်။ အံ့အားသင့်ဖွယ်ကောင်းသည်မှာ ၁၁ ရာစုနှစ်နှောင်းပိုင်း တရုတ်တို့၏ပန်းပဲဖိုများမှ သံကြွပ်ထုတ်လုပ်မှုပမာဏသည် ဗြိတိန်နိုင်ငံတွင် နောက်ခုနစ်ရာစုနှစ်အကြာကာလ၌ ထုတ်လုပ်မှုပမာဏနှင့် တူညီနေခြင်းပင်ဖြစ်ပေသည်။

တရုတ်တို့သည် ခရစ်နှစ် ၁၄၀၀ ဝန်းကျင်နှစ်များ၏ ကနဦးပိုင်းတွင် အိန္ဒိယသမုဒ္ဒရာအတွင်းသို့ ခြေဆန့်ခဲ့ကြသည်။ ၎င်းတို့၏ သင်္ဘောများသည် နောင်အနှစ် ၁၀၀ ခန့်တွင်မှ ဥရောပတိုက်သားများ တည်ဆောက်လာမည့်သင်္ဘောများကိုပင် သိမ်ငယ်စေသည်။ အကြီးဆုံးသင်္ဘောများမှာ အရှည်ပေ ၄၀၀၊ အကျယ်ပေ ၁၆၀ ရှိသည်။ (ကိုလံဘတ်စ်၏ ၈၅ ပေကျယ်သည့် ဆန်တာမာရီယာ (Santa Maria) သင်္ဘောနှင့် နှိုင်းယှဉ်ကြည့်စေချင်သည်)။ ထို့ပြင် တစ်ထပ်တည်းမကျအောင် စိုက်ထူထားသော ရွက်တိုင် ၉ တိုင်နှင့် အနီရောင်ပိုးစတုရန်းရွက်ထည် ၁၂ ခုပါရှိသည်။ ၁၄၀၄ ခုနှစ်နှင့် ၁၄၀၇

ခုနှစ်များကြားတွင် တရုတ်တို့သည် သင်္ဘော ၁၆၈၁ စီးခန့်ကို တည်ဆောက်ခြင်း သို့မဟုတ် ပြန်လည်မွမ်းမံခြင်း ဆောင်ရွက်ခဲ့ကြသည်။ အလယ်ခေတ် (အေဒီ ၁၅၀၀ ခန့်) ကာလ၏ ဥရောပပင်လျှင် ယင်းလိုရေတပ်ဖွဲ့ကြီးမျိုး စဉ်းစားဖော်ထုတ်နိုင်စွမ်း မရှိခဲ့ပေ။

သို့သော် ဤရေတပ်ဖွဲ့ကြီးကို ထိန်းသိမ်းရေးစရိတ်စကနှင့် ပြည်ပဖြင့် မရောနှောလိုသောခံယူချက်တို့ကြောင့် နောက်ပိုင်းတွင် တရုတ်တို့သည် ရေကြောင်းခြေဆန့်ခြင်းများကို ရပ်တန့်ခဲ့ပေသည်။ ၁၅၅၁ ခုနှစ်တွင် တရုတ်ဧကရာဇ်က ကုန်သွယ်မှုအတွက်ပင်လျှင် ရွက်ထည်များများပါသော သင်္ဘောဖြင့်ခရီးသွားခဲ့ပါက ရာဇဝတ်ပြစ်မှုအဖြစ် သတ်မှတ်သည်။ ဥရောပတိုက်သားများက တရုတ်ရေပြင်သို့ စွန့်စားလာရောက်ကြသည့်အခါ၌ပင် တရုတ်တို့သည် သီးခြားစနစ်ကို စွန့်ခွာခြင်းမရှိခဲ့ပါ။ ဥရောပဆိပ်ကမ်းတစ်ခုသို့ ပထမဦးဆုံးအကြိမ် ဆိုက်ကပ်ခဲ့သည့် တရုတ်သင်္ဘောမှာ လန်ဒန်မြို့တွင် ၁၈၅၁ ခုနှစ်၌ ကျင်းပခဲ့သည့် စက်မှုနည်းပညာပြပွဲကြီး (The Great Exhibition) သို့ လာရောက်သည့် သံတမန်သင်္ဘောပင်ဖြစ်သည်။ *(မှတ်ချက်။ အဆိုပါပြပွဲကြီးကို ဝိတိုရိယဘုရင်မကြီး၏ခင်ပွန်းဖြစ်သူ အဲလ်ဗတ်မင်းသားက ကြီးမှူးကျင်းပခဲ့ပြီး လန်ဒန်မြို့တွင် ၁၈၅၁ ခုနှစ် မေလ ၁ ရက်နေ့မှ စက်တင်ဘာလ ၁၈ ရက်နေ့အထိ ကျင်းပခဲ့သည်။ ဗြိတိန်နှင့် ဥရောပ၏ နောက်ဆုံးပေါ်စက်မှုနည်းပညာများ ပြပွဲဖြစ်သည်)*။ မည်သည့်အကြောင်းကြောင့် တရုတ်တို့သည် ယခင်က မလာခဲ့သနည်းဟု မေးမြန်းစရာရှိပေသည်။ အမေရိကန် သမိုင်းဆရာ ဒေးဗစ်လန်းဒေး (David Landes) ၏ ထူးခြားအောင်မြင်သည့်

The Wealth and Poverty of Nations: Why Some Are So Rich And Some So Poor (နိုင်ငံများ၏ ကြွယ်ဝမှုနှင့်ဆင်းရဲမှု အဘယ်ကြောင့် အချို့နိုင်ငံများသည် အလွန်ချမ်းသာပြီး အချို့နိုင်ငံများသည် အလွန်ဆင်းရဲနေရသနည်း) ဆိုသည့်စာအုပ်တွင် စာရေးသူမှ ကျိုးကြောင်းပြထားသည်မှာ တရုတ်တို့သည် မိမိတို့ကိုယ်ကို မိမိအထင်ကြီး စိတ်ချသည်။ မိမိတို့၏ သာလွန်မှုကို တစ်ထစ်ချယုံကြည်သည့်အလျောက် ကမ္ဘာ၏ ကျန်အစိတ်အပိုင်းကို စူးစမ်းလိုစိတ်မရှိခဲ့ခြင်း ဖြစ်သည်။ ဥရောပတိုက်သားတို့က လောဘရမ္မက်ကြောင့် လှုပ်ရှားသွားလာနေကြသော်လည်း တရုတ်တို့က ကုန်သွယ်ရေးအောင်မြင်မှုကို ရှုံ့ရှာခဲ့ကြသည်။ တရုတ်တို့သည် တံခါးပိတ်ဝါဒကို အပြည့်အဝခံယူကျင့်သုံးသည်။ ဝိုင်းစက်၊ ပြည့်စုံ၊ တည်ငြိမ်သည့်အသွင်အပြင်၊ ပြစ်တင်ပြောဆိုဖွယ်ရာမရှိသည့် ညီညွတ်မှုတို့ဖြင့် ဤမြင့်မြတ်သည့် အင်ပါယာကြီးသည် ပြင်ပမှထိုးဖောက်ဝင်ရောက်နိုင်မှုမရှိဘဲ တည်ငြိမ်အေးဆေးစွာဖြင့် နှစ်ရာပေါင်းများစွာ သီးခြားခရီးဆက်ခဲ့သည်။ သို့သော်လည်း ကမ္ဘာကြီးက ၎င်းကိုသတိထားမိခဲ့ခြင်း မရှိပေ။ တရုတ်နိုင်ငံအနေဖြင့် တံခါးပိတ်ဝါဒမှ ပြန်ထွက်လာသည့်အချိန်တွင်မူ အမေရိကနှင့် ဥရောပတို့ထက် အတော်အတန်နောက်ကျနေသည်သာမက တရုတ်လူမျိုးတို့ အထင်သေးခဲ့ကြသည့် အိမ်နီးချင်းနိုင်ငံအများစုထက်ပင် နောက်ကျနေခဲ့ပြီဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ ၁၇၇၀ ပြည့်နှစ်ဝန်းကျင်တွင် စက်မှုတော်လှန်ရေး အရှိန်ယူစတင်ချိန်၌ ဂလိုဘယ်လိုက်ဇေးရှင်းသည် ခရီးအတော်ရောက်နေခဲ့ပြီ ဖြစ်သည်။ သို့သော် အချို့သော စီးပွားရေး

သမိုင်းပညာရှင်များက အယူအဆကွဲပြားကြဆဲပင် ဖြစ်သည်။ ၁၆၊ ၁၇ နှင့် ၁၈ ရာစုနှစ်များတွင် ကမ္ဘာ့ကုန်သွယ်ရေး ထွန်းကားခဲ့သည်ဆိုခြင်းကို ကယ်ဗင်အိုရွတ်ခ် (Kevin O'Rourke) နှင့် ဂျက်ဖရီဝီလျမ်ဆန် (Jeffrey Williamson) တို့က အငြင်းမပွားကြပါ။ ၎င်းတို့က အဆိုပါကုန်သွယ်ရေးသည် တစ်နှစ်လျှင် တစ်ရာခိုင်နှုန်းကျော်ရုံခန့် တိုးပွားခဲ့သည်ဟု ခန့်မှန်းကြသည်။ တစ်ရာခိုင်နှုန်းဆိုသည်မှာ လျင်မြန်မှုရှိသည်ဟု မထင်ရသော်လည်း စီးပွားရေးကဏ္ဍတစ်ခုလုံး၏ တိုးပွားမှုထက် ပိုမိုလျင်မြန်သည်ဟု ဆိုရမည်ဖြစ်သည်။ နည်းပညာထွန်းကားမှု (စီးပွားရေးထွန်းကားမှု အပါအဝင်) သည်ထိုခေတ်က နှေးကွေးလှသည်။ မည်သို့ပင်ဆိုစေ၊ ကုန်သွယ်ရေးတိုးပွားမှုကို ဂလိုဘယ်လိုက်ဇေးရှင်းဟု ကင်ပွန်းတပ်ကောက်ချက်မချနိုင်ပါ။ အစစ်အမှန် ကမ္ဘာ့ဈေးကွက်တစ်ခုတွင် ကုန်စည်များကို ကမ္ဘာပတ်ပြီး သယ်ဆောင်သည့်စရိတ်စကမှာ အနည်းအကျဉ်းမျှသာရှိပြီး သွင်းခွန်လည်း မပေးဆောင်ရပေ။ ဥပမာ - ငရုတ်ကောင်းဆိုပါစို့ နေရာတိုင်းတွင် ငရုတ်ကောင်းဈေးနှုန်းမှာ အတူတူပင်ဖြစ်ရပါမည်။ ငရုတ်ကောင်းတင်သွင်းခြင်းမှ အမြတ်အစွန်းများများရနေခြင်းမှာ အရှေ့အာရှမှ ငရုတ်ကောင်းကို ဈေးသက်သက်သာသာဖြင့် ဝယ်ယူရရှိပြီး ဥရောပဈေးကွက်တွင် ဈေးများများဖြင့်ရောင်းချနိုင်၍ ဖြစ်သည်။ပညာရှင်များ၏ ကျိုးကြောင်းပြဆွေးနွေးချက်အရ ဂလိုဘယ်လိုက်ဇေးရှင်းသာ ရှိနေခဲ့ပြီဆိုလျှင် ဥရောပနှင့် အရှေ့အာရှအကြား ငရုတ်ကောင်းဈေးနှုန်းကွာဟမှုသည် ကျဉ်းမြောင်းရပေမည်။ သို့မှသာ တစ်ခုတည်းသော ကမ္ဘာ့ဈေးကွက်သို့ ချဉ်းကပ်လာမည်ဖြစ်သည်။ သို့သော်လည်း

ယင်းကဲ့သို့ ဖြစ်မလာခဲ့ပါ။ အဘယ်ကြောင့်နည်း။ ကုန်သွယ်မှုသည် အခမဲ့မဟုတ်သောကြောင့်ဖြစ်သည်။ ရေကြောင်းဖြင့် ကုန်စည် သယ်ဆောင်ခ ကျဆင်းလာခြင်းသည်ပင် မြင့်မားသည့်သွင်းခွန်များ ကြောင့် အကျိုးသက်ရောက်မှုမရှိခဲ့ပေ။ ကုန်သွယ်ရေးကိုလည်း အရှေ့အိန္ဒိယကုမ္ပဏီကဲ့သို့ နိုင်ငံအစိုးရ ကမကထပြုသည့် မိုနိုပိုလီ ကုမ္ပဏီကြီးများကသာ ကြီးစိုးလျက်ရှိခဲ့သည်။ ယင်းသို့ဆိုလျှင် ကုန်သွယ်ရေး ဘာ့ကြောင့်တိုးတက်ခဲ့သနည်း။ ရံဖန်ရံခါတွင် ချမ်းသာ ကြွယ်ဝသည့် ဥရောပတိုက်သားကြီးများသည် ပိုမိုချမ်းသာလာလျက် ရှိပြီး ပြည်ပမှဇိမ်ခံပစ္စည်းများကို ဝယ်ယူနိုင်စွမ်းရှိခဲ့ကြ၍ ဖြစ်သည်။ ရံဖန်ရံခါလည်း အာရှတိုက်မှ ကုန်စည်ဝင်ရောက်မှုပမာဏ ကြီးထွား လာသဖြင့် ဈေးနှုန်းများကျဆင်းလာခြင်းကြောင့် ဖြစ်သည်။ ၁၄၉၂ ခုနှစ် နောက်ပိုင်းတွင် ကုန်သွယ်ရေးဟန့်တားမှုများနှင့် ကမ္ဘာလုံး ဆိုင်ရာကုန်သွယ်ရေးကို ဆန့်ကျင်သည့် ခံယူချက်သဘောထားတို့ ရှိခဲ့သော်ငြားလည်း ကမ္ဘာ့ကုန်သွယ်ရေး ထွန်းကားခဲ့သည်။ ဤ ဆန့်ကျင်မှုများသာမရှိခဲ့လျှင် ထို့ထက်ပင် ထွန်းကားခဲ့ပေမည်ဟု အိုရွတ်ခ်နှင့် ဝီလျမ်ဆန်တို့က သုံးသပ်ခဲ့ကြသည်။

ဤကိစ္စရပ်သည် စကားရည်လုရန် စိတ်ဝင်စားဖွယ်ရာ ကောင်းသည့် အတတ်ပညာရပ် ခေါင်းစဉ်တစ်ခုဖြစ်သော်ငြားလည်း ကျဉ်းမြောင်းသည့်ခေါင်းစဉ်တော့ ဖြစ်နေပေသည်။ ကိုလံဘတ်စ် အမေရိကတိုက်သို့ ရောက်ရှိခဲ့ပြီးနောက် နှစ်သုံးရာအကြာတွင် ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်မလာသေးဟု တိကျသည့် စီးပွားရေး ပညာ သတ်မှတ်ချက်များအရ ဆိုနိုင်သော်လည်း ကမ္ဘာကြီးမှာ

အမှန်တကယ် ပေါင်းစည်းလာလျက် ရှိနေခဲ့ပေသည်။ ၁၅၂၀ ခုနှစ် အထိ လူတို့သည် ကမ္ဘာကြီးလုံးသည်ဟုပင် အသေအချာမသိခဲ့ကြပါ။ ၁၈၀၀ ပြည့်နှစ်ခန့်တွင်၊ အမေရိကတိုက်၌ ဥရောပတိုက်သားများ အခြေချနေထိုင်လာကြသည်။ အိန္ဒိယနိုင်ငံသည် ဗြိတိသျှ အုပ်ချုပ်မှုအောက်တွင် ဖြစ်သည်။ သမုဒ္ဒရာများတွင်လည်း တိုက်တစ်ခုနှင့်တစ်ခုအကြား လူများ၊ ကုန်စည်များ၊ အတွေးအခေါ်များနှင့် ရောဂါပိုးများကို သယ်ဆောင်ပေးနေသည့် သင်္ဘောများသည် ယခင်ကမကြုံစဖူး တိုးပွားလာခဲ့သည်။ ကုန်စည်ဈေးနှုန်းများ ပေါင်းစည်းလျော့နည်းလာမှုမရှိသော်လည်း ဝေးလံသည့် ဒေသများ အကြား ဆက်သွယ်မှုလမ်းကြောင်းများ တိုးပွားလာလျက်ရှိခဲ့သည်။ သို့ရာတွင် အိုရွက်ခ်နှင့် ဝီလျမ်ဆန်တို့အနေဖြင့် မှန်ကန်စွာတွေးဆနိုင်သည့် အချက်တစ်ချက်ရှိသည်။ ယင်းမှာ နောက်ပိုင်းကာလ အဖြစ်အပျက်များသည် အလှည့်အပြောင်း ပိုမိုများသည်ဟူသည့် အချက်ပင် ဖြစ်သည်။

## အချိန်ကျလာသည့် အတွေးအခေါ်တစ်ခု

ဘုရင်များနှင့် ပညာရှင်များသည် ကုန်သွယ်ရေး၏ အကျိုးအမြတ်ကို သိရှိနားလည်ခဲ့သည်မှာ ကြာညောင်းပေပြီ။ သို့သော် လူဦးရေအနည်းစုတို့ကသာ လွတ်လပ်သောကုန်သွယ်ရေးကို အားသန်ခဲ့ကြသည်။ အမျိုးအစားခွဲခြားပြောရမည်ဆိုလျှင် ၎င်းတို့သည် တစ်ဘက်သတ် ကုန်သွယ်ရေးကိုသာ ယုံကြည်မှုရှိကြသူများ ဖြစ်ပြီး ၎င်းတို့အနေဖြင့် ထွက်ကုန်သည် ကောင်းမွန်ပြီး သွင်းကုန်

သည် အကျိုးမရှိလှဟု ယုံကြည်ကြသူများဖြစ်သည်။ ထွက်ကုန်ကောင်းမွန်သည်ဆိုခြင်းမှာ ကုန်သွယ်မှုမှ အမြတ်အစွန်းရရှိစေပြီး ရွှေ သို့မဟုတ် နိုင်ငံခြားငွေကို ရရှိစေ၍ဖြစ်သည်။ စက်ရုံထွက်ကုန်ချောပစ္စည်းများသည် ထပ်ဆင့်တန်ဖိုးကို တိုးပွားစေ၍ ကောင်းမွန်သည်ဟု ခံယူချက်ရှိကြသည်။ သွင်းကုန်များသည် နိုင်ငံ၏ အရင်းအမြစ်များကို ကုန်ခန်းစေသည်၊ ပြည်တွင်းလုပ်ငန်းများ၏ တည်ငြိမ်မှုကိုခြိမ်းခြောက်သည်၊ ထို့ပြင် နိုင်ငံတစ်ခု၏ နိုင်ငံခြားသားအပေါ် မှီခိုအားထားမှုကို တိုးပွားစေပြီး နိုင်ငံအင်အားကို လျော့နည်းစေသည် ဟူသော ယူဆချက်တို့ကြောင့် ကောင်းမွန်ခြင်းမရှိဟု သတ်မှတ်ကြသည်။ အထူးသဖြင့် စက်ရုံထွက်သွင်းကုန်များမှာ မသင့်မြတ်ဟု မှတ်ယူထားကြသည်။ သို့ဖြစ်၍ နိုင်ငံအစိုးရများအနေဖြင့် ကုန်သည်များ၏ လှုပ်ရှားမှုများသည် အမျိုးသားရေးကိုအကျိုးပြုဖို့ သေချာစေရန် ကုန်သွယ်ရေးစည်းမျဉ်းများ သတ်မှတ်ပေးရန် လိုအပ်ချက်ရှိလာခဲ့သည်။ စာဖတ်သူအနေဖြင့် ဤကိစ္စမျိုး ကြားဖူးသလို ရှိပါလိမ့်မည်။ အကြောင်းမလှသော်လည်း မှန်ပါသည်။ ယနေ့ခေတ်ရေစီးကြောင်းမှ အထင်ကရ နိုင်ငံရေးသမားနှစ်ဦးခန့်ကို အမည်တပ်ဖော်ပြရလျှင် ဘီလ်ကလင်တန် (Bill Clinton) နှင့် လိုင်အိုနယ်ဂျော့စပင် (Lionel Jospin) တို့သည်ပင် တစ်ဘက်သတ် ကုန်သွယ်ရေးစနစ်တစ်ခုခုကို တော့ ကျင့်သုံးကြသည်။ အခြားလုပ်ငန်းရှင်ကြီးများလည်း အလားတူပင် ဖြစ်သည်။ ဥပမာပြောရလျှင် အမေရိက၏ ကလိုက်ဒ်ပရက်စတိုးဝိဒ်ဇ် (Clyde Prestowitz) သို့မဟုတ် လက်စတာသူးရိုး (Lester Thurow)၊ ထို့ပြင် ဘယ်သလေဟမ်သံမဏိ၏ ဟန့်က်ဘားနက် (Bethlehem Steel's Hank Barnette) စသည်တို့ ဖြစ်ကြသည်။

တစ်ဘက်သတ်ကုန်သွယ်ရေးဆိုင်ရာ ဈေးရိုးစွဲအတွေးအခေါ် အပေါ် မေးခွန်းထုတ်သူများထဲတွင် ရှေ့တန်းကပါဝင်သူတစ်ဦးမှာ သမိုင်းက မမေ့သင့်ဘဲမေ့ထားသည့် ဟင်နရီမာတင် (Henry Martyn) ဖြစ်သည်။ သူရေးသားသည့် Considerations upon the East India Trade (1701) (အရှေ့အိန္ဒိယကုန်သွယ်ရေးဆိုင်ရာ အတွေးအခေါ်များ) စာအုပ်တွင်၊ စက်ရုံကုန်ထုတ်လုပ်မှုများအတွက် အလုပ်ခန့်ထားရာတွင် အရှေ့အိန္ဒိယကျွန်းစုများမှ အလားတူ ပစ္စည်းများကိုရယူရန် လိုအပ်သည့်အရေအတွက်ထက် ပိုမိုခန့်ထား ပါက လူအများကို အကျိုးမဲ့စွာခန့်ထားရာရောက်သကဲ့သို့ အဆိုပါ လုပ်သားများ၏ လုပ်အားကို ဘုရင့်နေပြည်တော်အတွက် အကျိုးရှိ မည့် (အခြား) နေရာတွင် အသုံးချနိုင်ခွင့်ကိုပါ ဆုံးရှုံးစေသည်ဟု မာတင်က ညွှန်ပြရေးသားခဲ့သည်။

သို့သော် မာတင်၏ သွက်လက်သောစကားလုံးများကို နားဝင်သူ မရှိခဲ့ပါ။ အဒမ်စမစ် (Adam Smith) ဆိုသူ စကော့လူမျိုး နိုင်ငံရေးဒဿနပညာရှင်က နောင် ၇၅ နှစ်တွင် ၎င်း၏ The Wealth of Nations (1776) (နိုင်ငံများ၏ချမ်းသာကြွယ်ဝမှု) စာအုပ်ဖြင့် အောင်မြင်မှု ပိုမိုရရှိခဲ့သည်။ တစ်ကယ်တမ်းပြောရပါက စမစ်သ်၏ ရေးသားချက်တစ်ခုမှ အသစ်အဆန်းမဟုတ်ခဲ့ပါ။ သို့သော်လည်း ၎င်းသည် ကုန်သွယ်ရေးမူဝါဒကို ဆန်းစစ်သည့် စနစ်ကျသွက်လက် သည့် မူဘောင်တစ်ခုကို တင်ဆက်နိုင်ခဲ့သည်။ စမစ်သ် ကျိုးကြောင်း ပြရေးသားချက်အရ ပြည်တွင်းစက်မှုလုပ်ငန်းများကို အကာအကွယ် ပေးခြင်းသည် ယှဉ်ပြိုင်မှုကို ကျဆင်းစေသည်၊ ကုန်ဈေးနှုန်းများ

မြင့်တင်ရန် အခွင့်အလမ်းပေးသည်၊ တာဝန်ပေါ့လျော့မှုနှင့် အုပ်ချုပ်ရေးညံ့ဖျင်းမှုကို ဖြစ်ပေါ်စေသည်ဟူ၍ ဖြစ်သည်။ ပြည်တွင်း စက်မှုလုပ်ငန်းကို အကာအကွယ်ပေးခြင်းသည် ယင်းလုပ်ငန်းကို အကျိုးဖြစ်ထွန်းစေသည်ဟု တစ်ဘက်သတ်ကုန်သွယ်စနစ် နှစ်သက်သူများ၏ ခံယူချက်ကို စမစ်သ်လက်ခံသည်။ သို့သော် ယင်းသည် လူ့အသိုင်းအဝန်းကို ထိပါးလာမည်ဟု သူကဆိုသည်။ အကယ်၍ ကုန်စည်တစ်မျိုးကို မိမိတို့နိုင်ငံအတွင်း ထုတ်လုပ်မှုထက် စရိတ်စကသက်သာစွာ နိုင်ငံခြားတိုင်းပြည်တစ်ခုမှ ထုတ်လုပ်နိုင်သည်ဆိုပါက အားသာစွာအသုံးပြုထားသည့် မိမိတို့စက်မှုလုပ်ငန်း၏ ထွက်ကုန်တစ်စိတ်တစ်ဒေသဖြင့် လဲလှယ်ဝယ်ယူသင့်သည်ဟု စမစ်သ်ကဆိုသည်။ ၎င်းဆက်လက်တင်ပြသည်မှာ၊ လွတ်လပ်သော ကုန်သွယ်ရေးသည် လူ့အသင်းအဖွဲ့၏ အရင်းအမြစ်များကို အကောင်းဆုံးနေရာချပေးသည်။ သွင်းကုန်စည်းမျဉ်းများသည် ဤပုံစံကို ယိုယွင်းစေပြီး ထိုမှတစ်ဖန် အမျိုးသားဝင်ငွေကိုလည်း လျော့နည်းစေသည်။ သို့ဖြစ်၍ နိုင်ငံတစ်ခု၏စက်မှုလုပ်ငန်းသည် ပိုပြီးအကျိုးရှိမည့်အလုပ်ခန့်ထားမှုဖြစ်မည့်အစား အကျိုးနည်းသည့်အလုပ် ခန့်ထားမှုဖြစ်လာပေမည်။ ၎င်း၏ နှစ်စဉ်ထုတ်ကုန်ဖလှယ်မှုတန်ဖိုးသည်လည်း တိုးပွားလာမည့်အစား ဥပဒေချမှတ်သူ၏ ရည်ရွယ်ချက်နှင့်အညီ စည်းမျဉ်းတစ်ခုချမှတ်လိုက်တိုင်း ယင်းတန်ဖိုးသည် ပျက်ပြယ်လာပေလိမ့်မည်။

ထို့ပြင် လွတ်လပ်သော ကုန်သွယ်ရေးသည် ဈေးကွက်ပမာဏကို ကြီးထွားစေခြင်းဖြင့် လုပ်အားခွဲဝေမှုအတွက် အခွင့်

အလမ်းပေးသည်။ ထိုမှတစ်ဆင့် အထူးပြုမှုများရှိလာ၍ ကုန်ထုတ်စွမ်းအားတိုးပွားလာသည်။ ကုန်ထုတ်လုပ်မှုနည်းလမ်းသစ်များနှင့် လုပ်ငန်းအလေ့အကျင့်များဆိုင်ရာ ဗဟုသုတဖလှယ်ရန်လည်း အားပေးသည်။ စမစ်သ်၏ နိဂုံးချုပ်သုံးသပ်ချက်အရ တစ်ဘက်သတ်ကုန်သွယ်စနစ်သည် အမျိုးသားအကျိုးကိုဘန်းပြပြီး မိမိတို့၏လုပ်ငန်းများမှ အကျိုးထူးရရှိစေရန် ပူးပေါင်းကြံစည်မှုတစ်ခုသာဖြစ်၍ အရေးမထားလောက်ကြောင်း၊ ထုတ်လုပ်မှုအားလုံး၏ တစ်ခုတည်းသောပန်းတိုင်နှင့်ဦးတည်ချက်မှာ စားသုံးမှုပင်ဖြစ်ကြောင်း၊ သို့သော်လည်း တစ်ဘက်သတ်ကုန်သွယ်စနစ်တွင် စားသုံးသူ၏အကျိုးမှာ ထုတ်လုပ်သူ၏အကျိုးအတွက် စတေးခံရစမြဲဖြစ်လျက်ရှိနေကြောင်း သူက ထောက်ပြသည်။

ဤအရေးအသားသည် အားအင်ရှိသဖြင့် တစ်ဘက်သတ်ကုန်သွယ်ရေးစနစ်ကို တော်လှန်ရန်အစပျိုးလိုက်သည်ဟု ဒေါက်ဂ်အာဝင် (Doug Irwin) က Against the Tide: An Intellectual History of Free Trade (1994) (ဒီရေကိုဆန်ခြင်း၊ လွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ သဘောသဘာဝသမိုင်း) တွင် ဆွေးနွေးတင်ပြထားသည်။ ၁၉ ရာစုနှစ်ဦးပိုင်းတွင် အင်္ဂလိပ်လူမျိုး သုံးဦးဖြစ်သည့် ဂျိမ်းစ်မီးလ် (James Mill)၊ ရောဘတ်တောရင်း (Robert Torrens) နှင့် ဒေးဗစ်ရီကာဒို (David Ricardo) တို့က စမစ်သ်၏အဆိုကို အရေးကြီးသည့်အားဖြည့်မှု ပြုကြသည်။ စမစ်သ်၏ ကျိုးကြောင်းပြတင်ပြချက်အရ နိုင်ငံများသည် နိုင်ငံခြားသားများက ထုတ်လုပ်မှုပိုတော်သည့် ကုန်စည်များကို တင်သွင်းသင့်သည်။ ဤသို့ဆိုလျှင်

နိုင်ငံတစ်ခုသည် ကုန်ထုတ်လုပ်မှုအားလုံးတွင် အခြားနိုင်ငံထက် ပိုသာနေပါက မည်သို့ဆောင်ရွက်ရမည်နည်း။ ကုန်သွယ်ရေးမှ အကျိုးအမြတ်ရရှိဦးမည်ပင် ဖြစ်သည်ဟု မီးလ်ကဆိုပါသည်။ နိုင်ငံများအနေဖြင့် သီးခြားသာသည့် ကုန်ထုတ်လုပ်မှုအစား နှိုင်းယှဉ်သာသည့် ကုန်ထုတ်လုပ်မှုဖြစ်ထွန်းသည့် ကုန်စည်တို့ကိုသာ အထူးပြု ထုတ်လုပ်သင့်သည်။ တစ်နည်းဆိုသော် ၎င်းတို့မှ အကောင်းဆုံး ထုတ်လုပ်နိုင်သည်ကိုသာ အထူးပြုထုတ်လုပ်ပြီး သာရုံမျှ သာသည့် ကုန်စည်တိုင်းကို မထုတ်လုပ်သင့်ပါ။ ဥပမာ - တိုက်ဂါးဝုဒ် (Tiger Woods) သည် ဂေါက်သီးကစားရာတွင် ထူးချွန်သကဲ့သို့ ဥယျာဉ်ပြုစုရာတွင်လည်း ကျွမ်းကျင်သည် ဆိုပါစို့။ ၎င်းအနေဖြင့် ဂေါက်ကွင်းမြက်ခင်းစိမ်းမှာသာ အသက်မွေးဝမ်းကြောင်းပြုသင့်ပြီး ၎င်း၏ ဥယျာဉ်ကိုပြုစုပေးရန် အခြားသူတစ်ဦးကို အခကြေးငွေပေးပြီး စေခိုင်းသင့်ပါသည်။ ၎င်း၏နှိုင်းယှဉ်အားသာမှု၊ ၎င်းအကောင်းဆုံး လုပ်ဆောင်နိုင်မှုသည် ဂေါက်သီးရိုက်ခြင်းသာ ဖြစ်သည်။

The Principles of Political Economy and Taxation (1817)(နိုင်ငံရေးဆက်နွယ်စီးပွားရေးနှင့် အခွန်ကောက်ခံရေးမူများ အကြောင်း) စာအုပ်တွင် ရီကာဒိုဖော်ပြထားသည့် ယင်းထိုးထွင်း အမြင်ကြောင့် ရီကာဒိုအား အသိအမှတ်ပြုခဲ့ကြသည်။ ထိုစာအုပ်တွင် ၎င်း၏ ထင်ရှားသောဥပမာအဖြစ် ပေါ်တူဂီနှင့်အင်္ဂလန်နိုင်ငံတို့ အကြား ဝိုင်နှင့်ပိတ်စများ လဲလှယ်မှုကို ဖော်ပြထားသည်။ သို့သော် ဂျိမ်းစ်မီးလ်မှ ၎င်း၏ Elements of Political Economy (1821) (နိုင်ငံရေးဆက်နွယ်စီးပွားရေး၏ အင်္ဂါအစိတ်အပိုင်းများ) စာအုပ်တွင် ဤအကြောင်းအရာကို ပိုမိုရှင်းလင်းစွာ ဖော်ပြထားသည်။

"နိုင်ငံတစ်ခုသည် ကုန်စည်တစ်ခုကို တင်သွင်းနိုင်သည် သို့မဟုတ် ပြည်တွင်း၌လည်း ထုတ်လုပ်နိုင်သည်ဆိုပါစို့။ ထိုနိုင်ငံ အနေဖြင့် ပြည်တွင်းထုတ်လုပ်မှုစရိတ်နှင့် ပြည်ပမှဝယ်ယူသည့် စရိတ်ကို နှိုင်းယှဉ်ကြည့်ပြီး ဝယ်ယူစရိတ်သည် ထုတ်လုပ်စရိတ်ထက် သက်သာနေပါက ထိုကုန်စည်ကို တင်သွင်းသည်။ နိုင်ငံတစ်ခု၏ ပြည်ပမှ ကုန်စည်တင်သွင်းစရိတ်သည်အဆိုပါ ပြည်ပနိုင်ငံတွင် ထုတ်လုပ်မှု ကုန်ကျစရိတ်အပေါ် မူတည်မှုမရှိဘဲ မိမိနိုင်ငံမှ အပြန် အလှန်တင်ပို့သည့် ကုန်စည်ထုတ်လုပ်မှု ကုန်ကျစရိတ်ပေါ်တွင် လည်းကောင်း၊ အဆိုပါ ကုန်စည်ကို မတင်သွင်းဘဲ မိမိနိုင်ငံတွင် ထုတ်လုပ်ပါက ကုန်ကျမည့်စရိတ်ပေါ်တွင် လည်းကောင်း မူတည် လျက်ရှိသည်။"

မီးလ်ထပ်ပြောသည်မှာ ကုန်ပစ္စည်းတစ်ခုကို အခြား ကုန်ပစ္စည်းတစ်ခုဖြင့် ဖလှယ်ရာတွင် အကျိုးအမြတ်ရရှိမှုသည် ပေးလိုက်သည့်ကုန်ပစ္စည်းပေါ်တွင် မူတည်မှုမရှိဘဲ လက်ခံရရှိသည့် ကုန်ပစ္စည်းပေါ်တွင် မူတည်မှုရှိသည်ဟု ဆိုပါသည်။ အတိုချုပ်ဆိုရ သော် ထုတ်ကုန်များသည် ၎င်းတို့ ပင်ကိုယ်တန်ဖိုးရှိသည်ထက် လိုအပ်သည့်သွင်းကုန်များ ရယူနိုင်ရန်အတွက် ကုန်ကျစရိတ်ပင် ဖြစ်သည်။

ဤလွတ်လပ်သည့် ကုန်သွယ်ရေး သဘောသဘာဝသမိုင်း ကို တစ်ချက်အမြန်ကြည့်ရှုခြင်းသည် လိုရင်းမှသွေဖည်ခြင်းမဟုတ်ပါ။ စမစ်သ်၊ မီးလ်နှင့် ရီကာဒိုတို့သည် လွတ်လပ်သောကုန်သွယ်ရေး၏ ကောင်းကျိုးများကို ဗြိတိသျှနိုင်ငံရေးသမားများ သက်ဝင်ယုံကြည်

လာစေရန် အထောက်အကူပြုခဲ့သည်။ လွတ်လပ်သောကုန်သွယ်ရေးစနစ်သို့ ဗြိတိန်နိုင်ငံမှ တစ်ဦးတည်း လှမ်းချီလှုပ်ရှားမှုသည် ဂလိုဘယ်လိုက်ဇေးရှင်း၏ ကနဦး လှိုင်းလုံးကြီးကို နှိုးထစေခဲ့ပြီး ယင်းလှိုင်းလုံးကြီးသည် ၁၈၂၀ ခုနှစ်ခန့်မှ ၁၉၁၄ ခုနှစ်အထိ ကြာရှည်ခံခဲ့ပေသည်။

## ဂလိုဘယ်လိုက်ဇေးရှင်း အရှိန်အဟုန်မြင့်တက်လာခြင်း

ကုန်စည်များ၊ လူများနှင့် ငွေကြေးများသည် ၁၉ ရာစုနှစ်တွင် ယခင်ကာလများနှင့်မတူ ကမ္ဘာအနှံ့ပတ်ကာသွားလာလျက်ရှိသည်။ နိုင်ငံရေးအတွေးအခေါ်များနှင့် ယဉ်ကျေးမှုဟန်ပန်များသည်လည်း အလားတူပင်ဖြစ်သည်။ ၁၇၈၀ ခုနှစ်တွင် အဆင့်အမြင့်ဆုံး ပညာတတ်ပင်လျှင် လူများနေထိုင်သည့်ကမ္ဘာကြီးအကြောင်းကို တစ်စိတ်တစ်ဒေသ (ကွက်ကြား) မျှသာ သိခဲ့သည်။ (ဗြိတိသျှသမိုင်းပညာရှင် အဲရစ်ခ်ဟော့ဘ်စဘောမ် (Eric Hobsbawm) ၏အဆိုအရ ထိုအချိန်က ပထဝီဗဟုသုတ အနေအထားသည် ကမ္ဘာတစ်ခုတည်းရှိခြင်းကိုပင် မသိခဲ့ကြပါ)။ လူအများစုသိရှိသည့်ကမ္ဘာသည် ၎င်းတို့ မွေးရပ်ဇာတိ ပတ်ဝန်းကျင်မိုင်အနည်းငယ်အတွင်းမျှသာ ဖြစ်သည်။ နောက်ရာစုနှစ်တစ်ခုအကြာတွင် ကမ္ဘာတစ်ခုလုံးလိုလို၏ အကြောင်းကိုသိရှိလာကြသည်။ မြေပုံများလည်း ဆီလျော်စွာရေးဆွဲပြီးဖြစ်လာသည်၊ မီးရထားလုပ်ငန်းနှင့် ကြေးနန်းလုပ်ငန်းတို့မှလည်း ထိုးဖောက်ဝင်ရောက်ကာစ ပြုလာခဲ့ပြီဖြစ်သည်။

မီးခိုးငွေ့သင်္ဘောများ၊ မီးရထားလမ်းများနှင့် ကြေးနန်းတို့သည် ၁၉ ရာစုနှစ်၏ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်နိုင်ချေကို ဖန်တီးပေးခဲ့သည်။ သို့သော် ဤသည်မှာ နိုင်ငံရေးရွေးချယ်မှုတစ်ရပ်လည်းဖြစ်သည်။ ဗြိတိသျှအစိုးရသည် လွတ်လပ်သော ကုန်သွယ်ရေးစနစ်ကိုကျင့်သုံးပြီး အခြားနိုင်ငံများကိုလည်း ဤစနစ်ကို ကျင့်သုံးလိုစိတ်ရှိလာအောင် သဘောပေါက်နားလည်စေခဲ့သည်။ အမေရိကတိုက်များသည် ဥရောပတိုက်မှပြောင်းရွှေ့ဝင်ရောက်လာသော ပြွတ်သိပ်လူအုပ်စုများအတွက် လမ်းပွင့်နေခဲ့သည်။ အစိမ်းရောင်ကတ်ပြား (green card) လည်းမလိုခဲ့ပေ။ ဘရိတွန်လူမျိုးများ (Britons) သည် ၎င်းတို့၏ စုဆောင်းငွေများကို ပြည်ပတွင်ရင်းနှီးမြှုပ်နှံရန် လွတ်လပ်ခွင့် ရှိခဲ့သည်။ သူကြွယ်ကြီးများက အပိုင်ပြောသည်ကို ဆန့်ကျင်ရမည်ဆိုလျှင် ဂလိုဘယ်လိုက်ဇေးရှင်းသည် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးတိုးတက်မှုများ၏ မလွဲမရှောင်သာသည့် နောက်ဆက်တွဲ ဖြစ်ရပ်တစ်ခုမဟုတ်ပါ။ နိုင်ငံအစိုးရများသည်သာ ရွေးတံခါးမှူးများ ဖြစ်ခဲ့ကြသည်။ ယခုလည်း အလားတူပင်ဖြစ်သည်။ တရုတ်နိုင်ငံသည် ပြည်ပကုန်သွယ်ရေးကို လျှော့ချဖြတ်တောက်ခဲ့သည်။ ဗြိတိန်နိုင်ငံက ချည်နှောင်ကြိုးမဲ့လွှတ်ပေးခဲ့သည်။

၁၉၄၅ ခုနှစ်မှစပြီး ကမ္ဘာ့စျေးကွက်များ ပေါင်းစည်းမှုဖြစ်ပေါ်လာခဲ့ခြင်းထက် ၁၉ ရာစုနှစ် စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းကြောင့် အချို့နေရာများတွင် အလှည့်အပြောင်း ပိုမိုရှိခဲ့ပြီး သယ်ယူပို့ဆောင်ရေးစရိတ်များနှင့် ကုန်သွယ်ရေးအဟန့်အတားများ ပိုမိုလျင်မြန်စွာ ကျဆင်းလာသည်၊ အမျိုးသား စီးပွားရေးထုတ်လုပ်မှု၏

တစ်စိတ်တစ်ဒေသအဖြစ် အပြည်ပြည်ဆိုင်ရာ ငွေအရင်းအနှီး စီးဆင်းမှုများသည် ယခင်ထက် ကြီးထွားများပြားလာခဲ့သည်။ လူအများ နယ်စပ်ဖြတ်ကျော်ပြောင်းရွှေ့သွားလာမှုသည်လည်း ယခင်ထက် တိုးပွားလာသည်။ ကမ္ဘာ့စီးပွားရေးသည် ကွန်ယက် တစ်ခုတည်းအဖြစ်သို့ တိုးမြှင့်ချည်နှောင်လာလျက်ရှိပြီး ကမ္ဘာ တစ်လွှား လုပ်အားခွဲဝေခြင်းနှင့် ကုန်ထုတ်လုပ်မှုအထူးပြုခြင်းတို့ ရှိလာခဲ့သည်။

ပြည်တွင်းစီးပွားရေးများ၏ ရှေးထုံးစဉ်လာအရ ကောက် ရိတ်ချိန် ပေါကြွယ်ဝခြင်းနှင့် နည်းပါးခြင်းအကြား စက်ဝိုင်းတစ်ပတ် လည်မှုအစား ကမ္ဘာ့စီးပွားရေး တိုးတက်အောင်မြင်ခြင်းနှင့် အရှုံး ထွက်ခြင်းအကြား စက်ဝိုင်းတစ်ပတ်လည်မှုတို့က အစားထိုးနေရာယူ လာခဲ့သည်။ ၁၈၄၉ ခုနှစ်တွင် ကယ်လီဖိုးနီးယားပြည်နယ်၌ ရွှေများ ရှာဖွေတွေ့ရှိခြင်းသည် ကာလအတော်ရှည်ကြာမည့် ကမ္ဘာ့စီးပွားရေး တိုးပွားအောင်မြင်မှုကို အစပျိုးပေးခဲ့သည်။ (ပထမအကြိမ်အဖြစ် ချီလီမှ နံ့များ၊ မက္ကဆီကိုမှကော်ဖီစေ့နှင့် ကိုကိုးစေ့များ၊ ဩစတြေးလျမှ အာလူးများ၊ တရုတ်မှ သကြားနှင့်ဆန်တို့ကို ပစိဖိတ်ကုန်သွယ်ရေး ပြုလုပ်လာကြသည်)။ ၁၈၅၇ ခုနှစ်တွင် နယူးယောက်မြို့၌ ဘဏ် တစ်ခု စီးပွားကျဆင်းမှုသည် ဥရောပနိုင်ငံများအား အချိန်တိုအတွင်း ဖိစီးနှိပ်စက်လာသည်။ ကမ္ဘာ့စီးပွားရေးဆုတ်ယုတ်မှုသည် ဗီယယ်နာ တွင် ၁၈၇၃ ခုနှစ်၌ စတင်ခဲ့သည်။ ကမ္ဘာ့စီးပွားရေး ပိုမိုပေါင်းစည်း လာခဲ့သော်လည်း ကွဲပြားခြားနားမှုလည်း ဖြစ်လာခဲ့သည်။ချမ်းသာ ကြွယ်ဝလာသော နိုင်ငံများသည် ဆင်းရဲနွမ်းပါးသော နိုင်ငံများကို

စွန့်ခွာကြသည်။ ၁၉ ရာစုနှစ်ဦးပိုင်းက အချမ်းသာဆုံးနိုင်ငံသည် အဆင်းရဲဆုံးနိုင်ငံထက် သုံးဆပို၍ ချမ်းသာသည်။ ၂၀ ရာစုနှစ်ဦးပိုင်းတွင် ဆယ်ဆ ပိုချမ်းသာပြီး ယခုအခါ အဆ ၆၀ ပိုချမ်းသာလျက်ရှိသည်။

၁၉၁၄ ခုနှစ်အရောက်တွင် ကမ္ဘာကြီးသည် ယခုထက် ပေါင်းကူးယှက်နွယ်ဆက်စပ်မှု ပိုရှိခဲ့သည်။ ဗြိတိန်သည် ယနေ့ အမေရိကန်ပြည်ထောင်စုကဲ့သို့ပင် ကမ္ဘာ့စီးပွားရေး၏ အချက်အချာကျခဲ့သည်။ ကမ္ဘာ့မြေပုံအား (၎င်း၏ ပိုင်ဆိုင်မှုသင်္ကေတဖြစ်သည့်) ပန်းရောင်ဖြင့် လွှမ်းခြုံသည့် အင်ပါယာကြီးတစ်ခုကို ၎င်းမှ အုပ်ချုပ်ခဲ့သည်။ ၎င်းထံမှ အုပ်ချုပ်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စစ်သားများနှင့် ခရစ်ယာန်ဘုန်းတော်ကြီးများကိုစေလွှတ်ပြီး ကိုလိုနီများတွင် ၎င်းတို့၏ အမှတ်တံဆိပ် ထင်ကျန်ရစ်အောင် ဆောင်ရွက်စေသည်။ ဗြိတိန်သည် အစားအစာ၊ ကော်တွန်ချည်ထည်နှင့် အခြားကုန်ကြမ်းများကို ကမ္ဘာတစ်ဝန်းမှတင်သွင်းပြီး ကုန်ချောပစ္စည်းများကို ပြည်ပသို့ ပြန်လည်တင်ပို့ခဲ့သည်။

လန်ဒန်မြို့သည် ကမ္ဘာ့ငွေကြေးလုပ်ငန်း၏ ဗဟိုဌာနဖြစ်လာခဲ့သည်။ ကမ္ဘာကြီးသည် သေးငယ် (နီးစပ်) လာလိမ့်မည်ဟု လူတိုင်းက ထင်မြင်ယူဆခဲ့ကြသည်။ ၁၉၁၂ ခုနှစ်တွင် နော်မန်အိန်ဂျယ် (Norman Angell) ဆိုသူ ဗြိတိသျှသတင်းထောက်တစ်ဦး၏ The Great Illusion (ကြီးမားသော ထင်ယောင်ထင်မှား) စာအုပ်တွင် လွတ်လပ်သောကုန်သွယ်ရေးသည် စစ်ဖြစ်ပွားမှုကို အာရုံမရရှိစေပါဟု ၎င်း၏ အာဘော်ကိုတင်ပြခဲ့သည်။ သို့သော် ယင်းအစဉ်အလာ

ဉာဏ်အမြော်အမြင်သည် မှားယွင်းခဲ့ပေသည်။ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် အရှုံးပေါ်သူများသည် နိုင်ငံရေးအရ တန်ပြန်ဆန့်ကျင်လှုပ်ရှားခဲ့ကြ၍ ပထမကမ္ဘာစစ်၊ ထို့နောက် စီးပွားရေးကပ်ကြီးတို့ဖြစ်ပေါ်လာပြီး လက်ရှိအနေအထားကို နောက်သို့ ပြန်ဆုတ်သွားစေခဲ့သည်။

ဗြိတိန်၏ လွတ်လပ်သည့်ကုန်သွယ်ရေးစနစ်သို့ တစ်ဦးတည်း လှမ်းချီတိုးဝင်မှုသည် (ပြင်သစ်စစ်ဗိုလ်ချုပ် Napolean Bonaparte) နပိုလီယံစစ်ပွဲများအပြီး ၁၈၁၅ ခုနှစ်တွင် စတင်ခဲ့သည်။ နောင်အနှစ် (၃၀) အတွင်း၌ အရှေ့အိန္ဒိယကုမ္ပဏီကဲ့သို့သော ကုန်သွယ်ရေးအချက်အချာ (မိုနိုပိုလီ) လုပ်ငန်းကြီးများသည် ခွင်မခိုင်တော့ဘဲ ပြည်တွင်းစက်မှုလုပ်ငန်းများ၏ အကာအကွယ်သည်လည်း ကျိုးပေါက်ခဲ့ပေသည်။ ဤပွင့်လင်းလာသည့် ကုန်သွယ်ရေးစနစ်သည် ၁၈၄၆ ခုနှစ် အသီးအနှံဥပဒေများ ဖျက်သိမ်းမှုဖြင့် အထွတ်အထိပ်သို့ရောက်ခဲ့ပြီး အုပ်ချုပ်နေသည့် ကွန်ဆာဗေးတစ်ပါတီ (Conservative Party) ကို စိတ်ဝမ်းကွဲစေခဲ့သည်။ မြို့နေလူထုကို ကျွေးမွေးရန် ပြည်ပမှ ဈေးနှုန်းသက်သာသော အစားအစာများတင်သွင်းရန် ဆုံးဖြတ်ချက်ကိုလည်း မြေပိုင်ရှင်တို့က အံ့အားသင့်ခဲ့ကြရသည်။

ဗြိတိန်၏ဦးဆောင်မှုနောက်သို့ ကျန်သည့်နိုင်ငံများမှ လိုက်ခဲ့ကြသည်။ ၁၈၄၈ ခုနှစ်တွင် လူဝီနပိုလီယံ (Louis Napoleon) သည် ပြင်သစ်နိုင်ငံကို သိမ်းပိုက်ပြီးနောက် ပြင်သစ်စက်မှုလုပ်ငန်းများအား အတားအဆီးပြုနေခဲ့သော ကုန်သွယ်ရေးအဟန့်အတားများကို

ဖျက်သိမ်းရန် ဆောင်ရွက်ခဲ့သည်။ လွတ်လပ်သော ကုန်သွယ်ရေး စနစ်သို့ လှမ်းချီခြင်းအား ၁၈၆၀ ခုနှစ် ဗြိတိန်နိုင်ငံဖြင့် ချုပ်ဆိုသည့် ကော့ဘ်ဒင်ချယ်ဗာလီရေ သဘောတူစာချုပ် (Cobden-Chevalier Treaty) က အတည်ပြုခိုင်မြဲစေခဲ့သည်။ အရေးကြီးသည်မှာ ဤစာချုပ်တွင် အခွင့်အရေးအရရှိဆုံးနိုင်ငံ (Most Favoured Nation) (မထားရှိရေး) အပိုဒ်ပါဝင်ခဲ့ပြီး ယင်းသတ်မှတ်ချက်အရ ဥပမာ - ဗြိတိန်နိုင်ငံမှ ဂျာမနီနိုင်ငံသို့ ကုန်သွယ်ရေးအဟန့်အတားများ လျှော့ပေါ့ပေးပါက ပြင်သစ်နိုင်ငံကိုပါ အလားတူ လျှော့ပေါ့ပေးရပါမည်။ ကျန်ဥရောပဒေသများသို့ လွတ်လပ်သောကုန်သွယ်ရေး စနစ် ခြေဆန့်ရန် ဤအပိုဒ်က စွမ်းအားပေးခဲ့သည်။ ၁၈၆၆ ခုနှစ်ခန့်တွင် ဘယ်လ်ဂျီယံ၊ ပရပ်ရှား၊ ဆွစ်ဇာလန်၊ နော်ဝေ၊ စပိန်၊ နယ်သာလန်၊ ဂျာမန်ဇော်လ်ဗရိန် (အကောက်ခွန်သမဂ္ဂ) နှင့် ဩစတြီးလျတို့အကြား လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်များ ရေးဆွဲချုပ်ဆိုခဲ့ကြသည်။ စက်မှုထွက်ကုန်ပစ္စည်းများ အပေါ် ကောက်ခံသည့် ပျမ်းမျှသွင်းကုန်ခွန်သည် နပိုလီယံစစ်ပွဲများ အပြီးတွင် ၅၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းခန့်သို့ ကျဆင်းခဲ့သည်။

ထိုကာလတွင် ဥရောပကိုလိုနီနယ်ချဲ့များနှင့် လက်နက်ပြနိုင်ငံရေးပရိယာယ်တို့ဖြင့် အာရှတိုက်အား တွန်းဖွင့်လိုက်သည်။ ဗြိတိန်သည် ဘိန်းစစ်ပွဲနှစ်ပွဲ ဆင်နွှဲခဲ့ရသည်။ (ဒုတိယစစ်ပွဲတွင် ပြင်သစ်ဖြင့် အတူတိုက်ခဲ့ရခြင်းဖြစ်သည်)။ တရုတ်နိုင်ငံကို အိန္ဒိယဘိန်းဝယ်ယူရန် တွန်းအားပေးသည့် စစ်ပွဲများဖြစ်သည်။ ပထမစစ်ပွဲအပြီး ၁၈၄၂ ခုနှစ်တွင် ဟောင်ကောင်ကို သိမ်းယူပြီး ဒုတိယ

စစ်ပွဲအပြီး ၁၈၆၀ ပြည့်နှစ်တွင် တရုတ်ဆိပ်ကမ်းများ၌ လွတ်လပ်သော ကုန်သွယ်ရေးစနစ် (ဘိန်းအရောင်းအဝယ်ကို တရားဝင်ဖြစ်စေခြင်း အပါအဝင်) ကို ကျင့်သုံးစေခဲ့သည်။ အမေရိကန်ကလည်း အလားတူ ဂျပန်နိုင်ငံကို ဆိုးရွားစွာ ဆက်ဆံခဲ့သည်။ ရေတပ်ဗိုလ်ချုပ် မက်သယူးပယ်ရီ၏ နာမည်ဆိုးဖြင့်ကျော်ကြားခဲ့သည့် သင်္ဘောမည်း ကြီးများသည် ဂျပန်နိုင်ငံအား ၎င်း၏ဈေးကွက်ပိတ်ခြင်းစနစ်အား စွန့်လွှတ်စေပြီး လွတ်လပ်သောကုန်သွယ်ရေးစနစ်ကို ၁၈၅၄ ခုနှစ်မှ အစပြုပြီး ကျင့်သုံးစေခဲ့သည်။ ယိုးဒယား၊ ကိုရီးယား၊ အိန္ဒိယနှင့် အခြားနိုင်ငံတို့လည်း ၎င်းတို့၏ဈေးကွက်များကို မဖွင့်မနေ ဖွင့်ခဲ့ကြရ သည်။

အမေရိကန်ပြည်ထောင်စုပင်လျှင် လွတ်လပ်သော ကုန်သွယ် ရေးစနစ်ဘက်သို့ အနည်းငယ်ယိမ်းယိုင်ခဲ့သည်။ ကော်တွန်ချည် ထည်၊ ဆေးရွက်ကြီးနှင့် အခြားလယ်ယာထွက်ကုန်ပစ္စည်းများအား ဗြိတိန်နိုင်ငံသို့ တင်ပို့သည့်တောင်ဘက်ပိုင်းမှ မြေပိုင်ရှင်တို့သည် ပင်လျှင် လွတ်လပ်သောဈေးကွက်များကို ပိုမိုနှစ်ခြိုက်ခဲ့ကြသည်။ သို့သော် ဈေးသက်သာသော ဗြိတိသျှလုပ်အား (ယနေ့ မက္ကဆီကန် လုပ်အားဟုဖတ်ပါ) ၏ မျှတမှုမရှိသော ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်းပြီး ညည်းတွားကြသော မြောက်ဘက်ပိုင်းမှ ကုန်ထုတ်လုပ်သူများသည် ၎င်းတို့၏ တည်ထောင်ခါစ စက်မှုလုပ်ငန်းများအတွက် အကာ အကွယ် ရယူလိုကြပေသည်။ ၁၈၃၃ ခုနှစ် ညှိနှိုင်းမှုအက်ဥပဒေ (The Compromise Act of 1833) အရ ကုန်စည်သွင်းခွန်များကို ၁၈၅၇ ပြည့်နှစ်အထိ အနည်းငယ်နှိမ့်ချပေးလာခဲ့သည်။ သို့သော်လည်း

အမေရိကန်ပြည်ထောင်စုသည် ပြည်တွင်းလုပ်ငန်းကာကွယ်ရေးဝါဒအား ခုခံပေးသည့် ခံတပ်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေခဲ့သည်။

ပိုမိုလွတ်လပ်သော ကမ္ဘာ့ကုန်သွယ်ရေးခေတ်ကာလသည် တာရှည်မခံခဲ့ပါ။ ၁၈၅၀ နှင့် ၁၈၆၀ ပြည့်လွန်နှစ်များ၏ စီးပွားရေးတိုးတက်အောင်မြင်မှုများအပြီး ၁၈၇၀ နှင့် ၁၈၈၀ ဆယ်စုနှစ်များတွင် အကျိုးအမြတ်နည်းသော ကာလများရှိလာသည့်အခါ နိုင်ငံတစ်ခုပြီးတစ်ခုမှ ကုန်သွယ်ရေးအတားအဆီးများ ပြန်လည်ထားရှိလာခဲ့ကြသည်။ ၁၈၇၀ ဆယ်စုနှစ်များနှောင်းပိုင်းတွင် ဈေးသက်သာသော အမေရိကန်နှင့် ယူခရိန်းနှံစေ့သွင်းကုန်များက လယ်သမားများ၏ အသက်မွေးဝမ်းကျောင်းကို ခြိမ်းခြောက်မှုပြုလာသည့်အခါ အနောက်ပိုင်းဥရောပသည် ၎င်း၏ စိုက်ပျိုးရေးဈေးကွက်တံခါးများကို ပိတ်ခဲ့သည်။ ၁၉၁၄ ခုနှစ် မတိုင်မီဆယ်စုနှစ် လေးခုကာလတွင် သွင်းကုန်အခွန်အခများသည် မြင့်မားလွန်းသဖြင့် တစ်ဘက်မှ ထိုးဆင်းလာသည့် သယ်ယူပို့ဆောင်ခစရိတ်များကို အပြည့်အဝ ခုနှိမ်လိုက်သည်။ မြေပိုင်ရှင်များနှင့် စက်မှုလုပ်ငန်းရှင်များ၏ ဖိအားပေးမှုကို တုံ့ပြန်သည့်အနေဖြင့် ဘိစ်မတ်ခ် (Bismarck) က ၁၈၇၉ ခုနှစ်တွင် ဂျာမန်လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းကို အကာအကွယ်ပေးရန် လှုပ်ရှားခဲ့သည်။ ပြင်သစ်နိုင်ငံသည်လည်း ၁၈၈၀ ပြည့်လွန်နှစ်များတွင် တံခါးပိတ်ခဲ့ပြီး ၁၈၉၂ ခုနှစ်တွင် မယ်လင်းအခွန်ရာဇသတ် (Meline Tariff) ထုတ်ပြန်ခြင်းဖြင့် အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုကလည်း ၎င်း၏ ဈေးကွက်တံခါးများကို ပိတ်ခဲ့သည်။ မြောက်ဘက်ပိုင်းမှ ပြည်တွင်း

စစ်ကို အောင်နိုင်ပြီးသည့်အခါ မိမိ၏ တက်သစ်စကုန်ထုတ်လုပ်မှု စက်မှုလုပ်ငန်းများအား ဥရောပယှဉ်ပြိုင်မှုမှ အကာအကွယ်ပေးရန် နောက်ထပ်အတားအဆီးများ ထပ်မံသတ်မှတ်ခဲ့သည်။ အပြီးသတ်တွင် ကာကွယ်မှုအတော်အတန်ပေးသည့် ၁၈၉၀ ပြည့်နှစ် မက်ကင်လီအက်ဥပဒေ (1890 Mckinley Act) ကို ထုတ်ပြန်ခဲ့သည်။ ပထမကမ္ဘာစစ်ဖြစ်ပွားသည့် ကာလဝန်းကျင်တွင် ထုတ်ကုန်များအပေါ် ကောက်ခံသည့် ပျမ်းမျှအခွန်အခများမှာ နိုင်ငံအများစုတွင် ၂၀ ရာခိုင်နှုန်းခန့် (အမေရိကန်ပြည်ထောင်စုတွင် ၄၄ ရာခိုင်နှုန်း) ဖြစ်ခဲ့သည်။ အစားအသောက်ကို အသားတင်တင်ပို့သည့် နိုင်ငံနှစ်ခုဖြစ်သည့် ဗြိတိန်နှင့် ဒိန်းမတ်တို့ပြင် ဗြိတိန်မှအုပ်ချုပ်သည့် အိုင်ယာလန်နိုင်ငံတို့သည်သာ ၎င်းတို့၏ ဈေးကွက်တံခါးများကို ဖွင့်ထားခဲ့ကြသည်။

မည်သို့ပင်ဆိုစေ၊ ပိုမိုကောင်းမွန်သော သယ်ယူပို့ဆောင်ရေးကြောင့် ကမ္ဘာကြီးသည် ကျုံ့လာ (နီးစပ်လာ) လျက် ရှိသည်။ စတုတ်ချာပြီး မညီညာသောလမ်းများနှင့် နှေးကွေးသောရွက်လှေများအစားတူးမြောင်းများ၊ ရေနွေးငွေ့သင်္ဘောများနှင့် မီးရထားလမ်းများ ပေါ်ပေါက်လာခဲ့သည်။ (ကုန်းလမ်းသယ်ယူပို့ဆောင်ရေးသည် ၁၇၈၉ ခုနှစ်တွင် မည်မျှနှေးကွေးခဲ့သနည်းဆိုလျှင်၊ ဇူလိုင်လ ၁၄ ရက်နေ့ ပဲရစ်မြို့တွင် ဘာစတီးလ်အကျဉ်းထောင်ကျဆုံးခြင်း (Fall of the Bastille) သတင်းသည် ယင်းမြို့တော်မှ ၁၃၃ ကီလိုမီတာသာ ဝေးကွာသော ပယ်ရွန်းမြို့သို့ ၂၈ ရက်နေ့မှ ရောက်ရှိခဲ့သည်)။ နေရာအနှံ့အပြားတွင် တူးမြောင်းများပေါ်ပေါက်လာခဲ့သည်။ ယင်း

တူးမြောင်းများကို စက်မှုတော်လှန်ရေးမှ အားထားရသည့် ကျောက်မီးသွေး၊ သံထည်၊ ကော်တွန်ချည်ထည်နှင့် သိုးမွေးပမာဏအများအပြားတို့ကို ရွှေ့ပြောင်းသယ်ယူရန် လိုအပ်ချက်ရှိပေသည်။ ၁၈၂၀ ပြည့်နှစ်အရောက်တွင် ဗြိတိန်နိုင်ငံတွင်ရှိသော သွားလာရန် သုံးစွဲနိုင်သည့် ရေလမ်းခရီး မိုင်စုစုပေါင်းသည် ၁၇၅၀ ပြည့်နှစ်ကထက် လေးဆတိုးပွားခဲ့သည်။ ပြင်သစ်မှလည်း မကြာမီ ဗြိတိသျှကို ခြေလှမ်းမှီလာခဲ့သည်။ အမေရိကတွင် ၁၈၁၇ ခုနှစ်နှင့် ၁၈၂၅ ခုနှစ်များအကြား တည်ဆောက်ခဲ့သော အယ်ရီတူးမြောင်းသည် ဘတ်ဖလိုးမြို့နှင့် နယူးယောက်မြို့များအကြား သယ်ယူပို့ဆောင်ရေးစရိတ်ကို ၈၅ ရာခိုင်နှုန်း ကျဆင်းစေခဲ့သည်။ ခရီးသွားရန် ကြာမြင့်ချိန်သည်လည်း ၂၀ ရက်မှ ၈ ရက်သို့ လျော့နည်းခဲ့သည်။ စင်စီနာတီမြို့မှ နယူးယောက်မြို့သို့ ကုန်စည် (တန်ဆာ) များကို လှည်းဖြင့်လည်းကောင်း၊ မြစ်ကြောင်းမှ လှေဖြင့်လည်းကောင်း၊ ပို့ဆောင်ခြင်းသည် ၁၈၁၇ ခုနှစ်က ၅၂ ရက် ကြာမြင့်ခဲ့ပြီး ၁၈၅၂ ခုနှစ်တွင် တူးမြောင်းကို အသုံးပြုသဖြင့် ၆ ရက်သာ ကြာပါတော့သည်။ အခြားတိုးတက်မှုအနေဖြင့်လည်း၊ ၁၈၆၉ ခုနှစ်တွင် ဆူးအက်တူးမြောင်းကို ဖွင့်လှစ်လိုက်ခြင်းသည် အာဖရိကတိုက်ကိုပတ်ပြီး ရွက်လွှင့်ရန် လိုအပ်ချက်ကို ဖယ်ရှားလိုက်ပေသည်။ လန်ဒန်မှ ဘုံဘေသို့ ခရီးအကွာအဝေးကိုလည်း ထက်ဝက်လျော့နည်းစေခဲ့သည်။

ဆူးအက်တူးမြောင်းသည် ရွက်လှေများ၏အရေးပါမှုကို ဇာတ်သိမ်းလိုက်သည်။ ရေနွေးငွေ့သင်္ဘောများသည်သာ အနာဂတ်ဖြစ်လာခဲ့သည်။ ရွက်လှေများကို တူးမြောင်းတစ်လျှောက် တွန်းဆွဲ

သွားရသော်လည်း ရေခွေးငွေ့သင်္ဘောများ (မီးသွေးလိုအပ်ချက်များ လွန်းသဖြင့် အာဖရိကကိုပတ်ရန်မလွယ်ကူပါ) ကို အားဖြင့် ခုတ်မောင်းနိုင်သည်။ အခြားဒေသများတွင်လည်း ရေနွေးငွေ့သုံးသင်္ဘောများသည် ခေတ်ရှေ့သို့ အပြိုင်ပြေးနေကြသည်။ အမေရိကန်သင်္ဘောများသည် ၁၈၀၇ ခုနှစ်တွင် ပထမဦးဆုံးအနေဖြင့် ဟတ်ဒ်ဆန်မြစ်အထိ ခရီးဆက်ခဲ့သည်။ ဗြိတိသျှသင်္ဘောများသည် ၁၈၁၆ ခုနှစ်တွင် စဲန်မြစ်မှတစ်ဆင့် ပဲရစ် (ပါရီ) မြို့သို့ သွားရောက်ခဲ့ကြသည်။ ၁၈၃၈ ခုနှစ်မှစပြီး အတ္တလန္တိတ်သမုဒ္ဒရာကို ပုံမှန်ဖြတ်သန်းလာကြသည်။ ပထမပိုင်းတွင် ခရီးသည်များ၊ ချောစာများနှင့် ဇိမ်ခံပစ္စည်းများကိုသယ်ပို့သည်၊ နောက်ပိုင်းတွင် ထုထည်ကြီးမားသော ကုန်စည်များကိုပါ သယ်ဆောင်လာကြသည်။ ၁၈၄၀ ပြည့်နှစ်နှင့် ၁၉၁၀ ပြည့်နှစ်များအကြားတွင် ကုန်စည်သယ်ယူပို့ဆောင်ခသည် ထိုအချိန်က ဖြစ်ရှိနေသော ငွေတန်ဖိုးအရ ၇၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည်။ အာရှတိုက်တွင်လည်း အလားတူပင် စရိတ်များကျဆင်းခဲ့ကြောင်း မှတ်တမ်းများတွင် တွေ့ရှိရသည်။

ရေခဲသေတ္တာတီထွင်မှုကြောင့် ၁၈၇၀ ပြည့်လွန်နှစ်များတွင် အမေရိကန်အမဲသားကို ဥရောပတိုက်သားများစားသုံးနိုင်ရန် သင်္ဘောတွင်အေးခဲစေပြီး သယ်ဆောင်နိုင်ခဲ့သည်။ ၁၈၈၀ ပြည့်လွန်နှစ်များသို့ ရောက်ရှိလာသည့်အခါ ဥရောပမှ လယ်သမားများ၏ ထုတ်လုပ်မှုများကို တောင်အမေရိကနှင့် ဩစတြေးလျမှ အသားများနှင့် နယူးဇီလန်မှ ထောပတ်တို့က ယှဉ်ပြိုင်လာခဲ့ကြသည်။ ဤအခြေအနေကို ယခင်အချိန်အခါကလည်း ယခုကဲ့သို့ပင် မကျေမချမ်း

ဖြစ်ခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ဥရောပဈေးကွက်များတွင် ငှက်ပျောသီးများ နေရာယူလာခဲ့ကြပြီး လက်ဖက်ရည်နှင့် ကော်ဖီ စားသုံးမှုသည်လည်း ထိုးတက်လာခဲ့ပေသည်။

မီးရထားလမ်းများသည် စက်ရုံများနှင့် မြို့များကို ဆိပ်ကမ်းများဖြင့် ဆက်သွယ်ပေးခြင်းဖြင့် အကျိုးသက်ရောက်မှု ပိုမိုရှိစေသည် ၁၈၂၈ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ လီဗာပူးလ်မြို့နှင့် မန်ချက်စတာမြို့ အကြား ကမ္ဘာ့ပထမဦးဆုံးခရီးသည်တင် ရထားပြေးဆွဲခြင်းဖြင့် မီးရထားခေတ်ကို စတင်ခဲ့သည်။ ကမ္ဘာတွင် မီးရထားလမ်းအရှည် ကီလိုမီတာစုစုပေါင်းအနေဖြင့် ၁၈၄၁ ခုနှစ်တွင် ၈၅၀၀ ရှိခဲ့ရာမှ ၁၈၅၁ ခုနှစ်တွင် ၃၈၀၀၀ ရှိလာခဲ့သည်။ ၁၈၇၅ ခုနှစ်တွင် ကမ္ဘာ့ တိုက်အသီးသီးရှိ မီးရထားလမ်းအရှည် ကီလိုမီတာ စုစုပေါင်း ၃၀၀၀၀၀ တွင် တစ်နှစ်လျှင် ခရီးသည်ဦးရေ သန်းထောင်ပေါင်း ၁. ၄ ကိုလည်းကောင်း၊ ကုန်စည်ပမာဏ သန်းထောင်ပေါင်း ၇၂၆ ကို လည်းကောင်း၊ ရေကြောင်းလမ်းထက် ကိုးဆ ပိုမိုသယ်ဆောင် ပေးနိုင်ခဲ့သည်။ ၁၉၁၄ ခုနှစ်တွင် မီးရထားလမ်းအရှည် ကီလိုမီတာ တစ်သန်းရှိလာခဲ့ပြီး ဗြိတိန်နိုင်ငံ၏ မီးရထားလမ်းကွန်ယက်သည် ၁၈၅၀ ပြည့်နှစ်နှင့် ၁၉၂၀ ပြည့်နှစ်များအကြား လေးဆတိုးပွားလာသည်။ ဂျာမနီနိုင်ငံတွင် ၁၈၇၀ ပြည့်နှစ်နှင့် ၁၉၁၀ ပြည့်နှစ်များအကြား ဆယ်ဆ တိုးပွားလာသည်။ ပြင်သစ်နိုင်ငံတွင်မူ ၁၈ ဆ တိုးပွားလာ သည်။ ယင်းကာလတွင်ပင် အမေရိကန်ပြည်ထောင်စု၏ မီးရထားလမ်း ကွန်ယက်သည် ၂၇ ဆကျော် တိုးပွားလာခဲ့သည်။ ကီလိုမီတာ ၁၄၀၀၀ ရှိခဲ့ရာမှ ကီလိုမီတာ ၄၀၀၀၀၀ သို့ တိုးတက်လာသည်။ မီးရထား

လုပ်ငန်းသည် အမေရိက၏ ဒေသဈေးကွက်များကို စည်းရုံးမှုရှိစေသည်။ ဒေသခံကုမ္ပဏီများအစား အမျိုးသားကုမ္ပဏီကြီးများကို ပေါက်ဖွားစေခဲ့သည်။ ဥရောပကိုလည်း နီးစပ်မှုပေးသည်။ ၁၈၀၀ ပြည့်နှစ်က ကုန်းလမ်းခရီးအရ ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်ဂ် (လီနင်ဂရက်) မြို့သို့ ခရီးနှင်လျှင် ရက် ၂၀ ကြာမြင့်ခဲ့သည်။ ၁၉၀၀ ပြည့်နှစ်တွင် ၁ ရက်နှင့် ၆ နာရီသာ အချိန်ကြာမြင့်ပါတော့သည်။

ကုန်စည်များကို တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းခြင်း စရိတ်စကသည် သိသာစွာကျဆင်းလာခဲ့သည်။ ၁၈၆၈ ခုနှစ်တွင် ဂျုံတစ်ကွာတ (၈ဘူရှယ်) ကိုချီကာဂိုမြို့မှ လီဗာပူးလ်မြို့သို့ ပို့ဆောင်ခသည် ၁၇၇. ၅ ပဲနိဖြစ်ပြီး ၁၉၀၂ ခုနှစ်တွင် ၄၆. ၅ ပဲနိသာ ကုန်ကျတော့သည်။ သက်သာလာသော သယ်ယူပို့ဆောင်ရေးစရိတ်နှင့် ကျဆင်းလာသော အခွန်အခများကြောင့် ကမ္ဘာတစ်လွှား ဈေးနှုန်းများ ကွာဟမှုသည် ကျဉ်းမြောင်းလာခဲ့သည်။ ၁၈၇၀ ပြည့်နှစ်တွင် ချီကာဂိုဂျုံဈေးနှုန်းထက် လီဗာပူးလ် ဂျုံဈေးနှုန်းသည် ၅၈ ရာခိုင်နှုန်း ပိုခဲ့သော်လည်း ၁၈၉၅ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်းသာ ပိုတော့သည်။ သံနှင့် သိုးမွေးဈေးနှုန်းများကွာဟမှုသည်လည်း အလားတူပင် ကျဆင်းလာသကဲ့သို့ လန်ဒန်နှင့် ဘုံဘေအကြား ကော်တွန်ဈေးနှုန်းများမှာလည်း ကွာဟမှုနည်းလာခဲ့သည်။ တစ်ခုတည်းသော ကမ္ဘာ့ဈေးကွက်သည် ပေါ်ထွန်းလာလျက်ရှိချေပြီ။

ကမ္ဘာကြီးသည် ကျဉ်းမြောင်းလာလျက်ရှိလေပြီ။ ၁၈၇၃ ခုနှစ်တွင် ဂျူးလ်စ်ဗန်း (Jules Verne) ဆိုသူ စာရေးဆရာကြီးက

ထိုခေတ် ထိုအခါ အခြေအနေကို သရုပ်ဖော်သည့် Around the World in 80 Days (ကမ္ဘာပတ်လည်ရက်ရှစ်ဆယ်) ဝတ္ထုကို ရေးသားခဲ့ပါသည်။ ဤဝတ္ထုသည် ဖိလိစ်ဖော့ဂ် (Phileas Fogg) ဆိုသူ ဗြိတိသျှလူကုံတန်တစ်ဦးက ကမ္ဘာကို ရက်ပေါင်း ၈၀ ဖြင့်ပတ်ရန် မျှော်ကိုးကြိုးပမ်းခဲ့သည့် ဇာတ်လမ်းဖြစ်သည်။ လွန်ခဲ့သည့် ၂၅ နှစ်ကဆိုလျှင် ယင်းခရီးသည်ရွက်လှေဖြင့် တစ်နှစ်နီးပါးခန့်သွားခဲ့ရမည့် ခရီးဖြစ်သည်။

ဆက်သွယ်ရေး အောင်မြင်ထိုးဖောက်မှုသည် ပိုမိုထူးခြားမှတ်သားလောက်ပေသည်။ ၁၈၃၅ ခုနှစ်တွင် ကြေးနန်းပေါ်ပေါက်လာခြင်းသည် ကမ္ဘာတစ်လွှားသတင်းများကို ယခင်ကကဲ့သို့ ရက်သတ္တပတ်အတွင်းမဟုတ်ဘဲ မိနစ်ပိုင်းအတွင်း ပို့ဆောင်နိုင်စေခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များနောက်ပိုင်းတွင် အင်တာနက်ကို ရှူးသွပ်ကြသကဲ့သို့ ထိုစဉ်က ကြေးနန်းကိုရှူးသွပ်ခဲ့ကြသည်။ နယူးယောက်မြို့ကို ဘောလ်တီမိုးမြို့ဖြင့် ၁၈၄၄ ခုနှစ်တွင် လည်းကောင်း၊ ဆန်ဖရန်စစ္စကိုမြို့ဖြင့် ၁၈၆၄ ခုနှစ်တွင် လည်းကောင်း ချိတ်ဆက်ခဲ့သည်။ ဒိုဗာမြို့နှင့် ကာလေးမြို့များအကြား ပထမဦးဆုံး ရေအောက်ကေဘယ်လ်ကြိုးကို ၁၈၅၁ ခုနှစ်တွင် ချခင်းခဲ့သည်။ ထိုနှစ်တွင်ပင် ဂျူးလီးယပ်စ်ရိုက်တာ (Julius Reuter) သည် ၎င်း၏ အရှည်အကြာတည်တံ့မည့် ကြေးနန်းအေဂျင်စီကို အေးလာချာပဲလ် (Aix-la-Chapelle) တွင် စတင်တည်ထောင်ခဲ့သည်။ လန်ဒန်နှင့် နယူးယောက်ကို ၁၈၆၅ ခုနှစ်တွင် အပြီးအပိုင်ချိတ်ဆက်လိုက်သည်။ ရှယ်ယာဈေးနှုန်းများ သတင်းဥပမာကို တင်ပြရပါက ယခင်က အတ္တလန္တိတ်ကိုဖြတ်ရန် သုံးပတ်ကြာမြင့်ခဲ့ပြီး ယခုအခါ တစ်ရက်ပင်မကြာတော့ပါ။

၁၈၇၁ ခုနှစ်တွင် ဒါဘီမြင်းပြိုင်ပွဲသတင်းကို လန်ဒန်မြို့မှ ကာလကတ္တားမြို့သို့ ငါးမိနစ်အတွင်း ပို့နိုင်ခဲ့သည်။ သို့သော်လည်း နယူးယောက်ဟယ်ရာလ်ဒ် (New York Herald) သတင်းစာတိုက်၏ ဆက်သွယ်ရေးအင်အားစုအနေဖြင့် အာဖရိကတိုက်မှ ဒေးဗစ်လစ်ဗင်းစတုန်း (David Livingstone) ရေးသားလိုက်သည့် စာတစ်စောင်ကိုမှ နယူးယောက်မြို့တွင် ၁၈၇၁-၇၂ ခုနှစ်၌ ကိုးလထက်စောပြီး မရရှိနိုင်ခဲ့ပါ။ သို့ရာတွင် လန်ဒန်မြို့ရှိ တိုင်းမ်စ် (TheTimes) သတင်းစာမှ အဆိုပါသတင်းကို နယူးယောက်ဟယ်ရာလ်ဒ်ထက် တစ်ရက်သာ နောက်ကျကူးယူ ထုတ်ဝေနိုင်ခဲ့သည်။ ၁၉၁၄ ခုနှစ်တွင် အတ္တလန္တိတ် ဖြတ်သန်းကေဘယ်လ်မှ ကြေးနန်းပို့ခြင်းသည် တစ်မိနစ်ပင် မကြာတော့ပေ။ မကြာမီမှာပင် ဥရောပကို အရှေ့ဖျားနိုင်ငံများဖြင့်လည်းကောင်း၊ ဩစတြေးလျနိုင်ငံဖြင့်လည်းကောင်း ချိတ်ဆက်လိုက်သည်။ စုစည်းညီညွတ်သည့် စာပို့စနစ်များသည်လည်း လူတိုင်းအတွက် လျင်မြန်သည့်စာဆက်သွယ်မှုကို စွမ်းဆောင်ပေးလျက်ရှိသည်။ စာများ ရေးသားဆက်သွယ်မှုပြုကြသည့် ခေတ်ကြီးသို့ ရောက်ခဲ့ပေပြီ။ ထိုရာစုနှစ်အသိမ်းပိုင်း ၁၈၇၇ ခုနှစ်တွင် တယ်လီဖုန်းကိုလည်းကောင်း၊ ၁၈၉၆ ခုနှစ်တွင် ရေဒီယိုကိုလည်းကောင်း တီထွင်လိုက်ခြင်းသည် ကမ္ဘာကြီးကို ပိုမိုနီးကပ်ကျုံ့ဝင်လာစေခဲ့သည်။ ၁၉၀၀ ပြည့်နှစ်တွင် ဥရောပတိုက်သားများနှင့် အမေရိကန်တို့သည် ပထမအကြိမ် တစ်ဦးနှင့်တစ်ဦး တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုနိုင်လာကြပြီး ယင်း၊ဆက်သွယ်ရေးနည်းသစ်များသည် အပြည်ပြည်ဆိုင်ရာစံများ သဘောတူသတ်မှတ်ရန်

လိုအပ်ချက်ရှိမှုကို ပေါ်ပေါက်စေခဲ့သည်။ သို့ဖြစ်၍ အပြည်ပြည်ဆိုင်ရာ ကြေးနန်းသမဂ္ဂ (International Telegraph Union) ကို ၁၈၆၅ ခုနှစ်တွင် လည်းကောင်း၊ အထွေထွေစာတိုက်သမဂ္ဂ (General Postal Union) (ယနေ့ ယူပီယူ *Universal Postal Union*) ကို ၁၈၇၄ ခုနှစ်တွင် လည်းကောင်း ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးသည်လည်း အရောင်းအဝယ် တိုးတက်လာခဲ့သည်။ ကုန်သွယ်မှုအခြေအနေသည် ၁၇၈၀ နှင့် ၁၈၄၀ ပြည့်နှစ်များအကြား ၁၅၀ ရာခိုင်နှုန်း၊ ၁၈၄၀ နှင့် ၁၈၇၀ ပြည့်နှစ်များအကြား ၄၄၀ ရာခိုင်နှုန်းနှင့် ၁၈၇၀ နှင့် ၁၉၁၃ ခုနှစ်များအကြား နောက်ထပ် ၄၂၀ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ထိုအခြေအနေသည် ၁၇၈၀ ပြည့်နှစ်ကထက် အဆပေါင်း ၄၅ ဆ တိုးတက်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာတစ်လွှားတွင်လည်း ငွေလက်ပြောင်းလက်လွှဲလုပ်ငန်းများမှာ ယခင်ကနှင့်မတူ တိုးပွားခဲ့သည်။ ကမ္ဘာသစ်တွင် မီးရထားလုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း၊ နယ်စပ်တိုးချဲ့ခြင်းလုပ်ငန်းအများစုကို ဗြိတိသျှစုဆောင်းငွေများဖြင့် ရင်းနှီးခဲ့ကြသည်။ ရည်ရွယ်ချက်မှာ ဗြိတိသျှလုပ်သားများအတွက် စားသောက်ကုန်ထွက်ရှိနိုင်စေရန်နှင့် ဗြိတိသျှအလုပ်ရုံများအတွက် ကုန်ကြမ်းများ ရရှိနိုင်စေရန်ဖြစ်ပေသည် ဗြိတိန်သည် နိုင်ငံရပ်ခြားအစိုးရများသို့လည်း ငွေပမာဏအမြောက်အမြား ထုတ်ချေးခဲ့သည်။ ၁၉၁၄ ခုနှစ်တွင် ဗြိတိသျှနေဥစ္စာ၏ သုံးပုံတစ်ပုံကို ပြည်ပတွင် ရင်းနှီးမြှုပ်နှံပြီး ဖြစ်သည်။ ၁၉၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ဗြိတိသျှ စုဆောင်းငွေ

စုစုပေါင်း၏ ထက်ဝက်ကျော်ကို ပြည်ပတွင် ရင်းနှီးမြှုပ်နှံခဲ့သည်။ ကမ္ဘာ့စုစုပေါင်း နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံမှု၏ ၄၄ ရာခိုင်နှုန်းကို ဗြိတိန်မှ ပိုင်ဆိုင်ခဲ့သည်။ ကမ္ဘာတစ်ဝန်း ငွေကြေးလုပ်ငန်းကို ရော့သ်ချိုင်းလ်စ် (the Rothschilds) နှင့် ဘဲရင်း (the Barings) အမည်ရှိ ဘဏ်မိသားစုနှစ်ခုက လွှမ်းမိုးခဲ့ကြသည် (ဗြိတိသျှအစိုးရက ၁၈၉၀ ပြည့်နှစ်တွင် အာဂျင်တီးနားနိုင်ငံက ကတိကဝတ် ချိုးဖောက်မှု ဖြစ်ပေါ်သည့်အခါ ဘဲရင်းမိသားစုကို ဝင်ရောက်ကယ်တင်ခဲ့သည်။ သို့သော်လည်း ဘဲရင်းဘဏ်သည် ၁၉၉၅ ခုနှစ်တွင် နစ်ခ်လီဆန် (Nick Leeson) ၏ ဗရမ်းဗတာ လောင်းကစားမှုကြောင့် ယိုယွင်းပျက်စီးခဲ့ရပေသည်။)

ပိုပြီးသိသာထင်ရှားသည်မှာ လူသန်းပေါင်းများစွာတို့မှ ပြောင်းရွှေ့သွားလာလျက်ရှိကြခြင်းပင်ဖြစ်သည်။ ၁၈၂၀ ပြည့်နှစ် နောက်ပိုင်းရာစုနှစ်တွင် သယံဇာတပေါကြွယ်ဝပြီး လုပ်အားရှားပါးသည့် အမေရိကတိုက်များသို့ ဥရောပတိုက်သားသန်း ၆၀ ခန့် ရေကြောင်းလမ်းခရီးမှ သွားရောက်ခဲ့ကြသည်။ စုစုပေါင်းပြောင်းရွှေ့သည့် လူဦးရေ၏ငါးပုံသုံးပုံသည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ကြခြင်းဖြစ်သည်။ သမိုင်းတွင် ပမာဏအကြီးထွားဆုံး ပြောင်းရွှေ့နေထိုင်ခြင်းပင် ဖြစ်သည်။ ၎င်းပြောင်းရွှေ့လာသူတို့သည် ဗြိတိသျှကျွန်းစုများနှင့် ဥရောပအနောက်မြောက်ဇာတိတို့မှ ဖြစ်ကြသည်။ နောက်ပိုင်းတွင် ဥရောပတောင်ဘက်နှင့် အရှေ့ဘက်မှ လူများပါ ရွှေ့ပြောင်းလာကြသည်။ ၁၉၀၀ နှင့် ၁၉၁၀ ပြည့်နှစ်များ အကြား အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့အခြေချသူ

တစ်သန်းကျော်ရှိခဲ့ရာ အများစုက ဆက်လက်အခြေချနေထိုင်ကြသည်။ သုံးပုံတစ်ပုံခန့်ကမူ မိမိတို့ဒေသသို့ ပြန်သွားကြသည်။ ၁၈၂၁ ခုနှစ်တွင် လူဦးရေ ၁၀ သန်းသာရှိခဲ့သော အမေရိကန်ပြည်ထောင်စုတွင် ၁၉၁၄ ခုနှစ်၌ ၉၄ သန်း ရှိလာခဲ့သည်။ ၁၈၅၅ နှင့် ၁၈၇၄ ခုနှစ်များအကြား ဥရောပတိုက်သားတစ်သန်းကျော်သည် ဘရာဇီးလ်၊ အာဂျင်တီးနားနှင့် ဥရုဂွေးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ အချို့ကမူ ရာသီအလိုက်ပြောင်းရွှေ့ကြသည်။ အီတာလျံ လယ်ယာလုပ်သားများသည် အာဂျင်တီးနားတွင် ကောက်ရိတ်သိမ်းရန် ပင်လယ်ကိုဖြတ်၍ ရာသီအလိုက် သွားကြသကဲ့သို့ အိုင်းရစ်ရှ်လူမျိုး အလုပ်သမားများသည် အမေရိကန်မီးရထားလမ်းများ သွားရောက်ဖောက်လုပ်ပြီးသည့်အခါ မိမိတို့ဒေသသို့ပြန်ကြသည်။ ဥရောပအတွင်း၌လည်း လူများပြောင်းရွှေ့သွားလာခဲ့ကြသည်။ ၁၈၉၀ ပြည့်လွန်နှစ်များတွင် အီတာလျံလူမျိုးများသည် အမေရိကာသို့ပြောင်းရွှေ့ခြင်းထက် ပြင်သစ်၊ ဂျာမနီတို့သို့ ပိုမိုပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ရုရှားမှ ဆိုက်ဘေးရီးယားနှင့် အလယ်ပိုင်းအာရှသို့ လူ ဆယ်သန်း ပြောင်းရွှေ့ပြီး တရုတ်နှင့် ဂျပန်လူမျိုး ၁၂ သန်းခန့်သည် အရှေ့အာရှနှင့် တောင်အာရှသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ၁၈၅၃ နှင့် ၁၈၇၄ ခုနှစ်များကာလအကြား တရုတ်လုပ်သား ၁၂၅၀၀၀ တို့သည် ကျူးဘားတွင် လွတ်မြောက်မှုရရှိသွားကြသော ကျွန်များနေရာတွင် အစားထိုးလုပ်ကိုင်ရန် သွားရောက်ခဲ့ကြသည်။ ကယ်လီဖိုးနီးယားပြည်နယ်တွင် ရွှေများတွေ့ရှိပြီးနောက် ၁၈၄၉ နှင့် ၁၈၇၆ ခုနှစ်များအကြား လူ ၁၀၀၀၀၀ ကျော်သည် ထိုပြည်နယ်သို့ ပြောင်းရွှေ့ခဲ့ကြသည်။

အိန္ဒိယမှ လူတစ်သန်းခွဲသည် အရှေ့တောင်အာရှ၊ အနောက်မြောက်အာဖရိက၊ ထို့ပြင် ကယ်ရီဘီယံသို့ပင်လျှင် ပြောင်းရွှေ့ခဲ့ကြသည်။ ကုန်သွယ်ရေးကြောင့် ကမ္ဘာတစ်လွှား ကုန်စည်စျေးနှုန်းများ ကွာဟမှုနည်းလာသကဲ့သို့ အုပ်စုလိုက်ပြောင်းရွှေ့နေထိုင်မှုသည်လည်း လုပ်ခနှုန်းများကွာဟမှုကို လျော့နည်းလာစေခဲ့သည်။ ဥပမာအားဖြင့် ဆွီဒင်နိုင်ငံ၏ လုပ်ခများသည် ၁၈၅၆ ခုနှစ်တွင် အမေရိကန်လုပ်ခ၏ ၂၄ ရာခိုင်နှုန်းသာရှိရာမှ ၁၉၁၃ ခုနှစ်တွင် ၅၈ ရာခိုင်နှုန်း ရှိလာခဲ့သည်။ အမေရိကန်လူနေမှုစနစ်သည် ထိုအချိန်က စျေးနှုန်းအလွန်မြင့်မားခဲ့သည်ကို ထောက်ရှုလျှင် ယင်းလုပ်ခသည် ထူးခြားမှတ်သားဖွယ်ရာဖြစ်သည်။

၁၈၈၀ ပြည့်လွန်နှစ်များနှင့် ၁၈၉၀ ပြည့်လွန်နှစ်များတွင် ကယ်လီဖိုးနီးယားပြည်နယ်နှင့် ဩစတြေးလျနိုင်ငံတို့အနေဖြင့် လူဖြူမဟုတ်သူများ ပြောင်းရွှေ့ဝင်ရောက်လာမှုကို ပိတ်ပင်တားမြစ်ခဲ့သော်လည်း ခြုံငုံကြည့်လျှင် သမိုင်းကြောင်းအရ လူများ ပမာဏအကြီးထွားဆုံး အပြည်ပြည်ဆိုင်ရာပြောင်းရွှေ့သွားလာမှုနှင့် စပ်လျဉ်း၍ နိုင်ငံခြားသားအလုပ်သမားငှားရမ်းမှုကို ဆန့်ကျင်သည့်လှုပ်ရှားမှုများအနေဖြင့် အမေရိကန်ပြည်ထောင်စုတွင်ပင် အံ့ဩစရာကောင်းလောက်အောင် နည်းပါးစွာသာဖြစ်ပေါ်ခဲ့သည်။ တစ်ခါတစ်ရံ အာဂျင်တီးနားနှင့် ဘရာဇီးလ်နိုင်ငံတို့မှာကဲ့သို့ လုံးဝပင်မရှိခဲ့ပါ။

## နိုင်ငံရေးနှင့်ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ခြင်း

ပထမဦးဆုံး ဂလိုဘယ်လိုက်ဇေးရှင်းလှိုင်းလုံးကြီးသည် နိုင်ငံရေးဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုဖြင့်လည်းကောင်း၊ ဆက်နွှယ်သကဲ့သို့ စီးပွားရေးဖြင့်လည်း ဆက်နွှယ်ခဲ့ပေသည်။ ခေတ်ကိုတော်လှန်သော အတွေးအခေါ်များသည် ဗိုင်းရပ်စ်ပိုးကဲ့သို့ ပျံ့နှံ့ခဲ့သည်။ ဂျိုနာသန်ဖရီးဒ်လန်းဒ် (Jonathan Freedland) ဆိုသည့် ဂါးဒီးယန်းသတင်းစာ၏ သတင်းထောက်တစ်ဦးက စာဖတ်သူလက်ခံချင်စဖွယ်ဖြစ်အောင် ကျိုးကြောင်းပြရေးသားခဲ့သည်မှာ ၁၇၇၆ ခုနှစ် အမေရိကန်လွတ်လပ်ရေးကြေညာစာတမ်း (America's Declaration of Independence) သည် ဗြိတိန်တွင်မွေးဖွားခဲ့သည်ဟူ၍ ဖြစ်သည်။ အမေရိကန်စံပြ (American Ideal) ဆိုသည်မှာလည်း ဗြိတိသျှလူမျိုး၊ ဗြိတိသျှမိဘများမှပေါက်ဖွားသူ (သို့မဟုတ်) ဗြိတိသျှအုပ်ချုပ်မှုအောက်တွင် ကြီးပြင်းခဲ့သူတို့မှ ဗြိတိသျှအုပ်ချုပ်ရေးစနစ်အား တုံ့ပြန်ဖန်တီးမှုတစ်ရပ်သာဖြစ်သည်။ ၎င်းတို့၏ အတွေးအခေါ်များသည်၊ ဇာစ်မြစ်ကိုတော်လှန်လေ့ရှိသည့် ဗြိတိသျှလူမျိုးတို့၏ အကောင်းဆုံးအစဉ်အလာများမှ တိုက်ရိုက်ဆင်းသက်ခဲ့ခြင်းဖြစ်သည်။ ယင်းကို Common Sense (1776) (သာမန်အတွေးအမြင်) ရေးသားသည့် သောမတ်စ်ပိန်း (Thomas Paine) ဆိုသူ နော်ဖို့လ်ခ်ဒေသမှ ကွေကာတစ်ဦးက သရုပ်ဖော်ခဲ့သည်။ ၎င်းသည် ဤစာအုပ်တွင် ကိုလိုနီများ၏လွတ်လပ်ရေးကို ရဲတင်းစွာတင်ပြတောင်းဆိုခဲ့ပြီး အမေရိကန်တော်လှန်ရေးအတွက် အဓိကဝါဒဖြန့်သူတစ်ဦး ဖြစ်လာခဲ့သည်။ (မှတ်ချက်။ ကွေကာဆိုသည်မှာ ၁၇ ရာစုနှစ်တွင် စတင်

ဖွဲ့စည်းခဲ့သည့် စစ်ဆန့်ကျင်ရေးဝါဒီ ပရိုတက်စတင့် ခရစ်ယာန်များ အသင်း၏ အဖွဲ့ဝင်ကိုခေါ်ဆိုခြင်းဖြစ်သည်။)

အမေရိကန်တော်လှန်ရေးမှ တစ်ဖန် ဥရောပတော်လှန်ရေးကို လည်းကောင်း၊ အထူးသဖြင့် ၁၇၈၉ ခုနှစ် ပြင်သစ်အရေးတော်ပုံကို လည်းကောင်း အသက်သွင်းပေးလိုက်သည်။ အမေရိကန်တို့က ဗြိတိသျှဘုရင်ကို ဖြုတ်ချနိုင်လျှင် ပြင်သစ်တို့က ယင်းထက် အဆပေါင်းများစွာပိုဆိုးသည့် အဓမ္မအုပ်စိုးသူကို မရှင်းထုတ်နိုင်စရာ အကြောင်းမရှိခဲ့ပေ။ သောမတ်စ်ဂျယ်ဖါဆန်(Thomas Jefferson) ၏ လွတ်လပ်ရေးကြေညာစာတမ်း (Declaration of Independence) သည် ကမ္ဘာနှင့်လည်း ဆက်စပ်ပတ်သက်ခဲ့ပေသည်။ ယင်းကြေညာစာတမ်းတွင် လူသားအားလုံးကို ညီမျှစွာနှင့် လွတ်လပ်စွာ ဖန်ဆင်းခဲ့ခြင်း ဖြစ်သည်။ ယင်းညီမျှသောဖန်ဆင်းမှုမှာ ၎င်းတို့အနေဖြင့် မွေးရာပါဖြစ်ပြီး ခွဲထုတ်ပစ်၍မရသော အခွင့်အရေးများ *(rights inherent and inalienable)* ကို ရပိုင်ခွင့်ရှိကြသည်။ ယင်းအခွင့်အရေးတို့တွင် အသက်နှင့်လွတ်လပ်ရေး ရှည်ကြာခိုင်မြဲအောင် ကြံဆောင်ခြင်းနှင့် ပျော်ရွှင်မှုကိုရှာဖွေခြင်းတို့ပါဝင်သည်။ ဤအမှန်တရားများသည် မြင့်မြတ်ပြီး ငြင်းပယ်၍မရနိုင်ဟု ကျွန်ုပ်တို့ ခံယူထားသည်ဟု ဆိုထားသည်။ ၁၇၉၁ ခုနှစ်တွင် သောမတ်စ်ပိန်းက နောက်တစ်ဖန်၊ The Rights of Man (လူသားတို့၏ ရပိုင်ခွင့်များ) စာအုပ်ဖြင့် ပြန်ဝင်လာပြန်သည်။ ယင်းစာအုပ်သည် ပြင်သစ်အရေးတော်ပုံကို တော်လှန်ရေးသားသည့် အစွန်းရောက်တုံ့ပြန်မှုတစ်ရပ်ဖြစ်သည်။ သောမတ်စ်ပိန်းသည် ပြင်သစ်ကွန်ဗင်းရှင်းတွင် ပါဝင်ခဲ့

သော ကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး ခေါင်းဖြတ်စက်မှ လက်မတင် ကလေးသာ လွတ်မြောက်ခဲ့သူဖြစ်ပေသည်။

ပြင်သစ်အရေးတော်ပုံသည် အမေရိကတော်လှန်ရေးထက် ရိုက်ခတ်မှု ပိုမိုကြီးမားခဲ့သည်။ ဥရောပနေရာအနှံ့အပြားတွင် ဖိနှိပ်ခံ လူထုများသည် ခရစ်ယာန်ဂိုဏ်းတော်၊ မှူးမျိုးမတ်နွယ်နှင့် သက်ဦးဆံ ပိုင် ဘုရင်စနစ်တို့၏ နိုင်ထက်စီးနင်းပြုမှုတို့မှ လွတ်မြောက်အောင် ကြံဆောင်ရန် စိတ်ကူးခဲ့ကြပေသည်။ ထို့သူများအားလုံးသည် လူအုပ်ဖြင့် ရမ်းကားအုပ်ချုပ်မှုကို တွေးတောကြောက်ရွံ့ တုန်လှုပ်ကြ ပေသည်။ ၁၈၃၀ နှင့် ၁၈၄၈ ခုနှစ်များတွင် ဥရောပသည် (ရှုံးနိမ့် သည့်) တော်လှန်ရေးဖြင့် လှုပ်ခါသွားခဲ့ချိန်က ဘရာဇီးလ်နိုင်ငံရှိ ပါနမ်ဘူကိုသို့ လည်းကောင်း၊ နောင်နှစ်အနည်းငယ်တွင် ကိုလံဘီယာ သို့လည်းကောင်း ထကြွပုန်ကန်မှုများ ကူးစက်ပျံ့နှံ့သွားခဲ့သည်။

ပြင်သစ်နိုင်ငံသည် အမျိုးသားရေးစိတ်ဓာတ်ခံယူချက်နှင့် ဝေါဟာရအဓိပ္ပာယ်ဆိုင်ရာ အကြီးမားဆုံးနမူနာကို ထုတ် ဖော်ပြသခဲ့သည်။ ဥပဒေကိုဓများ၊ စံပြသိပ္ပံနှင့် နည်းပညာ အဖွဲ့အစည်း၊ နိုင်ငံအများအတွက် မက်ထရစ်တိုင်းတာရေး စနစ် စသည်တို့ကို ပြင်သစ်က ဖော်ထုတ်ခဲ့သည်။ ထိုအချိန် အထိ ဥရောပအတွေးအခေါ်များကို လက်မခံဘဲ ကြံ့ကြံ့ခံ ခဲ့သည့် ရှေးကျသော ယဉ်ကျေးမှုစနစ်များရှိရာသို့ပင်လျှင် ပြင်သစ်၏ဩဇာအရှိန်အဝါကြောင့် ခေတ်မီသော ကမ္ဘာ ကြီး၏ အတွေးအမြင်စနစ် စိမ့်ဝင်ထိုးဖောက်လာခဲ့ပေ သည်။ ဤသည်မှာ ပြင်သစ်အရေးတော်ပုံ၏ အကျိုးသက်

ရောက်မှုပင် ဖြစ်သည်။ ၎င်း၏ တော်လှန်ရေးတပ်ဖွဲ့များသည် ကမ္ဘာကြီးတွင် ပြောင်းလဲမှုများဖြစ်ပေါ်စေရန် အစပျိုးပေးခဲ့ကြသည်။ ယင်းအတွေးအခေါ်များက အမှန်တကယ်ပင် အပြောင်းအလဲများကို ဖြစ်ပေါ်စေခဲ့သည်။ ယင်း၏ တန်ပြန်ရိုက်ခတ်ချက်များသည် ၁၈၀၈ ခုနှစ်တွင် လက်တင်အမေရိကကို လွတ်လပ်ရေးပေးလိုက်ရသည့် ပုန်ကန်မှုများကို ဆက်နွယ်ဖြစ်ပေါ်စေခဲ့သည်။ ယင်း၏ တိုက်ရိုက်လွှမ်းမိုးမှုသည် ဘင်ဂေါအထိ ဖြန့်ကျက်ခဲ့သည်။ ထိုနယ်တွင် ရမ်မိုဟာန်ရွိုင်း (Ram Mohan Roy) က ပြင်သစ်အရေးတော်ပုံကိုစံပြုပြီး ခေတ်သစ်ဥရောပ အမျိုးသားစိတ်ဓာတ်ကို ဆင်းသက်စေသည့် ပထမဟိန္ဒူ ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုကို အုတ်မြစ်ချခဲ့သည်။ ယင်းသည် အနောက်ဘက်တိုင်းမှ ခရစ်ယာန်ကမ္ဘာ၏ ပထမဦးဆုံးအကြိမ် အတွေးအခေါ်များ လှုပ်ရှားမှုအနေဖြင့် အစ္စလာမ်ကမ္ဘာကို အမှန်တကယ် အကျိုးသက်ရောက်စေခဲ့ခြင်း ဖြစ်သည်။ သွယ်ဝိုက်လွှမ်းမိုးမှုများသည်လည်း ကမ္ဘာတစ်ဝန်း၌ဖြစ်ပေါ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ယင်းအရေးတော်ပုံသည် နောက်ဆက်တွဲ တော်လှန်ရေး လှုပ်ရှားမှုအားလုံးမှန်သမျှကို အခြေခံပုံစံ နမူနာပေးခဲ့သည်။ ယင်းမှရရှိသော သင်ခန်းစာများကို (လိုသလို အဓိပ္ပာယ်ကောက်ယူပြီး) ခေတ်သစ်ဆိုရှယ်လစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒတို့တွင် ထည့်သွင်းရေးဆွဲခဲ့ကြပေသည်။

၁၉ ရာစုနှစ်တွင် ဥရောပ၏ နိုင်ငံရေးအတွေးအခေါ်များ လုံးဝပြောင်းလဲခဲ့သည်။ လွတ်လပ်ရေးဝါဒ၊ အမျိုးသားရေးဝါဒနှင့် ဆိုရှယ်လစ်ဝါဒတို့သည် ကမ္ဘာအနှံ့အပြားတွင် နေရာယူလာကြပေသည်။ ဥရောပ၏ ဂုဏ်ယူဖွယ်ရာ အကောင်းဆုံးထွက်ကုန်မှာ၊ အများသဘောတူမှုဖြင့် အုပ်ချုပ်ရေး (နိုင်ငံအပေါ် သစ္စာရှိသော ဆန့်ကျင်ဘက်အဖွဲ့အစည်းအပါအဝင်)၊ တရားဥပဒေ စိုးမိုးရေး၊ လူတစ်ဦးချင်း လွတ်လပ်ခွင့်၊ ဘာသာရေးဆိုင်ရာ လွတ်လပ်ခွင့်၊ ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေး စသည်တို့ ပါဝင်သည့် နိုင်ငံရေး လွတ်လပ်ခွင့်ပင် ဖြစ်သည်။ ၁၉ ရာစုနှစ်တွင် ယင်းအတွေးအခေါ်များသည် ပုံမှန်တိုးတက်မှုရှိခဲ့သည်။ ၂၀ ရာစုနှစ်တွင် ဖက်ဆစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒတို့၏ ရင်ဆိုင်ဆန့်ကျင်မှုများကို ကြုံတွေ့ခဲ့ရသော်လည်း လွတ်လပ်ခွင့်အတွေးအခေါ်များ ဆက်လက်ရှင်သန်ခဲ့သည်။ နမူနာဆိုရလျှင် ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (UN's Universal Declaration of Human Rights) သည်ပင်လျှင် ဤအတွေးအခေါ်များကို အခြေခံထားပေသည်။ ယခုအခါနိုင်ငံအများစုတွင် အခြေခိုင်မာပြီး ဖြစ်လျက်ရှိပါသည်။ ကမ္ဘာတစ်လွှားရှိလူများသည် ၎င်းတို့၏အခွင့်အရေးများကို တောင်းဆိုလာကြသည်။ ဤကိစ္စနှင့်စပ်လျဉ်းပြီး အစိုးရများအားလုံး လိုလိုက နှုတ်ကတိလောက်သာပေးကြစမြဲဖြစ်ပြီး အစိုးရအနည်းအကျဉ်းကသာ အမှန်တကယ်ဆောင်ရွက်ပေးမှု ရှိပေသည်။

အဦးအစအောင်နိုင်မှုတစ်ရပ်မှာ ၁၈၃၄ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၌ ကျွန်စနစ်ကို ဖျက်သိမ်းလိုက်ခြင်းပင်ဖြစ်သည်။ ၁၈၅၀ ဆယ်စု

နှစ်များတွင် ဗြိတိန်အနေဖြင့် အာဖရိကန် ကျွန်ရောင်းဝယ်ရေးစနစ်ကို ဖျက်သိမ်းပစ်ရန် ဖိအားပေးခဲ့သည်။ (ဘရာဇီးလ်နိုင်ငံသို့ အာဖရိကန် လူမျိုး (ကျွန်) များ တင်သွင်းခြင်းသည် ၁၈၄၉ ခုနှစ်တွင် ၅၄၀၀၀ ရှိခဲ့ရာမှ ၁၈၅၀ ပြည့်လွန်စုများအလယ်ပိုင်းတွင် မရှိတော့သလောက် နည်းပါးခဲ့သည်)။ ဗြိတိန်က ၎င်း၏စီးပွားရေးအရှိန်အဝါကို အသုံးပြုပြီး ၎င်း၏နောက်ဆုံးခံတပ်များဖြစ်သည့် ဘရာဇီးလ်နှင့် ကျူးဘားတွင် ၁၈၈၀ ပြည့်လွန်နှစ်များ၌ ကျွန်စနစ်ကို အပြီးအပိုင်ဖျက်သိမ်းစေခဲ့သည်။ (အမေရိကန်ပြည်ထောင်စုအတွင်းရှိ ကျွန်စနစ်မှာမူ ၎င်း၏ပြည်တွင်း စစ်၌ မြောက်ဘက်ပိုင်းမှ အောင်နိုင်မှုကြောင့် အဆုံးသတ်ခဲ့ရသည်။)

စီးပွားရေးလွတ်လပ်မှုဝါဒ၊ လွတ်လပ်သောကုန်သွယ်ရေး၊ မစွက်ဖက်ရေးဝါဒ၊ သီးသန့်ပိုင်ဆိုင်ခွင့်များကို လေးစားရေး၊ စုပေါင်း ရေးဝါဒကို ဆန့်ကျင်ရေး စသည်တို့သည် ခက်ခဲမှု ပိုမိုကြုံတွေ့ခဲ့ရ သည်။ ကျူးဘားတွင် ဒေးဗစ်ရီကာဒို (David Ricardo) က နိုင်ငံရေး ဆက်နွယ်စီးပွားရေးကို ၁၈၁၈ ခုနှစ်တွင် သင်ကြားပို့ချနေပြီဖြစ်ပြီး လွတ်လပ်စွာတွေးခေါ်ခွင့်ပြုသော နိုင်ငံရေးဝါဒသည် ၁၈၅၀ ပြည့်လွန် နှစ်များနှင့် ၁၈၆၀ ပြည့်လွန်နှစ်များတွင် ခေတ္တခဏလွှမ်းမိုးမှုရှိခဲ့ သော်လည်း ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှေးကွေးလာသည့် ၁၈၇၀ ပြည့်လွန်နှစ်များနှင့် ၁၈၈၀ ပြည့်လွန်နှစ်များတွင် ၎င်းဝါဒ၏ဩဇာလွှမ်းမိုးမှုသည် ဆုတ်ယုတ်လာခဲ့သည်။ ၁၈၉၀ ပြည့်လွန်နှစ်များ၌ စီးပွားရေး ပြန်လည် ဦးမော့လာသည့်အခါတွင် မစွက်ဖက်ရေးဝါဒအပေါ် အမြင် မကြည်လင်မှုသည် ထင်ကျန်နေဆဲပင်ဖြစ်သည်။ ထိုကာလအထိ လူတို့၏ဘဝအတွက် အရေးကြီးသည်ဟု သတ်မှတ်ထားခဲ့သော

လူမှုအသိုင်းအဝန်းနှင့် စည်းမျဉ်းစည်းကမ်းတို့ကို လွတ်လပ်သည့် နိုင်ငံရေးဝါဒက ဖျက်ဆီးသည်ဟု စွပ်စွဲခဲ့ကြသည်။ (လူတိုင်းလူတိုင်း မိမိအတွက်သာကြည့်ကြပြီး မကောင်းဆိုးဝါးက အကြွင်းအကျန် ယူလိမ့်မည်) ဟု ခံယူချက်ထားရှိလာပြီး လူအားလုံးနှင့်လူအားလုံး ယှဉ်ပြိုင်လျက်ရှိသည့် မခံမရပ်နိုင်လောက်သည့် မင်းမဲ့စရိုက်ဖြင့် အစားထိုးလာခဲ့သည်။ ၁၈၄၈ ခုနှစ် ကွန်မြူနစ်မူဝါဒ ကြေညာစာတမ်း (The Communist Manifesto) က တည်ငြိမ်အေးဆေးစွာဆိုထားသည်မှာ ဖလှယ်မှုတန်ဖိုးတွင် တစ်ကိုယ်ရည်တန်ဖိုးပါရှိလာစေရန် ဆုံးဖြတ်ပြောင်းလဲခဲ့ပြီး နောက်ပိုင်းတွင် မရေမတွက်နိုင်သော အကောင်အထည်ဖော်နိုင်မှုမရှိသည့် လွတ်လပ်ခွင့်များအစား တစ်ခုတည်းသော လွန်ကဲစွာလွတ်လပ်မှုရှိသည့် ကုန်သွယ်ရေးစနစ်ကို ထူထောင်ခဲ့ကြသည်ဟူ၍ ဖြစ်သည်။ ၁၉၃၀ ပြည့်လွန်နှစ်များ၏ စီးပွားရေးကပ်ကြီးသည် လွတ်လပ်သည့်နိုင်ငံရေးဝါဒကို ထိုးနှက်လာခဲ့သည်။ စီးပွားရေးအနေဖြင့် ၎င်းအလိုအလျောက် ထိန်းညှိသွားလိမ့်မည်ဟု ယုံကြည်စိတ်ချထားရန် မည်သို့မှမဖြစ်နိုင်တော့ပါ။ ၁၉၈၀ ပြည့်လွန်နှစ်များကစ၍ လွတ်လပ်ပြီး ရွေးချယ်ခွင့်ရှိသည့် အတွေးအခေါ်များ ပြန်လည်သက်ဝင်လှုပ်ရှားလာသော်လည်း ဝေဖန်သုံးသပ်သူများက ကောက်ချက်ချသကဲ့သို့ လွှမ်းမိုးမှုမရှိလှပါ။ ကုန်သွယ်ရေးသည် ပိုမိုလွတ်လပ်လာခဲ့ပါ၏။ သို့ရာတွင် အစိုးရအများစုသည် တစ်ဖက်သတ်ကုန်သွယ်ရေးစနစ်ကို ဆက်လက်ကျင့်သုံးကြစမြဲပင် ဖြစ်သည်။ လုပ်ငန်းများကို ပုဂ္ဂလိကလက်သို့ လွှဲပြောင်းပေးခြင်းနှင့် ကန့်သတ်ထိန်းချုပ်ခြင်းများ လျှော့ပေါ့

ပေးခြင်းတို့ တိုးပွားလာသော်လည်း ချမ်းသာသော နိုင်ငံအစိုးရများသည် အခွန်အတုတ်ကောက်ခံဆဲပင်ဖြစ်ပြီး အမျိုးသားဝင်ငွေ၏ သုံးပုံတစ်ပုံ သို့မဟုတ် ယင်းထက်ပိုသည့်ပမာဏကို သုံးစွဲကြသည်။ ကျန်သည့်ပမာဏကို စည်းမျဉ်းသတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်ခဲ့သည်။ စစ်မှန်သည့်လစ်ဗရယ်ပါတီများ (genuinely liberal parties) သည် နိုင်ငံရေးဇာတ်ခုံပေါ်တွင် အကောင်းဆုံးဖြတ်လျှောက် ဇာတ်ဆောင်များ ဖြစ်ကြပေသည်။

ယခုအခါ အမျိုးသားရေးမူ (principle of nationality) ဟု နားလည်ထားကြသည့် အမျိုးသားရေး (စိတ်ဓာတ်) ဝါဒ (nationalism) သည် ၎င်း၏ဇာစ်မြစ်ဖြစ်သည့် အနောက်ဥရောပမှတစ်ဆင့် ဝေးလံသော ဒေသများအထိ ပျံ့နှံ့ခဲ့သည်။ အသစ်ဖွဲ့စည်းထားသည့်နိုင်ငံများ (ဥပမာ - ရောမအင်ပါယာ ကျဆုံးချိန်မှစပြီး နိုင်ငံတစ်ခုတည်းအဖြစ် စုစည်းခဲ့ခြင်းမရှိဘဲ ၁၈၇၀ ပြည့်နှစ်တွင်မှ စုစည်းသွားသည့် အီတလီနိုင်ငံလိုမျိုး) အတွက် ပထမမူလက အခန့်သင့်သောကော်ကဲ့သို့လည်းကောင်း၊ လူနည်းစုမှ သီးခြားအုပ်ချုပ်ရေးတောင်းဆိုရန် (ဥပမာ-သြစတြီးယားဟန်ဂေရီးယန်းအင်ပါယာထံမှ ကိုယ်ပိုင်အုပ်ချုပ်ရေးတောင်းဆိုခဲ့သည့် ဟန်ဂေရီယန်လူမျိုးများ) အတွက် အခြေခံအဖြစ်လည်းကောင်း ဖြစ်တည်ခဲ့သည်။ ယခုအခါတွင်မူ ကမ္ဘာတစ်ဝန်း၌ အမြစ်တွယ်ခဲ့ပြီ ဖြစ်သည်။ ချက်ခ်လူမျိုးများ တစ်ခါကဆောင်ရွက်ခဲ့သကဲ့သို့ ကာဒ်စ်လူမျိုးများမှ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် တောင်းခံနေပြီဖြစ်ပေသည်။ တစ်ချိန်က သြစတြီးယန်းနန်းရင်းဝန် မက်တားနစ် (Metternich) က ပထဝီအမှတ်အသားတစ်ခုမျှသာ ဖြစ်သည်ဟု

ကောက်ချက်ချပြီး ဥပက္ခာပြုခဲ့သည့် အီတလီနိုင်ငံသည် ၎င်း၏ စုစည်းမှုပြီးကတည်းက ၎င်း၏အမျိုးသားရေးလက္ခဏာကို သိသာထင်ရှားစေခဲ့သည်။ ဆာဒမ်ဟူစိန် (Saddam Hussein) သည်လည်း အီရတ်နယ်နိမိတ်အတွင်း အီရတ်နိုင်ငံတော်ကြီး တည်ထောင်ရန် ကြိုးပမ်းလျက်ရှိခဲ့ပေသည်။ *(မှတ်ချက်။ ယခုအခါ အီရတ်နိုင်ငံသည် ဓာတုလက်နက်များ သိုလှောင်သိမ်းဆည်းထားသည်ဟူသည့် စွပ်စွဲချက်ဖြင့် အမေရိကန်နှင့် ဗြိတိသျှတို့၏ တိုက်ခိုက်မှုကြောင့် ပြိုကွဲပျက်စီးခဲ့ပြီး အာဏာကိုအလွဲသုံးစားလုပ်သည့် ဆာဒမ်ဟူစိန်ကိုလည်း အကျဉ်းချထားပြီး တရားစွဲဆို အရေးယူလျက်ရှိသည်။)*

၂၀ ရာစုနှစ်တွင် ဆိုရှယ်လစ်ဝါဒ၏ အောင်မြင်မှုသည်လည်း သိသာထင်ရှားပေသည်။ ပြည်ပအတွေးအခေါ်များကိုလက်ခံရန် ထုံးတမ်းစဉ်လာ တွန့်ဆုတ်ခဲ့သည့် တရုတ်နိုင်ငံတွင်ပင် ဤအပြည့်အဝ ဥရောပဆန်သည့်ဒဿနသည် အမြစ်တွယ်ခဲ့သည်။ တောင်အမေရိကတွင် မတ်စ် (Marx) အတွေးအခေါ်များ၏ လှုံ့ဆော်မှုဖြင့် အိန္ဒိယ လယ်ယာလုပ်သားများသည် ပြောက်ကြားစစ်ပွဲများ ထိုးခဲ့ကြသည်။ အီသီယိုးပီးယားသည် ဥရောပ၏နယ်ချဲ့ဝါဒအောက်သို့ မကျရောက်ခဲ့သော်လည်း ကွန်မြူနစ်ဝါဒ၏ ဆွဲဆောင်မှုဘက်သို့ စိတ်ယိုင်ခဲ့သည်။ အမျိုးသားရေးဝါဒကဲ့သို့ပင် ဆက်စပ်လမ်းကြောင်းပေးသူသည် များသောအားဖြင့် အနောက်တိုင်းတွင် ပညာသင်ဖြစ်ခဲ့ဖူးသူ လူကုံတန်တစ်ဦး ဖြစ်လေ့ဖြစ်ထရှိပါသည်။ တိန့်ရှောင်ပိန်သည် ပဲရစ်တွင် လည်းကောင်း၊ ဂန္ဒီသည် လန်ဒန်တွင်လည်းကောင်း ပညာသင်ကြားခဲ့သူများ ဖြစ်ကြပေသည်။ အနောက်တိုင်းအတွေးအခေါ်

များမှ ကျန်ကမ္ဘာ့ဒေသများသို့ ရိုက်ခတ်မှုအတိုင်းအတာကို ဆက်လက်ဆွေးနွေးသွားပါမည်။

*(မှတ်ချက်။ ကားလ်မတ်စ်က စီးပွားရေးအင်အားစုများသည်သာ သမိုင်းကိုတွန်းအားပေးနေခြင်းဖြစ်သည့်အလျောက် အလုပ်သမားထုမှ နိုင်ငံအာဏာကိုသိမ်းယူသင့်ကြောင်း တိုက်တွန်းနှိုးဆော်ခဲ့သည်။ ၎င်း၏အတွေးအခေါ်များသည် ၎င်းကွယ်လွန်သည့် ၁၈၈၃ ခုနှစ်နောက်ပိုင်း ကာလရှည်ကြာစွာ ကွန်မြူနစ်ဝါဒီများကို နှိုးကြွစေခဲ့သည်)။*

နယ်ချဲ့ဝါဒသည် ကျယ်ပြန့်စွာအတုခိုးခံခဲ့ရသကဲ့သို့ ကျယ်ပြန့်စွာရှုတ်ချခံခဲ့ရသည်။ အင်ပါယာခံယူချက်သည် ခေတ်ရှည်ကြာခဲ့ပြီဖြစ်သည်။ သို့သော် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ၎င်းတို့ကဲ့သို့ မဖွံ့ဖြိုးသေးသည့် ကမ္ဘာကို ၎င်းတို့အကြား ခွဲဝေယူကြမည်ဟူသည့် သဘောထားရှိသည့် နယ်ချဲ့ဝါဒကို ၁၉ ရာစုနှစ်နှောင်းပိုင်းတွင် မွေးဖွားခဲ့ကြသည်။ (ဤဝေါဟာရသည်ပင်လျှင် ၁၈၇၀ ပြည့်နှစ်တွင်မှ တီထွင်ခဲ့ခြင်းဖြစ်သည်။) စပိန်နှင့် ပေါ်တူဂယ်နိုင်ငံတို့မှ လက်တင်အမေရိကရှိ ၎င်းတို့၏အင်ပါယာများကို ၁၉ ရာစုနှစ်ဦးပိုင်းတွင် ဆုံးရှုံးခဲ့ကြသော်လည်း ဗြိတိန်နှင့်ပြင်သစ်တို့သည် အာဖရိကကိုလည်းကောင်း၊ ထို့ထက်နည်းပါးစွာ အာရှကိုလည်းကောင်း ခွဲဝေယူရန် ၁၉ ရာစုနှစ်နှောင်းပိုင်းနှင့် ၂၀ ရာစုနှစ်ဦးပိုင်းတွင် အလုအယက် ကြိုးပမ်းခဲ့ကြသည်။ ဂျာမန်၊ အီတာလျံနှင့် ဘယ်လ်ဂျီယံတို့မှ အကြွင်းအကျန်ဒေသငယ်များကို ခွဲဝေယူကြသည်။ ဒတ်ချ်တို့ကမူ အရှေ့အိန္ဒိယကျွန်းစုများအပေါ် ထိန်းချုပ်မှုကို ခိုင်မာကျစ်လျစ်စေခဲ့သည်။ ၁၉၁၄

ခုနှစ်အရောက်တွင် အီသီယိုးပီးယား၊ လိုက်ဘေးရီးယားနှင့် မိုရော့ကိုတစ်စိတ်တို့မှအပ အာဖရိကတစ်ခုလုံးသည် ဥရောပအုပ်ချုပ်မှုအောက်သို့ ကျရောက်ခဲ့သည်။ ၁၈၇၆ ခုနှစ်နှင့် ၁၉၁၅ ခုနှစ်များအကြားတွင် ကမ္ဘာကြီး၏လေးပုံတစ်ပုံသည် နိုင်ငံကြီးခြောက်နိုင်ငံ၏ကိုလိုနီများအဖြစ် ခွဲဝေသိမ်းပိုက်ခြင်းခံထားကြရသည်။ ဥရောပတိုက်သားတို့သည် တရုတ်နိုင်ငံ၏ အရေးအရာများတွင် ပို၍ပို၍ဝင်ရောက်စီမံလာကြသည်။ အမေရိကန်ပြည်ထောင်စုသည်ပင်လျှင်စပိန်-အမေရိကန်စစ်အပြီးတွင် လူဖြူတို့၏ဝန်ကိုထမ်းသည့်အနေဖြင့် ဖိလစ်ပိုင်၊ ကျူးဘား၊ ပွါတိုရီကိုနှင့် ဂွမ်တို့ကို ၁၈၉၈ ခုနှစ်တွင်လည်းကောင်း၊ ဟာဝိုင်ယီကို ၁၉၀၀ ပြည့်နှစ်တွင် လည်းကောင်းသိမ်းပိုက်ခဲ့သည်။ နောက်ပိုင်းတွင် ဂျပန်မှလည်း ဤလုပ်ရပ်မျိုးတွင်ပါဝင်လာပြီး ကိုရီးယားနှင့် တရုတ်မန်ချူးရီးယားကို လည်းကောင်း၊ ၁၉၃၇ ခုနှစ်နောက်ပိုင်းတွင် ကျန်တရုတ်ဒေသများကို လည်းကောင်းသိမ်းပိုက်ခဲ့သည်။ သို့ရာတွင် နယ်ချဲ့ဝါဒ၏ခေတ်သည် ကြာရှည်မတည်တံ့ခဲ့ပါ။ ၁၉၂၀ ပြည့်နှစ်တွင် စတင်ငုပ်လျှိုးလျက်ရှိပြီး ဗြိတိန်ထံမှအိုင်ယာလန်နှင့်အီဂျစ်တို့ ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိသွားကြပြီးနောက်ပိုင်း ၁၉၆၅ ခုနှစ်ခန့်တွင် လုံးဝနီးပါး ဇာတ်သိမ်းခဲ့ပြီ ဖြစ်ပေသည်။

နယ်ချဲ့ဝါဒနှင့် ဂလိုဘယ်လိုက်ဇေးရှင်းတို့သည် ၁၉ ရာစုနှစ်တွင် ဟန်ချက်ညီညီ လျှောက်လှမ်းလျက်ရှိပေသည်။ မီးရထားနှင့်ကြေးနန်းသည် ဝေးလံခေါင်းပါးသောဒေသများ (နှင့် ၎င်းတို့၏ကုန်ကြမ်းများ) ကို အနောက်ဘက်ခြမ်းနိုင်ငံတို့မှ ရောက်ရှိရယူနိုင်

အောင် စွမ်းဆောင်ပေးသည်။ ထိုအနောက်ဘက်ခြမ်းနိုင်ငံများက လည်း ယင်းတို့ကို ရရှိနိုင်မှုသေချာစေရန် ကိုလိုနီနယ်ချဲ့စနစ်ကို ကျင့်သုံးခဲ့သည်။ ၁၉၀၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်းတစ်ဦး၏ ပြောကြားချက်အရ နယ်မြေတိုးချဲ့ခြင်းသည် စီးပွားကူးသန်းတိုးချဲ့ခြင်း၏ ဘေးထွက် အကျိုးဆက်တစ်ခုဖြစ်သည်ဟု ဆိုပါသည်။ အင်ပါယာခေတ်တွင် အနောက်နိုင်ငံများမှ တတိယကမ္ဘာကို တိုက်ခိုက်လုယက်ကြသည်။ ယခုအခါ နိုင်ငံများသည် မိမိတို့၏နယ်နိမိတ်များကို မိမိတို့ဆန္ဒ အလျောက်ဖွင့်ပြီး ကုန်သွယ်ကြသည်။ (၎င်းတို့အကြား အပြန်အလှန် အားသာချက်များလည်း ရရှိစေသည်)။ ၂၁ ရာစုနှစ် ဂလိုဘယ် လိုက်ဇေးရှင်းအား *အင်ပါယာ*ဖြင့် မိုက်ကယ်ဟာတ် (Michael Hardt) နှင့် အင်တိုနီယိုနက်ဂရိဒို (Antonio Negrido) တို့ကဲ့သို့ နှိုင်းယှဉ်ခြင်း သည် မတ်စ်ဝါဒသန်းသော ဖြီးလုံးဖြန်းလုံးများသာ ဖြစ်ခဲ့ပေသည်။

၁၉ ရာစုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတစ်ခု မွေးဖွား လိုက်ခြင်းသည် ယဉ်ကျေးမှုအပေါ် လျင်မြန်ထိရောက်သည့် ရိုက် ခတ်မှု ဖြစ်ပေါ်စေခဲ့သည်။ စိတ်ကူးယဉ်ဆန်သော စာပေနှင့်ဂီတ (ဥပမာ ကီးတ်စ်နှင့်ဂိုးအက်သ်) သည် ၁၈ ရာစုနှစ်နှောင်းပိုင်းနှင့် ၁၉ ရာစုနှစ်ဦးပိုင်းတို့တွင် ဥရောပနယ်နိမိတ်တစ်လျှောက် စိမ့်ဝင် စီးဆင်းခဲ့သော်လည်း အမေရိကန်ပြည်ထောင်စုတွင် နောက်ထပ် ဆယ်စုနှစ်များစွာ ကြာမြင့်ပြီးမှ ရိုက်ခတ်မှုရှိခဲ့သည်။ (ဥပမာ- ဝေါ့လ်တ်ဝှီးတ်မင်း WaltWhitman)။ သို့သော်ငြားလည်း ၁၈၇၅ ခုနှစ်တွင် ချားလ်စ်ဒစ်ကင်း (Charles Dickens) ၏ ဝတ္ထုများကို

ဘာသာ (၁၀) မျိုးသို့ ပြန်ဆိုခဲ့ပြီး ဖြစ်နေသည်။ ဗြိတိသျှယဉ်ကျေးမှုသည် ၎င်း၏အင်ပါယာနှင့် အမေရိကန်ပြည်ထောင်စုတစ်လျှောက် ပျံ့နှံ့လျက်ရှိသကဲ့သို့ ပြင်သစ်ယဉ်ကျေးမှုသည် လက်တင်အမေရိက၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့ဥရောပအစိတ်အပိုင်းအချို့တို့သို့ ထိုးဖောက်ဝင်ရောက်လျက်ရှိခဲ့သည်။

အင်ပါယာစနစ်သည် ဥရောပယဉ်ကျေးမှုကို ကျယ်ပြန့်ဝေးလံစွာ ဖြန့်ကျက်နိုင်ခဲ့သည်။ ယင်းသည် သာသနာပြုအဖွဲ့များကို ခရစ်ယာန်သာသနာဖြန့်ရန် လွယ်ကူစေခဲ့သည်။ သို့ရာတွင် ကိုလိုနီနယ်၏ ရှိရင်းစွဲအင်အားက အားမပေးခဲ့လျှင် (ဥပမာ-အိန္ဒိယ)၊ သို့မဟုတ် အစ္စလာမ်ဘာသာမှ တားဆီးခဲ့လျှင်မူ သာသနာဖြန့်နိုင်ခြင်း မရှိခဲ့ပါ။ ကမ္ဘာအနှံ့မှ ပညာတတ်လူကုံတန်တို့သည် ဥရောပတိုက်သားများကဲ့သို့ ဝတ်စားဆင်ယင်ပြီး အင်္ဂလိပ် (သို့မဟုတ်) ပြင်သစ်ဘာသာစကားကို သုံးစွဲပြောဆိုလာကြသည်။ ကမ္ဘာသုံးဘာသာစကားတစ်ခုကို မျှော်လင့်တောင့်တာပြီး ၁၈၈၀ ပြည့်လွန်နှစ်များတွင် တီထွင်ဖန်တီးခဲ့သော အက်စ်ပရန်တို (Esperanto) ဘာသာစကားသည် မကြာမီပင် တိမ်မြုပ်ပျောက်ကွယ်ခဲ့သည်။

အတုယူခြင်းသည် အင်ပါယာစနစ်ကဲ့သို့ပင် အင်အားကြီးခဲ့သည်။ ဂျပန်နိုင်ငံသည် အနောက်နိုင်ငံများကို အတုယူခြင်း လွန်ကဲစွာ ပြုလုပ်ခဲ့သည်။ အနောက်ကိုအမီလိုက်ရာတွင် အတားအဆီး လုံးဝမထားခဲ့ပေ။ မိမိတို့၏ ဂျပန်ဘာသာစကားကို လွယ်ကူစေရန် နည်းစနစ်ရှာဖွေရန် သို့တည်းမဟုတ် ဂျပန်ဘာသာစကားကို လုံးဝပစ်ပယ်လိုက်ရန်အထိပင် စဉ်းစားခဲ့ကြသည်။ အနောက်

နိုင်ငံသားများဖြင့်မျိုးစပ်ခြင်းကိုလည်း စနစ်တကျဆောင်ရွက်ခဲ့သည်။ ဂျပန်လူမျိုးတို့သည် အသားစားတတ်လာကြသည်။ အများအပြားပင် ခရစ်ယာန်ဘာသာသို့ ပြောင်းလဲသက်ဝင်ကြသည်။ ၁၈၇၀ ပြည့်လွန်နှစ်များတွင် ဂျပန်နိုင်ငံခေါင်းဆောင်များနှင့် နိုင်ငံရေးသမားများသည် အနောက်တိုင်းပုံစံအတုယူခြင်းကို ဦးညွှတ်ယှဉ်ပြိုင်ခဲ့ကြသည်။ ၎င်းတို့သည် ပုံစံကျအနောက်တိုင်းဝတ်စုံများကို တိုကျိုမြို့တွင် ရုံးအသွား ဝတ်ဆင်ကြသည်မှာ ပဲရစ်မင်္ဂလာဆောင်တစ်ခုသွားသည်နှင့် တူနေခဲ့ပေသည်။ မဆီလျော်သော (ပွဲတက်) ဦးထုပ်မြင့်များကို ဆံတိုပေါ် ဖုံးအုပ်ဆောင်းကြသည်။ နေပူပူမိုးရွာရွာ ထီးတစ်ကိုင်ကိုင်ရှိခဲ့ကြသည်။ မြင်းရထားများဖြင့် သွားလာကြသည်။ စားပွဲတွင် ကုလားထိုင်ဖြင့် ထိုင်လာကြသည်။ ဂျပန်ရိုးရာစက္ကူနှင့် သစ်တို့ဖြင့် ဆောက်လုပ်သည့် အဆောက်အအုံများကို ရှုတ်ချသည့်အနေဖြင့် အသစ်ဆောက်လုပ်သည့် ကျောက်သားအဆောက်အအုံများတွင် ၎င်းတို့၏ တွေ့ဆုံဆွေးနွေးမှုများကို ကျင်းပခဲ့ကြသည်။

သို့သော် ယင်းတို့သည် တစ်လမ်းသွားစနစ်ချည်း သက်သက် မဟုတ်ခဲ့ပါ။ တိုးတက်လာသည့် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးတို့သည် အနောက်သို့လည်း ထူးခြားဆန်းပြားသည့် ယဉ်ကျေးမှုများကို ရောက်ရှိစေခဲ့သည်။ ၁၈၆၀ ပြည့်လွန်နှစ်များနောက်ပိုင်းတွင် ဂျပန်ယဉ်ကျေးမှုသည်လည်းကောင်း၊ ၁၉၀၀ ပြည့်လွန်နှစ်များ အစဦးပိုင်းတွင် အာဖရိကယဉ်ကျေးမှုသည်လည်းကောင်း သိသိသာသာ နေရာရလာခဲ့ကြသည်။ သုခုမပညာရှင်တို့သည် ယခင်နှင့်မတူ ခရီးသွားလာကြပြီး ၎င်းတို့တွေ့မြင်သည်များကို တအံ့တသြခံစားကြရ

သည်။ ဂေါ်ဂွင့်အပေါ် ပစိဖိတ်၏ရိုက်ခတ်မှုကို စဉ်းစားကြည့်စေလို ပါသည်။ ရုဒရာ့ဒ်ကစ်ပလင် (Rudyard Kipling)၊ ဂျိုးဇက်ကွန်ရက်ဒ် (Joseph Conrad) နှင့် ပီယဲလိုတီ (Pierre Loti) စသည့် စာရေးဆရာများသည် အိန္ဒိယ၊ အာဖရိကနှင့် အရှေ့အာရှတို့ကို စာဖတ်သူတို့အတွက် တူးဆွပေးလိုက်ကြသည်။ ပညာတတ်အနောက်တိုင်းသားတို့သည် အရှေ့တိုင်း၏ ယုံကြည်သက်ဝင်မှုများကို စိတ်ဝင်စားလာကြသည်။ အချို့သည်ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လာကြသည်။ ဥရောပတိုက်သားများသည် အာဂျင်တီးနား၏ တန်ဂိုအကကို သင်ယူကြသည်။ ၁၈၈၇ ခုနှစ်မှစတင်ပြီး ဘတ်ဖလိုးဘီးလ်၏ ကောင်းဘွိုင်များ၊ လူရိုင်းများဖြင့် ထူးခြားဆန်းပြားသော အနောက်တိုင်း ကောင်းဘွိုင်ပြပွဲသည် ဥရောပတစ်ခွင် ခရီးဆန့်ခဲ့သည်။

၁၉ ရာစုနှစ်၏ နောက်ပိုင်းတစ်ဝက်တွင် အပြည်ပြည်ဆိုင်ရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း စတင်အရှိန်ယူခဲ့သည်။ ချမ်းသာသော အမေရိကန်ကြီးများ (သို့မဟုတ် တစ်ခါတစ်ရံ ၎င်းတို့၏ ဇနီးသည်များသာ) သည် ဥရောပယဉ်ကျေးမှုဗဟိုဌာနများသို့ အလုံးအရင်းနှင့် သွားရောက်ခဲ့ကြသည်။ ချမ်းသာသော ဥရောပတိုက်သားတို့သည် ရေပူစမ်းများ၊ ပင်လယ်ကမ်းခြေနွေရာသီများကို ကြိုက်နှစ်သက် တတ်လာကြသည်။ ၁၈၇၇ ခုနှစ်တွင် ဘေဒက်ကာ (Baedeker) မှ ၎င်း၏ အီဂျစ်သို့လမ်းညွှန်စာအုပ်ကို ပထမအကြိမ် ထုတ်ဝေခဲ့သည်။ ၁၈၇၉ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံသည် တစ်နှစ်လျှင် ကမ္ဘာလှည့်ခရီးသည် တစ်သန်း လက်ခံရရှိခဲ့ပြီး ယင်းခရီးသည်များအနက် ၂၀၀၀၀၀ မှာ အမေရိကန်လူမျိုးများဖြစ်ကြသည်။

လူသားတို့၏ တိုးပွားလာသည့် ပြောင်းရွှေ့လှုပ်ရှားမှုများသည် ရောဂါဘယများကို မလွဲမသွေပင် ပျံ့နှံ့စေခဲ့သည်။ ၁၈၁၇ ခုနှစ်နှင့် ၁၉၂၃ ခုနှစ်များအကြား အာရှ ဥရောပနှင့် အမေရိက တစ်ခွင် ဖြစ်ပေါ်ခဲ့သည့် ဝမ်းရောဂါကပ်ခြောက်ခုသည် လူသန်းပေါင်းများစွာကို သေကျေပျက်စီးစေခဲ့သည်။ အမေရိကန်စစ်သားများက ဥရောပသို့ ယူဆောင်လာသည့် ၁၉၁၈-၁၉ ခုနှစ် တုပ်ကွေးရောဂါကပ်သည် ကမ္ဘာတစ်လွှား လူသန်းပေါင်း ၄၀ ခန့်ကို သေကျေပျက်စီးစေခဲ့သည်။ ဤကပ်သည် ပထမကမ္ဘာစစ်ထက်ပင် လူအသေအပျောက် များစေခဲ့ပေသည်။

## နေသားတကျမဖြစ်သည့် ကမ္ဘာကြီး

လူအများစုအနေဖြင့် ပထမကမ္ဘာစစ်ကြောင့် ပျက်စီးဆုံးရှုံးမှုများသည် ယာယီသာဖြစ်မည်ဟု မျှော်မှန်းခဲ့ကြသည်။ ၎င်းတို့သည် ပွင့်လင်းသောကမ္ဘာကြီးတွင် အနေကြာလာခဲ့သဖြင့် ယင်းအခြေအနေသည်သာ ပုံမှန်ဖြစ်သည်ဟု ခံယူခဲ့ကြသည်။ သို့ရာတွင် ၁၉၁၄ ခုနှစ်မတိုင်မီက ပေါ်ထွန်းခဲ့သည့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးသည် နောင်အနှစ် ၃၀ အကြာတွင် ပျက်သုဉ်းခဲ့ရသည်။ ၁၉၂၉ ခုနှစ်၏ ဝေါလ်စတြီးစီးပွားရေး ပြိုကွဲမှုနောက်ပိုင်းတွင်ဖြစ်ပွားသော စီးပွားရေးကျဆင်းမှုကပ်ကြီးသည် ယခင်စီးပွားရေးကို အပြီးအပိုင် အဆုံးသတ်လိုက်ပေသည်။ ၁၉၃၀ ခုနှစ် ဇွန်လတွင် အမေရိကန်ပြည်ထောင်စုမှ ၎င်း၏စီးပွားရေးကို အလွန်အကျွံအကာအကွယ်ပေးသည့် စမွတ်ဟော်လီ အခွန်အကောက်ဥပဒေ (Smoot-Hawley Tariff Act) ကို

အတည်ပြုထုတ်ပြန်လိုက်သည်။ ၁၉၂၉ ခုနှစ်တွင် ကမ္ဘာ့ထွက်ကုန် စုစုပေါင်း၏ ငါးပုံနှစ်ပုံကိုဝယ်ယူခဲ့သော အမေရိက၏ သွင်းကုန် ပမာဏသည် ၁၉၂၉ နှင့် ၁၉၃၂ ခုနှစ်များအကြား ၇၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ၎င်း၏စီးပွားရေးသည် သုံးပုံတစ်ပုံဆုတ်ယုတ်ခဲ့ပြီး ကျန်ကမ္ဘာ့နိုင်ငံများသည်လည်း စီးပွားရေးကျဆင်းခဲ့သည်။ ကမ္ဘာလုံး ဆိုင်ရာစီးပွားရေး၏ ကျဆုံးလုနီးပါးဒုက္ခများသည် ထိုစဉ်က တစ်နိုင်ငံ နှင့် တစ်နိုင်ငံ မည်မျှရင်းနှီးစွာချိတ်ဆက်မှုရှိခဲ့သည်ကို သိသာထင်ရှား စေသည်။ ရာစုနှစ်တစ်ခုနီးပါးခန့်ကာလအတွင်း လွတ်လပ်သော ကုန်သွယ်ရေးစနစ်၏ ချန်ပီယံဖြစ်ခဲ့သည့် ဗြိတိန်နိုင်ငံက ၁၉၃၁ ခုနှစ်တွင် ၎င်းအင်ပါယာ၏ ပြင်ပမှလာသော သွင်းကုန်အားလုံး ပေါ်တွင် အခွန်ကောက်ခံရန်သတ်မှတ်ခဲ့သည်။ ကျန်နိုင်ငံများက ၎င်းအတိုင်း လိုက်လံဆောင်ရွက်ကြသည်။ ၁၉၃၃ ခုနှစ်တွင် အာဏာရှင်ဟစ်တလာမှ တန်ခိုးဩဇာ အရှိန်အဝါရရှိလာပြီးနောက် ဂျာမနီနိုင်ငံသည် စီးပွားရေးလွတ်လပ်မှု (autarky) ကို အထူးတလည် လိုက်စားခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေး ပြိုလဲကျဆင်းမှုအနေအထားသည် မှတ်သားလောက်ပေသည်။ ယင်းသည် ၁၉၂၀ ပြည့်လွန်နှစ်များတွင် အနည်းငယ် နာလန်ထူလာသော်လည်း ၁၉၃၀ ပြည့်လွန်နှစ်များတွင် တစ်ဖန်ပြန်လည်ထိုးဆင်းမှုကြောင့် ၁၉၄၈ ခုနှစ်အခြေအနေသည် ၁၉၁၃ ခုနှစ်အခြေအနေထက် ပိုရုံမျှသာရှိပြီး ၁၉၂၉ ခုနှစ် အခြေ အနေထက် ကိုးရာခိုင်နှုန်း နည်းနေပါသေးသည်။ ၁၉၂၉ ခုနှစ်နှင့် ၁၉၃၈ ခုနှစ်များအကြား အမေရိကန်ကုန်သွယ်ရေးသည် ၂၀ ရာခိုင်

နှုန်းကျော် ကျဆင်းခဲ့သည်။ ဗြိတိန်သည် ၃၀ ရာခိုင်နှုန်း၊ ပြင်သစ်နှင့် ဂျာမနီတို့သည် ၃၈ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြသည်။ အမျိုးသားထုတ်လုပ်မှု၏ ရှယ်ယာစုအနေဖြင့် ကုန်သွယ်ရေးတွင် ၁၉၅၀ ပြည့်နှစ် အခြေအနေသည် ၁၉၁၃ ခုနှစ် အခြေအနေထက် အတော်ပင် နိမ့်ကျလျက်ရှိသေးသည်။ ရာခိုင်နှုန်းအနေဖြင့် ထိုကာလအတွင်း ဗြိတိန်တွင် ၂၂. ၃ မှ ၁၈ သို့ လည်းကောင်း၊ ဂျာမနီတွင် ၁၇. ၆ မှ ၁၀ သို့ လည်းကောင်း၊ ပြင်သစ်တွင် ၁၇. ၇ မှ ၁၀. ၆ သို့ လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုတွင် ၅. ၆ မှ ၃. ၅ သို့ လည်းကောင်း အသီးသီးကျဆင်းခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ ငွေအရင်းအနှီးများစီးဆင်းမှုလည်း ခန်းခြောက်ခဲ့သည်။ ယခုအခါ ဂျီ ၇ ဟု ခေါ်တွင်သည့် ကြွယ်ဝသည့် နိုင်ငံကြီး ခုနစ်ခုတွင် ငွေအရင်းအနှီးပမာဏသည် ၁၉၁၃ ခုနှစ်တွင် အမျိုးသားဝင်ငွေ၏ ခြောက်ရာခိုင်နှုန်းနီးပါးရှိရာမှ ၁၉၃၀ ပြည့်လွန်နှစ်များတွင် ၁. ၅ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။ ၁၉၂၇ ခုနှစ်နှင့် ၁၉၃၃ ခုနှစ်များအကြား အပြည်ပြည်ဆိုင်ရာ ငွေချေးငှားမှုသည် ၉၀ ရာခိုင်နှုန်းကျော်ကျော် ကျဆင်းခဲ့သည်။ ၁၉၃၁-၃၂ ခုနှစ်တွင် ဗြိတိန်၊ ကနေဒါ၊ စကင်ဒီနေးဗီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ၁၉ ရာစုနှစ်ကတည်းက အပြည်ပြည်ဆိုင်ရာငွေကြေးဖလှယ်မှု ပုံသေနှုန်းထားစနစ်အဖြစ် သတ်မှတ်ကျင့်သုံးခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးကို တည်ငြိမ်မှုပေးခဲ့သည့် ရွှေစံနှုန်းစနစ် (the Gold Standard) ကို စွန့်လွှတ်လိုက်ကြသည်။ ၁၉၃၆ ခုနှစ် ဝန်းကျင်တွင် ဘယ်လ်ဂျီယံ၊ ဒတ်ချ်နှင့် ပြင်သစ်နိုင်ငံတို့သည်လည်း အဆိုပါစနစ်ကို ပစ်ပယ်လိုက်ကြသည်။

ရုတ်ချည်းဆိုသလိုပင် အုပ်စုလိုက်ပြောင်းရွှေ့ခြင်းများသည်လည်း ရပ်တန့်သွားခဲ့သည်။ ၂၀ ရာစုနှစ်၏ ပထမပိုင်း ၁၅ နှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့နေထိုင်သူ လူဦးရေစုစုပေါင်း ၁၅ သန်းရှိခဲ့ပြီး နောက်ပိုင်း ၁၅ နှစ်တွင် ၅ သန်းခွဲသာ ပြောင်းရွှေ့ခဲ့ကြသည်။ ၁၉၃၀ ဝန်းကျင်ကာလများတွင် တစ်သန်း၏ လေးပုံသုံးပုံ ၇၅၀၀၀ ထက် နည်းသောလူဦးရေတို့သာ ပြောင်းရွှေ့ကြတော့သည်။ စပိန်နှင့် ပေါ်တူဂီနိုင်ငံတို့မှလူများသည် လက်တင်အမေရိကသို့ များသောအားဖြင့် ပြောင်းရွှေ့နေထိုင်ကြရာ၊ ၁၉၁၀ ပြည့်လွန်များတွင် ၁. ၇၅ သန်းရှိရာမှ ၁၉၃၀ ပြည့်လွန်နှစ်များတွင် ၀. ၂၅ သန်းသို့ ကျဆင်းလာခဲ့သည်။ ယင်းသည်ပင်လျှင် စစ်နှင့်တော်လှန်ရေးကြောင့် အိမ်ပစ်ရာပစ်ပြေးပြီး တစ်ပြုံတစ်မကြီးဝင်ရောက်လာသည့် ဒုက္ခသည်များ ပါဝင်နေသေးသည်။

ကမ္ဘာလုံးဆိုင်ရာစီးပွားရေးပြိုကွဲမှုသည် ကြီးမားသောနိုင်ငံရေး ပြောင်းဆန်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ ဥပမာ အနည်းငယ်မျှ တင်ပြရမည်ဆိုပါက ဟစ်တလာသည် ဂျာမနီတွင်အာဏာရခဲ့သည်။ အမေရိကသည် The New Deal (ဆက်ဆံရေးပုံစံအသစ်) ကို အတည်ပြုကျင့်သုံးသည်။ ပြင်သစ်တွင် ဆိုရှယ်လစ်ပြည်သူတပ်ဦးကို ရွေးချယ်တင်မြှောက်ခဲ့ပြီး ဥရောပကို လိုနီများတွင်နယ်ချဲ့ဝါဒဆန့်ကျင်ရေးအင်အား ကြီးထွားလာသည်။ ကမ္ဘာ့စီးပွားရေးကပ်ကြီးမှ ရုရှားနိုင်ငံသာလျှင် အမြင်အားဖြင့် ထိခိုက်မှုမရှိဘဲ လွတ်မြောက်ခဲ့ပေသည်။ ၁၉၁၇ ခုနှစ်တွင် ရုရှားနိုင်ငံ၌ ဖြစ်ပွားခဲ့သော တော်လှန်ရေးကြီးသည် ၎င်းအား ကျန်ကမ္ဘာ့နိုင်ငံများနှင့် အဆက်အသွယ်

ပြတ်တောက်စေခဲ့သည်။ ၁၉၂၉ ခုနှစ်နှင့် ၁၉၄၀ ပြည့်နှစ်များ အကြား ဆိုဗီယက်စက်မှုထုတ်လုပ်မှုသည် သုံးဆတိုးပွားခဲ့သည်။ သို့ဖြစ်၍ ကွန်မြူနစ်ဝါဒ ရေပန်းစားခဲ့သည်မှာ ထူးဆန်းသည့်ကိစ္စရပ် တစ်ခုမဟုတ်ခဲ့ပေ။

စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းသည် နောက်ပြန်သွား နေခဲ့သော်လည်း နည်းပညာရပ်များသည် အနေဝေးသူများကို နီးစပ်မှုရှိစေသည့် အစွမ်းရှိသည်။ သတင်းစာထုတ်ဝေမှုသည် တိုးပွား လာခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် သတင်းစာ ထုတ်လုပ်မှု သည် ၁၉၂၀ ပြည့်နှစ်နှင့် ၁၉၅၀ ပြည့်နှစ်များအကြား နှစ်ဆ တိုးပွား လာသည်။ ရေဒီယိုအသံလွှင့်လုပ်ငန်းသည် သတင်းနှင့် လူထု ယဉ်ကျေးမှုကို ပိုမိုကျယ်ပြန့်စွာ ဖြန့်ချိနိုင်စေခဲ့သည်။ ပထမကမ္ဘာစစ် ပြီးစဉ်က လူမသိသူမသိဖြစ်ခဲ့သော အသံလွှင့်ဌာနတစ်ခုကို ၁၉၂၉ ခုနှစ်တွင် အိမ်ထောင်စု ၁၀ သန်း၊ ၁၉၃၉ ခုနှစ်တွင် အိမ်ထောင်စု ၂၇ သန်းကျော်၊ ၁၉၅၀ ပြည့်နှစ်တွင် အိမ်ထောင်စုသန်း ၄၀ ကျော် နားသောတဆင်ခဲ့ကြသည်။ ၁၉၂၀ ပြည့်လွန်နှစ်များတွင် ရုပ်ရှင် ပညာ ဖွံ့ဖြိုးလာခဲ့ပြီး ကမ္ဘာတစ်လွှား၌ ဟောလီးဝုဒ်ရုပ်ရှင်များက မြန်ဆန်စွာ နေရာယူလွှမ်းမိုးလာခဲ့သည်။ ဟောလီးဝုဒ်သည် ကမ္ဘာ့ ကျန်နိုင်ငံများမှ အရည်အချင်းရှိသော သရုပ်ဆောင်များကို ဝယ်ယူ ငှားရမ်းပြီး ထိုသရုပ်ဆောင်တို့ဖြင့် ရိုက်ကူးထုတ်လုပ်သည့် ရုပ်ရှင်ကား များကို သရုပ်ဆောင်တို့၏ မူရင်းနိုင်ငံများသို့ ပြန်လည်ရောင်းချခဲ့ သည်။ ခေတ်ဦးရုပ်ရှင်ဇာတ်ကားများသည် အသံတိတ်ဖြစ်ခဲ့သည်၊ (ချာလီချက်ပလင်၏ အစောပိုင်းရုပ်ရှင်များကို သတိပြုမိကြမည်ဖြစ်

သည်)။ သို့ဖြစ်၍ ကမ္ဘာသို့ ချက်ချင်းဖြန့်ဝေနိုင်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်အကြိုကာလတွင် ဟောလီးဝုဒ်သည် ကမ္ဘာ့ကျန်နိုင်ငံများမှ ရုပ်ရှင်ဇာတ်ကားများ ထုတ်လုပ်မှုအရေအတွက်စုစုပေါင်းနှင့် ထပ်တူထပ်မျှ ထုတ်လုပ်နိုင်ခဲ့သည်။ အင်္ဂလိပ်ဘာသာစကားနှင့် အမေရိကန်ယဉ်ကျေးမှုတို့ကို ကမ္ဘာတစ်လွှား ဖြန့်ချိခဲ့သည်။ အမေရိကန်က ဂျက်ဇ်ဂီတကို ထုတ်လုပ်ခဲ့သည်။ နေရာစုံမှ နားသောတဆင်သူများသည် ယင်းဂီတကို စွဲလမ်းခဲ့ကြသည်။ ထို့အတူ ကမ္ဘာ့အားကစားလည်း ဖွံ့ဖြိုးလာခဲ့သည်။ ရာစုနှစ် အကူး အပြောင်းတွင် အိုလံပစ်အားကစားကို ပြန်လည်အသက်ဝင်စေခဲ့ ကြသည်။ ပထမဦးဆုံးအကြိမ် ကမ္ဘာ့ဖလားဘောလုံးပွဲကို ဥရုဂွေး နိုင်ငံတွင် ၁၉၃၀ ပြည့်နှစ်၌ ကျင်းပခဲ့သည်။ အပြီးသတ်၌ ဒုတိယ ကမ္ဘာစစ်သည်သာ တစ်ကမ္ဘာလုံး အကျုံးဝင်သည့် အဦးဆုံးကမ္ဘာ့စစ် ဖြစ်လေရာ ကမ္ဘာ့တိုက်အသီးသီးမှ စစ်သားများ ပါဝင်တိုက်ခိုက်ခဲ့ ကြပြီး ဥရောပ၊ အာဖရိကနှင့် အာရှတွင်ပါ စစ်ပွဲများဖြစ်ပွားခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ဂျပန်နိုင်ငံ ဟီရိုရှီးမား၌ ပထမဆုံး အနုမြူဗုံးကျဲချ ခဲ့ခြင်းသည် ကမ္ဘာမြေကြီးအား လူတို့စွမ်းပကားဖြင့် ဖောက်ခွဲပစ် နိုင်သည့် ကာလတစ်ခုသို့ ရောက်ခဲ့ပြီဆိုသည်ကို အချက်ပြလိုက် ခြင်းပင်ဖြစ်ပေသည်။ ကမ္ဘာတစ်လွှား စိုးရိမ်ထိတ်လန့်မှုအသစ်တစ်ခု မွေးဖွားခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

**အသစ်တစ်ဖန် ပြန်လည်ရှင်သန်လာသည့် ဂလိုဘယ်လိုက်ဇေးရှင်း**

ကျွန်ုပ်တို့၏ ကမ္ဘာ့မြေမြင်ကွင်းသစ်ကို ဒုတိယကမ္ဘာစစ်ကြီးနောက်ဆွယ်တွင် မွေးဖွားခဲ့ပေသည်။ အဆိုပါ အခြေခံအုတ်မြစ်ကို နယူးဟမ့်ပ်ရှိုင်းယားပြည်နယ်ရှိ ဘရက်တန်ဝူဒ်စ် (Bretton Woods) တွင် ၁၉၄၄ ခုနှစ်၌ အစပျိုးခဲ့သည်။ ယင်း၏ ဗိသုကာများမှာ အမေရိကန်ဘဏ္ဍာရေးဌာနမှ လက်ထောက်အတွင်းဝန် ဟယ်ရီဒက်စတာဝှိုက် (Harry Dexter White) နှင့် ၂၀ ရာစုနှစ်၏ အထက်မြက်ဆုံး စီးပွားရေးပညာရှင်ဟုဆိုနိုင်သည့် ဗြိတိသျှကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဂျွန်မေးနတ်ဒ်ကီးန်စ် (John Maynard Keynes) တို့ဖြစ်ကြသည်။ ၎င်းတို့၏ရည်ရွယ်ချက်မှာ ပထမကမ္ဘာစစ်မတိုင်မီက ချမ်းသာကြွယ်ဝမှုကို ဆောင်ကြဉ်းပေးခဲ့သည့် အပြည်ပြည်ဆိုင်ရာစီးပွားရေးမျိုးကို ပြန်လည်ဖော်ထုတ်ရန်နှင့် ဒုတိယကမ္ဘာစစ်သို့ ဦးတည်စေခဲ့သည့် ၁၉၃၀ ပြည့်လွန်နှစ်များ၏ စီးပွားရေးပြိုကွဲမှုမျိုးမှ အကာအကွယ်ယူရန် ဖြစ်သည်။ သို့ဖြစ်၍ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးကို တဖြည်းဖြည်းလွတ်လပ်ခွင့်ပေးရန် အဆိုပြုခဲ့ကြသည်။ သို့သော်လည်း ဈေးကစားသော ရင်းနှီးမြှုပ်နှံမှုမျိုးကိုမူ တင်းကျပ်စွာထိန်းချုပ်ရမည်ဟု ဆိုကြသည်။ ကုန်စည်များအား လွတ်လပ်စွာ ဖြန့်စေမည်။ သို့သော် ငွေကြေးကို ဤမျှလောက် လွတ်လပ်မှုမရှိစေရ။ လှည့်လည်သုံးစွဲငွေများကိုမူ လဲလှယ်နိုင်စေရမည် ဖြစ်၏။ သို့ရာတွင် ၎င်းတို့၏ လဲလှယ်မှုနှုန်းထားများကို ဒေါ်လာကိုအခြေခံထားပြီး သတ်မှတ်ရမည်။ (လိုအပ်ပါက နှုန်း

ပြောင်းလဲနိုင်ရမည်)။ ဒေါ်လာကိုလည်း ရွှေတန်ဖိုးသို့ ချိတ်ထားမည်။ ငွေအရင်းအနှီးထိန်းချုပ်မှုနှင့် ပုံသေငွေဖလှယ်နှုန်းတို့အား ပေါင်းစပ်ထားရှိမှုသည် နိုင်ငံအစိုးရများအား ပြည်တွင်းလိုအပ်ချက်များတွင် ဝင်ရောက်စွက်ဖက်စီမံခွင့်ပေးပြီး လုပ်အားအပြည့်အဝခန့်ထားရေးကိုလည်း ဆောင်ရွက်နိုင်စွမ်းရှိစေသည်။ အကယ်၍ စီးပွားရေးသည် နွမ်းလျစွာ ကျဆင်းနေသည်ဆိုပါက အစိုးရအနေဖြင့် အတိုးနှုန်းများကို လျှော့ပစ်ပြီး ငွေကြေးလှည့်လည်မှုကို မထိခိုက်စေဘဲ သုံးစွဲမှုကို အားအင်ပေးနိုင်သည်။ ဤသို့ဆိုလျှင် ၁၉၃၀ ပြည့်လွန်နှစ်များက ဖြစ်ပွားခဲ့သည့် စီးပွားရေးကပ်မျိုး ထပ်မံဖြစ်ပွားခြင်းမှ ရှောင်ရှားနိုင်မည် ဖြစ်ပေသည်။

အပြည်ပြည်ဆိုင်ရာ စီးပွားရေးကဏ္ဍသစ်ကိုစီမံရန် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကို ထူထောင်လာကြရာတွင် ယနေ့ကမ္ဘာ့ဘဏ်ဟု သိရှိကြသည့် ပြန်လည်ထူထောင်ရေးနှင့်ဖွံ့ဖြိုးရေး အပြည်ပြည်ဆိုင်ရာဘဏ်သည် စစ်ကြောင့်ပျက်စီးယိုယွင်းခဲ့သော စီးပွားရေးများကို ပြန်လည်ထူထောင်ရန် ချေးငွေများထုတ်ချေးပြီး မကြာမီကာလတွင် ဖွံ့ဖြိုးမှုအတွက် ငွေအရင်းအနှီးများကိုပါ ပိုမိုကျယ်ပြန့်စွာ ထုတ်ပေးလာမည်ဖြစ်သည်။ (ယင်းကို ၁၉၄၇ ခုနှစ် ဇွန်လတွင် စတင်ဆောင်ရွက်ခဲ့သော အမေရိက၏ မာရှယ်စီမံကိန်း (Marshall Plan) က အားဖြည့်ပေးခဲ့သည်။ အဆိုပါစီမံကိန်းသည် ဥရောပစီးပွားရေး ပြန်လည်ထူထောင်ရာတွင် တာထွက်ကောင်းစေရန်နှင့် ကွန်မြူနစ်ဝါဒကို တွန်းလှန်ပယ်ရှားနိုင်စေရန် အတော်အသင့်များသော ထောက်ပံ့ငွေများကို ထုတ်ပေးခဲ့သည်)။ ယခုအခါ အပြည်ပြည်

ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ် IMF) ဟု သိထားကြသည့် ငွေကြေးတည်ငြိမ်မှု ဆောင်ကြဉ်းရေးရန်ပုံငွေ (The Stabilisation Fund) သည်ငွေပေးငွေယူရှင်းတမ်းတွင် လိုငွေပြနေခြင်းအတွက် ငွေကြေးထောက်ပံ့ရန် ယာယီအခက်အခဲတွေ့နေသော နိုင်ငံများသို့ငွေထုတ်ချေးပြီး အကယ်၍ အဆိုပါပြဿနာသည် ပျောက်ကွယ်သွားမည့်သဘောမဆောင်ပါက ငွေလဲလှယ်နှုန်း ညှိနိုင်းပြင်ဆင်ခွင့်ကို ချမှတ်ပေးသည်။

အပြည်ပြည်ဆိုင်ရာငွေကြေးဈေးကွက်များ လွန်ကဲစွာတိုးပွားလာမှုကြောင့် အိုင်အမ်အက်ဖ်၏ကဏ္ဍသည် အသွင်ပြောင်းလာခဲ့သည်။ ယင်းဈေးကွက်များသည် ၁၉၆၀ ပြည့်လွန်နှစ်များတွင် ယူရိုငွေကြေးဈေးကွက်များဟု သိကြသည့် အမေရိကန်စည်းမျဉ်းချသူများနှင့် အမျိုးသားငွေအရင်းအနှီး ထိန်းချုပ်မှုတို့ လက်လှမ်းမမီသည့် ကမ်းလွန်ငွေကြေးဈေးကွက်များမှ ပေါ်ထွက်လာခြင်းဖြစ်ပေသည်။ အမေရိကန်မှ ၁၉၇၁ ခုနှစ်ဩဂုတ်လတွင် ဒေါ်လာဖလှယ်နိုင်မှုကို ယာယီရပ်ဆိုင်းလိုက်သည့်အခါ ငွေကြေးဈေးကွက်များသည် နောက်တစ်ကြိမ် ထိုးထောင်လာပြန်သည်။ တစ်ကမ္ဘာလုံးသည် တည်ငြိမ်မှုမရှိသော ငွေကြေးလဲလှယ်နှုန်းများကို ပြောင်းလဲအသုံးပြုလာကြသည်။ ငွေကြေးနှုန်းများကို အစိုးရများက မသတ်မှတ်ဘဲ ဈေးကွက်များကသာ များသောအားဖြင့် သတ်မှတ်ကြသည်။ ၁၉၇၃ ခုနှစ် ရေနံဈေးထိုးတက်မှုသည်လည်း ယင်းကို ကူညီပံ့ပိုးပေးသည်။ ရေနံထုတ်လုပ်သည့်နိုင်ငံများ အဖွဲ့အစည်း (အိုပီအီးစီ OPEC) သည် လက်ထဲတွင်ကြိုက်သလိုကစားနိုင်သည့် ငွေကြေးပမာဏ

မြောက်မြားစွာ ရှိလာခဲ့သည်။ ယင်းတို့ကို အပြည်ပြည်ဆိုင်ရာ ငွေကြေးဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံကြသည်။ အပြီးသတ်တွင် (၁၉၇၀ ဆယ်စုနှစ်များနောက်ပိုင်းတွင်စပြီး) ပထမပိုင်း၌ ချမ်းသာသောနိုင်ငံများနှင့် နောက်ပိုင်း၌ (နောက်၁၀နှစ်နှင့်အထက်တွင်) ဆင်းရဲသောနိုင်ငံများသည် ကျယ်ပြန့်လာသည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးဈေးကွက်များမှ အကျိုးအမြတ်ရရှိနိုင်ရန် ၎င်းတို့၏ ငွေအရင်းအနှီးထိန်းချုပ်မှုများကို ရုပ်သိမ်းလာခဲ့ကြသည်။ ကွန်ပျူတာဖြင့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း စသည့် နည်းပညာအသစ်များနှင့် ဆင့်ပွားပစ္စည်းကိရိယာအသစ်အဆန်းများသည် အဆိုပါဈေးကွက်များကို ပိုမိုကြီးထွားစေခဲ့သည်။ အိုင်အမ်အက်ဖ်သည် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးစနစ်၏တည်ငြိမ်မှုအတွက် အုပ်ထိန်းသူဖြစ်လာခဲ့သည်။ ၎င်း၏မူလရည်မှန်းချက်ဖြင့် ဆက်နွယ်လုပ်ငန်းရပ်မှာ ဘဏ္ဍာရေးအခက်အခဲကြုံတွေ့နေသောနိုင်ငံများကို ကူညီစောင့်ရှောက်ခြင်းပင်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့အစည်းတစ်ခုက အခွင့်အရေးအရရှိဆုံးနိုင်ငံ *(မထားရှိရေး)* မူ (Most Favoured Nation Principle) အရ အပြန်အလှန် ဈေးဆစ် အပေးအယူပြုလုပ်ခြင်းကို နိုင်ငံအားလုံးသို့ကမ်းလှမ်းခြင်းဖြင့် နိုင်ငံပေါင်းစုံတွင် ကုန်သွယ်ရေးအဟန့်အတားများနှိမ့်ချရန် ကူညီဆောင်ရွက်လာခဲ့သည်။ သို့သော် အဆိုပါအဖွဲ့အစည်းတွင် အမေရိကန်မှ အသင်းဝင်ရန် ကိစ္စကို အမေရိကန်ပြည်ထောင်စုကွန်ဂရက်အနေဖြင့် (ဗီတိုအာဏာသုံး၍) တားမြစ်ခဲ့သည်။ ယင်းမူသည် အမေရိကန်အချုပ်

အခြာအာဏာပိုင်ဆိုင်မှုအပေါ် ချင်းနင်းဝင်ရောက်မှုရှိသည်ဟု သဘောထားအမြင်ရှိပြီး လက်ခံနိုင်မှုမရှိ၍ဖြစ်သည်။ သို့သော် ကံကောင်းထောက်မစွာဖြင့် ၁၉၄၈ ခုနှစ်တွင် ဟာဗားနား၌ လက်မှတ်ရေးထိုးခဲ့သည့် အကောက်ခွန်နှင့်ကုန်သွယ်မှုဆိုင်ရာ အထွေထွေသဘောတူညီချက် (ဂျီအေတီတီ GATT) ပါ ပြဋ္ဌာန်းချက်များကို သမ္မတဟယ်ရီထရူးမင်း (Harry Truman) က ၎င်း၏ အုပ်ချုပ်ရေးအာဏာကိုအသုံးပြုပြီး အကောင်အထည်ဖော်စေခဲ့သည်။ ဤယာယီဖြေရှင်းချက်သည် ကုန်သွယ်ရေးအဟန့်အတားများကို လျှော့ချရန် ညှိနှိုင်းရေးအတွက် အလွန်အမင်းအောင်မြင်သော မူဘောင်တစ်ခုကို ဖန်တီးပေးခဲ့သည်။ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် သွင်းကုန်ခွန်များသည် ပျမ်းမျှ ၄၀ ရာခိုင်နှုန်း သို့မဟုတ် ၅၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၄ ရာခိုင်နှုန်းဝန်းကျင်သို့ ထိုးကျလာခြင်းကြောင့် ကုန်သွယ်ရေး ပမာဏသည် ၄၅ ဆ တိုးပွားခဲ့သည်။ ကုန်သွယ်ရေးအဟန့်အတား များလုံးဝကျဆင်းမှုမရှိခဲ့သည့် စိုက်ပျိုးရေးကဏ္ဍတွင်ပင် ကုန်သွယ် ရေးသည် ၆ ဆ တိုးပွားခဲ့သည်။ ၁၉၉၅ ခုနှစ်တွင်မှ ဂျီအေတီတီကို အစားထိုးသည့် အမြဲတမ်းအဖွဲ့အစည်းတစ်ခုအနေဖြင့် ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့အစည်း (ဒဗလျူတီအို WTO) ပေါ်ပေါက်လာခဲ့ သည်။

အစောပိုင်းကာလများတွင် ချမ်းသာသောနိုင်ငံများနှင့် အာရှနိုင်ငံလက်တစ်ဆုပ်စာခန့်ကသာ ၎င်းတို့၏ကုန်သွယ်ရေးကို လွတ်လပ်ခွင့်ပေးခဲ့ကြသည်။ ၁၉၈၀ ပြည့်လွန်နှစ်များအထိ ဖွံ့ဖြိုးဆဲ နိုင်ငံအများစုသည် အပြည်ပြည်ဆိုင်ရာစီးပွားရေးကို ကျောခိုင်းရန်

ရွေးချယ်ခဲ့ကြသည်။ ၁၉၅၀ ပြည့်လွန်နှစ်များတွင် ကုလသမဂ္ဂ၏ လက်တင်အမေရိကဆိုင်ရာ စီးပွားရေးကော်မတီကို အာဂျင်တီးနား စီးပွားရေးပညာရှင် ရောလ်ပရဲဘစ်ရှ် (Raul Prebisch) ဦးဆောင်ခဲ့စဉ်က လက်တင်အမေရိကနှင့် တတိယကမ္ဘာတို့၏ မဖွံ့ဖြိုးမှုအတွက် များသောအားဖြင့် ကမ္ဘာလုံးဆိုင်ရာအရင်းရှင်စနစ်ကို ဝေဖန်ပြစ်တင်သည့် အလေ့အထရှိခဲ့သည်။ ပရဲဘစ်ရှ်၏အာဘော်မှာ ဥရောပနှင့် မြောက်အမေရိကမှ အစောပိုင်းဖွံ့ဖြိုးရေးသမားများသည် ကမ္ဘာ့စီးပွားရေးကို ၎င်းတို့အားသာမှုရရှိစေရန် တည်ဆောက်ခဲ့ကြပြီး နောက်ပိုင်းတွင် ကုန်ကြမ်းများပံ့ပိုးခြင်းဖြင့် မှီခိုရပ်တည်မှု ရှိလာသူများကို ပြစ်တင်ရှုတ်ချခဲ့ကြသည်။ ယင်းအတွက်ကုထုံးမှာ မြင့်မားသော ကုန်သွယ်ရေးအဟန့်အတားများနောက်ကွယ်တွင် ပြည်တွင်းစက်မှုလုပ်ငန်းများအား အခွင့်အလမ်းပေးခြင်းပင်ဖြစ်သည်။ တတိယကမ္ဘာနိုင်ငံများအားလုံးလိုလိုက အလားတူလိုက်လံဆောင်ရွက်ခဲ့ကြသည်။ ဤသည်မှာ ကျွန်ုပ်တို့ အထက်တွင် ဆွေးနွေးခဲ့ကြသကဲ့သို့ ကြီးမားသောဆုံးရှုံးမှုတစ်ရပ် ဖြစ်လာခဲ့သည်။ သို့သော် အဆိုပါကံကြမ္မာကို ၁၉၈၀ ပြည့်လွန်နှစ်များ ကုန်ဆုံးချိန်တွင် ကွန်မြူနစ်ဝါဒချုပ်ငြိမ်းမှုက အဆုံးအဖြတ်ပေးခဲ့သည်။ အိန္ဒိယနိုင်ငံက အဆင့်မြင့် အကြီးတန်းစီးပွားရေးအရာထမ်းတစ်ဦးက "(၁၉၈၉ ခုနှစ် ဘာလင်အုတ်တံတိုင်းဖျက်သိမ်းချိန်နဲ့ ၁၉၉၁ ခုနှစ် ဆိုဗီယက် ပြည်ထောင်စုပြိုကွဲချိန်တို့အကြား ကျွန်တော်ဟာ ၃၅ နှစ်ကြာ အိပ်မက်ကနိုးလာသလို ခံစားလိုက်ရတယ်၊ စီးပွားရေးစနစ်တွေနဲ့ စပ်လျဉ်းပြီး ကျွန်တော်ယုံကြည်ခဲ့သမျှနဲ့ အကောင်အထည်ဖော်ဖို့

ကြိုးပမ်းခဲ့သမျှဟာ အမှားတွေချည်းသာဖြစ်ခဲ့တယ်)" ဟူ၍ ပြန်ပြောင်း သတိရ ပြောဆိုခဲ့သည်။

အခြားစောဒကတက်နိုင်ချေရှိသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့များသည် မလှုပ်မယှက်နေခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ ကုန်စည်ဈေးနှုန်းများ၊ ထို့မှတစ်ဖန် အများဆုံးဖွံ့ဖြိုးဆဲနိုင်ငံများ၏ ထွက်ကုန်မှရရှိသည့်ဝင်ငွေများ တည်ငြိမ်မှုရှိစေရန် ဆောင်ရွက်ပေးမည့် အဖွဲ့အစည်းတစ်ခုဖွဲ့ရန် စီမံချက်သည် အကောင်အထည် မပေါ်ခဲ့ပါ။ ကမ္ဘာလုံးဆိုင်ရာ အလုပ်အပြည့်အဝ ခန့်ထားနိုင်ရေး အဖွဲ့အစည်းတစ်ခုကိုလည်း ဖန်တီးနိုင်စွမ်းမရှိခဲ့ကြပေ။ ယင်းကိစ္စသည် နိုင်ငံအစိုးရများကဆောင်ရွက်ရန် လုပ်ငန်းတာဝန်အဖြစ် ကျန်ရှိနေခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးပြီးချင်းကာလတွင် အခြားရှေ့တန်းကဏ္ဍများ၌လည်း ပေါင်းစည်းမှုရှိခဲ့ပေသည်။ နိုင်ငံပေါင်းချုပ်အသင်း (The League of Nations) သည် စစ်ကြီးနှစ်ခုအကြား စုပေါင်းလုံခြုံမှုပေးရန် ကြိုးမားစွာပျက်ကွက်ခဲ့သည့်အလျောက် ကုလသမဂ္ဂ (The United Nations) ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ သို့သော် ယင်းသည်လည်း ကမ္ဘာကြီး၏စစ်အေးတိုက်ပွဲဖြင့် နှစ်ခြမ်းကွဲနေမှုကြောင့် မကြာမီ ချည့်နဲ့လာခဲ့သည်။ မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့အစည်း (နေတိုး NATO)သည် အမေရိက၏ နျူကလီးယားအကာအကွယ်ကို အနောက်ဥရောပ အရင်းရှင်နိုင်ငံများအား အကျိုးဝင်ရရှိစေသကဲ့သို့ ဆိုဗီယက်ပြည်ထောင်စုကလည်း ၎င်း၏ ဝါဆောစာချုပ်ဖြင့်တုံ့ပြန်ပြီး ၎င်း၏ဩဇာခံ အရှေ့ဥရောပ ဆိုရှယ်လစ်

နိုင်ငံများသို့ လွှမ်းခြုံစေသည်။ စစ်အေးကြီးပြီးဆုံးသွားသောအခါ ကုလသမဂ္ဂသည် ခေတ္တခဏ ပြန်လည်ရှင်သန်လာသည်။ သို့သော် အမေရိကန်ကြီးစိုးမှုခေတ်တစ်ခုတွင် အဖွဲ့အစည်းကြီးအနေဖြင့် ၎င်းကို တည်ထောင်ခဲ့သူများ၏ ရည်မှန်းချက်များ ပြည့်မီအောင် ယနေ့ထိတိုင် စွမ်းဆောင်နိုင်ခြင်း မရှိသေးပေ။

သို့သော်လည်း ဥရောပပေါင်းစည်းရေးအခြေအနေ တိုးတက်လာမှုမှာ တစ်မူထူးခြားခဲ့ပါသည်။ ၁၉၅၁ ခုနှစ်တွင် တော်ရုံသင့်ရုံအနေအထားဖြင့် စတင်ခဲ့သည့် ကျောက်မီးသွေးနှင့် သံမဏိ အသိုင်းအဝိုင်းမှအစပြုပြီး ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ နယ်သာလန်၊ ဘယ်လ်ဂျီယံနှင့် လူးဇင်းဘတ်နိုင်ငံတို့သည် ရောမစာချုပ်တွင် ဖော်ပြပါရှိသကဲ့သို့ ပိုမိုရင်းနှီးမှုရှိသော ပေါင်းစည်းမှုဖြစ်ပေါ်လာစေရန် ဦးတည်ချက်ဖြင့် ၁၉၅၇ ခုနှစ်တွင် ဥရောပစီးပွားရေးအသိုက်အဝန်း (အီးအီးစီ EEC) ကို တည်ထောင်ခဲ့ကြသည်။ အီးအီးစီကို ထိုစဉ်က ၆ နိုင်ငံဖြင့် စတင်ခဲ့သော်လည်း ယခုဆိုလျှင် ၁၅ နိုင်ငံ ဖြစ်လာပေပြီ။ ၁၉၇၃ ခုနှစ်တွင် ဗြိတိန်၊ ဒိန်းမတ်နှင့် အိုင်ယာလန်၊ ၁၉၈၁ ခုနှစ်တွင် ဂရိစ်၊ ၁၉၈၆ ခုနှစ်တွင်စပိန်နှင့် ပေါ်တူဂယ်၊ ၁၉၉၅ ခုနှစ်တွင် ဩစတြီးယား၊ ဆွီဒင်နှင့် ဖင်လန်တို့မှ ယင်းအီးအီးစီတွင် ပါဝင်လာခဲ့ကြသည်။ ငွေကြေးယူနစ်တစ်မျိုးတည်း သတ်မှတ်သုံးစွဲရာမှ ဈေးကွက်တစ်ခုတည်းရှိလာခြင်းသည် ထူးခြားမှတ်သားဖွယ်ရာ စီးပွားရေးပေါင်းစည်းမှုပင် ဖြစ်ပေသည်။ အလားတူပင်၊ ဘုံကာကွယ်ရေးပေါ်လစီနှင့် ( ထုတ်ဖော်ပြောဆိုလေ့မရှိသော) ဘုံ နိုင်ငံခြားရေးပေါ်လစီတို့ကိုပါ လှုပ်နှိုးလျက် ရှိပေသည်။ ယင်းမှာ အီးယူးအဖွဲ့ဝင်

ဖြစ်ရန် မျှော်မှန်းချက်မှတစ်ဆင့် အရှေ့ဥရောပ၏တည်ငြိမ်မှုကို ရယူရန်ဖြစ်သည်။ *(မှတ်ချက်။ ယနေ့အီးအီးစီတွင် အဖွဲ့ဝင် ၂၅ နိုင်ငံ ပါရှိသည်)။*

**ပွင့်လင်းလာသောမျက်မှောက်ကမ္ဘာ (မျက်မှောက်ကမ္ဘာ မြင်ကွင်းသစ်)**

ဂလိုဘယ်လိုက်ဇေးရှင်းသည် ရာစုနှစ်ပေါင်းများစွာ ခရီးတွင်ခဲ့ပြီဖြစ်သော်လည်း ယခုအချိန်အခါ အဖြစ်အပျက်များသည် ကဏ္ဍအများစုတွင် မကြုံစဖူး ထူးကဲနေပေသည်။ ဂလိုဘယ်လိုက်ဇေးရှင်းသည် ယခင်ထက် ပိုမိုစစ်မှန်စွာ ကမ္ဘာနှင့်ချီ၍ ဖြစ်ပေါ်လာလျက်ရှိသည်။ ၁၉ ရာစုနှစ်နှောင်းပိုင်းတွင် ဂလိုဘယ်လိုက်ဇေးရှင်းကို ဥရောပနှင့်အမေရိကတိုက်များမှ အဓိကတွန်းအားပေးခဲ့ကြသည်။ ကျန်ကမ္ဘာ့နိုင်ငံများအနေဖြင့် ၎င်းတို့၏ ကုန်ကြမ်းများကို နယ်ချဲ့စိုးမိုးသူတို့၏ လုယူခံရခြင်း၊ သို့မဟုတ် ကမ္ဘာ့စီးပွားရေးမှ လျစ်လျူရှုခံရခြင်း၊ သို့မဟုတ် သီးခြားဖြစ်နေခဲ့ခြင်းတို့ ရှိနေပေသည်။ ၁၉၄၅ ခုနှစ်မှ ၁၉၈၀ ခုနှစ်ဝန်းကျင်အထိ ဂလိုဘယ်လိုက်ဇေးရှင်းသည် အနောက်ဥရောပနှင့် မြောက်အမေရိက၊ ထို့ပြင်အာရှ ထွက်ကုန်လုပ်ငန်းရှင်လက်တစ်ဆုပ်စာမျှ (ပထမ ဂျပန်၊ ယင်းနောက် တောင်ကိုရီးယား၊ တိုင်ဝမ်၊ စင်ကာပူနှင့် ဟောင်ကောင်၊ ထိုင်းနှင့် အခြားနိုင်ငံအနည်းငယ်) တို့ကိုသာ လွှမ်းခြုံခဲ့သည်။ သို့ဖြစ်၍ ကမ္ဘာ့လူဦးရေ လေးပုံတစ်ပုံမှနေထိုင်ကြသော နိုင်ငံများနှင့်သာ ဆက်နွယ်မှုရှိသည်ဟု ဆိုရပါမည်။ ထိုအချိန်မှစပြီး တရုတ်နိုင်ငံ၏

တံခါးဖွင့်ဝါဒ ကျင့်သုံးလိုက်မှုနှင့် ဆိုဗီယက်ပြည်ထောင်စုနှင့် ၎င်း၏ ကြိုးဆွဲပြည်နယ်များပြိုကွဲမှုသည် အရင်းရှင်ကမ္ဘာသို့ နောက်ထပ်လူ ၁.၇ သန်းကို ရောက်ရှိစေခဲ့သည်။ အမျိုးသားရေးလမ်းစဉ်ဖြင့် ဖွံ့ဖြိုးရန် ယခင်က ကြိုးပမ်းခဲ့သည့် ဖွံ့ဖြိုးဆဲကမ္ဘာမှ နိုင်ငံအများစု (အထူးသဖြင့် မက္ကဆီကိုနှင့်အိန္ဒိယ)သည် တံခါးဖွင့်ဝါဒကို ကျင့်သုံးလာကြသည်။ ယခုအခါ စီးပွားရေးပေါင်းကူးဆက်နွယ်မှုသည် ကမ္ဘာ့လူဦးရေ သုံးပုံတစ်ပုံနေထိုင်သောနိုင်ငံများနှင့် ဆက်စပ်ပတ်သက်လျက် ရှိပေပြီ။ ကျန်သုံးပုံတစ်ပုံမှာ ဤပေါင်းစည်းမှုမှ လွတ်ကင်းမှုရှိသည်ဟု မဆိုနိုင်သော်လည်း သီးခြားဖြစ်နေလျက်ပင်ရှိခဲ့သည်။

သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးသည် ယခင်ကထက် ပိုမိုလျင်မြန်ပြီး ပိုမိုဈေးသက်သာလာသည်။ ရေကြောင်းဖြင့် ကုန်စည်သယ်ဆောင်ခသည် ၁၉၂၀ ပြည့်နှစ်မှစပြီး သုံးပုံနှစ်ပုံ ကျဆင်းလာသည်။ လေကြောင်းသယ်ယူပို့ဆောင်ခသည် ၁၉၃၀ ပြည့်နှစ်မှစပြီး ခြောက်ပုံငါးပုံကျဆင်းခဲ့သည်။ (အမေရိကန်ပြည်ထောင်စု၏ သွင်းကုန်၏ ငါးပုံတစ်ပုံနှင့် ထွက်ကုန်၏သုံးပုံတစ်ပုံကို ယခုအခါ လေကြောင်းခရီးဖြင့် ပို့ဆောင်သည်)။ ပြည်ပခရီးထွက်ခြင်းသည် မိုးထိအောင်လျှောကားထောင်နိုင်ခဲ့သည်။ ကမ္ဘာလှည့်ခရီးသွားလာမှုသည် ၁၉၅၀ ပြည့်နှစ်တွင် ၂၅ သန်းမျှသာ ရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် သန်း ၇၀၀ အထိ တိုးတက်လာသည်။ နယူးယောက်မှ လန်ဒန်သို့ တယ်လီဖုန်း သုံးမိနစ်ခေါ် ဆိုခြင်းအတွက် ၁၉၃၀ ခုနှစ်တွင် ၂၄၅ ဒေါ်လာကုန်ကျခဲ့သော်လည်း ယခုဆိုလျှင် အင်တာနက်တွင် အခမဲ့နီးပါး ဖြစ်နေပေပြီ။ လူများစွာတို့သည် ၂၀၀၀ ပြည့်နှစ်တွင်

အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းခေါ် ဆိုပြီး စကားစမြည်ပြောဆိုမှု မိနစ်သန်းထောင်ပေါင်း ၁၀၁ သန်း ရှိခဲ့သည်။ ၁၉၇၅ ခုနှစ်ကထက် ၅ ဆ တိုးပွားခဲ့ခြင်းဖြစ်သည်။ အီးမေးလ်များသည် ခြေကုန်သုတ်ပြီး ကမ္ဘာတစ်လွှား ချက်ချင်းဆိုသလို ကူးသန်းလျက်ရှိကြသည်။ ၁၉၉၅ ခုနှစ်နှောင်းပိုင်းတွင် သန်း ၂၀ အောက်ရှိသော လူဦးရေသာ အင်တာနက်သုံးစွဲခဲ့သော်လည်း ၂၀၀၅ ခုနှစ်တွင် သန်း ၁၀၀၀ အထိ ရှိလာမည်ဟု ခန့်မှန်းထားပါသည်။ ၂၀၀၁ ခုနှစ်တွင် ကေဘယ်လ် တစ်ကြိုးမှ တစ်စက္ကန့်အတွင်း တင်ပို့နိုင်သော သတင်းအချက် အလက်သည် ၁၉၉၇ ခုနှစ်က အင်တာနက်တစ်ခွင်လုံးမှ တစ်လ အတွင်း ပို့ခဲ့သည့်ပမာဏထက် များပြားလာခဲ့ပေသည်။

ကမ္ဘာ့ကုန်သွယ်ရေးသည် စံချိန်အမြင့်ဆုံးသို့ တက်လျက် ရှိရာ ၂၀၀၀ ပြည့်နှစ်တွင် ဒေါ်လာသန်းသောင်းပေါင်း ၇. ၀ (ထြိလျံ ၇. ၈) (ကမ္ဘာမြေပေါ်ရှိ လူတစ်ဦးစီအတွက် ဒေါ်လာ ၁၃၀၀) တန်ဖိုးရှိ သော ကုန်စည်များနှင့် ဝန်ဆောင်မှုများကို အပြည်ပြည်ဆိုင်ရာ ကဏ္ဍတွင် ကူးသန်းရောင်းဝယ် ဖလှယ်ခဲ့သည်။ ကမ္ဘာ့စီးပွားရေး သည် ၁၉၅၀ ပြည့်နှစ်ကထက် ၆ ဆ ပိုမိုကြီးထွားလာပြီး ကမ္ဘာ့ ကုန်သွယ်ရေးပမာဏသည် ၂၂ ဆ နီးပါး တိုးပွားခဲ့သည်။ နယ်စပ် ဖြတ်ကျော်ကုန်သွယ်ရေးသည် ၁၉၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ဂျီဒီပီ၏ ရှစ်ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် ၂၅ ရာခိုင်နှုန်းသို့ မြင့်တက်လာသည်။ ယင်းသည် ယခင် ဂျီဒီပီ ထိပ်ဖျားဖြစ်ခဲ့သည့် ၁၉၁၄ ခုနှစ်က ၁၈ ရာခိုင်နှုန်းထက်များပြားစွာ ကြီးထွားလာခဲ့ခြင်း ဖြစ်သည်။

ကုန်သွယ်သည့် ကုန်ပစ္စည်းအမျိုးအမည်များသည်လည်း များပြားလာခဲ့သည်။ ၁၉၁၄ ခုနှစ်တွင် ကုန်သွယ်ရေးသည်အဓိက အားဖြင့် ဆီ၊ ရော်ဘာ၊ နှံစေ့ (ဂျုံစပါး) စသည့် ကုန်စည်များ၊ ထို့ပြင် ကော်တွန်ချည်ထည်အဝတ်အစားများ၊ သံထည်နှင့် သံမဏိကဲ့သို့ ထုတ်ကုန်ပစ္စည်းများသာဖြစ်ခဲ့သည်။ ယခုအခါ ကြေးနန်းဆက် သွယ်ရေး၊ ဘဏ္ဍာရေး၊ အာမခံလုပ်ငန်း၊ ကွန်ပျူတာဆော့ဖ်ဝဲ၊ စီမံအုပ်ချုပ်ရေးဆိုင်ရာ ကျွမ်းကျင်မှုနည်းပညာ စသည့်များပြားလှ သော ဝန်ဆောင်မှုများကိုလည်း ကုန်သွယ်လျက်ရှိကြသည်။ လက်ရှိ ကမ္ဘာ့ကုန်သွယ်ရေး၏ ငါးပုံတစ်ပုံသည် ဝန်ဆောင်မှုများဖြစ်နေသည်။ စဉ်ဆက်မပြတ်တိုးပွားလျက်ရှိသော ကုန်သွယ်ရေးဝေစုတစ်ခုမှာ အသိပညာဗဟုသုတနှင့် အတွေးအခေါ်များဖြစ်ပြီး ယင်းအား ယနေ့အခါ (အသိဉာဏ်ပစ္စည်း) ဉာဏပိုင်းဆိုင်ရာပိုင်ဆိုင်မှု (Intellectual Property) ဟု ခေါ်ဝေါ်သုံးနှုန်းလျက်ရှိသည်။ ဇီရာဂရာ မူပိုင်ခွင့်သည်လည်းကောင်း၊ ကူးယူခွင့်ပိတ်ပင်ထားသော မဒေါနား စီဒီအချပ်များသည်လည်းကောင်း၊ ကုန်သွယ်ခွင့်အမှတ်တံဆိပ် မူပိုင် ယူထားသည့် မက်ဒေါ်နယ်လ်စားသောက်ဆိုင်များသည် လည်း ကောင်း၊ ပြည်ပနိုင်ငံများမှ မူပိုင်ခွင့်အပေါ် အမြတ်ရာခိုင်နှုန်းနှင့် လိုင်စင်ကြေးများကောက်ခံမှုအနေဖြင့် အမေရိကန်ပြည်ထောင်စု အား ၁၉၆၀ ခုနှစ်တွင် ဒေါ်လာ ၈၃၇ သန်းရရှိစေခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်တွင် ဒေါ်လာသန်းထောင်ပေါင်း ၁၆. ၆ (ဘီလျံ ၁၆. ၆) နှင့် ၂၀၀၀ ပြည့်နှစ်တွင် ဒေါ်လာသန်းထောင်ပေါင်း ၃၈ (ဘီလျံ ၃၈) အထိ တိုးတက်ရရှိလာစေခဲ့သည်။

ပြည်ပရင်းနှီးမြှုပ်နှံမှုသည်လည်း ယခင်ထက် ကြီးထွားစိုးမိုးလျက်ရှိပေသည်။ ၁၉၈၅ ခုနှစ်တွင် ကုမ္ပဏီများသည် စက်ရုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ပြည်ပရုံးဌာနများအတွက် ဒေါ်လာသန်းထောင်ပေါင်း ၅၀ (ဘီလျံ ၅၀) သာ ရင်းနှီးခဲ့သည်။ ၂၀၀၀ ပြည့်နှစ်ရောက်ချိန်တွင် ၎င်းတို့၏ နိုင်ငံခြားတွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်) သည် ဒေါ်လာသန်းသောင်းပေါင်း ၁. ၃ (ထြီလျံ ၁. ၃) ရှိလာခဲ့သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုသည် စုစုပေါင်းကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု၏ အစိတ်အပိုင်းအနေဖြင့် ၁၉၈၂ ခုနှစ်တွင် လေးဆယ်ပုံတစ်ပုံ၊ ၂၀၀၀ ပြည့်နှစ်တွင် ငါးပုံတစ်ပုံ ရှိပေသည်။ ကုမ္ပဏီများ၏ စုစည်းအက်ဖ်ဒီအိုင် စတော့တန်ဖိုးသည် ဒေါ်လာသန်းသောင်းပေါင်း ၆. ၃ (ထြီလျံ ၆. ၃) ရှိပြီး ၁၉၈၂ ခုနှစ်က ဒေါ်လာ သန်းထောင်ပေါင်း ၇၁၉ (ဘီလျံ ၇၁၉) ထက် တိုးပွားလာခဲ့သည်။ နိုင်ငံခြားသားများ၏ ပိုင်ဆိုင်မှုတန်ဖိုးသည် ၁၉၉၅ ခုနှစ်တွင် ကမ္ဘာ့ဝင်ငွေ၏ ၅၆. ၈ ရာခိုင်နှုန်းရှိလာပြီး ၁၉၁၄ ခုနှစ်က ထိပ်ဖျားဖြစ်ခဲ့သည့် ၁၇. ၅ ရာခိုင်နှုန်းထက် များစွာတိုးပွားလာသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် လွန်ခဲ့သည့်ရာစုနှစ်တစ်ခုက ထုထည်ကြီးမားခဲ့သည်ဆိုသော်လည်း ထိရောက်မှုနည်းပါးခဲ့ပြီး များသောအားဖြင့် နိုင်ငံခြားအစိုးရများသို့ ချေးငွေထုတ်ပေးခြင်း၊ သို့မဟုတ် နိုင်ငံခြားမီးရထားလုပ်ငန်းနှင့် သတ္တုတွင်းလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံခြင်းတို့သာ ရှိခဲ့ပေသည်။ ယခုအခါ နိုင်ငံခြားသားများသည် ကုန်ထုတ်လုပ်မှုအပြင် ဝန်ဆောင်မှုများတွင်လည်းကောင်း၊ အစုရှယ်ယာများနှင့် ကတိစာချုပ်များဝယ်ယူခြင်းတွင်လည်းကောင်း၊ အစိုးရများသို့

သာမက ကုမ္ပဏီများသို့ပါ ချေးငွေထုတ်ပေးခြင်းတွင်လည်းကောင်း ရင်းနှီးမြှုပ်နှံလျက် ရှိကြသည်။

နိုင်ငံစုံအခြေစိုက်ကုမ္ပဏီကြီးများသည် ယခင်ကထက် ပိုမို အရေးပါလာခဲ့ကြသည်။ အရှေ့အိန္ဒိယကုမ္ပဏီနှင့် ဟာဒ်ဆန်ဘေး ကုမ္ပဏီတို့သည် တစ်ချိန်တစ်ခါက ဘုန်းတန်ခိုးကြီးမားသော ကုမ္ပဏီ ကြီးများဖြစ်ခဲ့သည်မှန်သော်လည်း ၎င်းတို့သည် သာမန်ကုမ္ပဏီများ မဟုတ်ခဲ့ကြဟု ဆိုရန်ရှိပေသည်။ လွန်ခဲ့သည့်နှစ် ၁၀၀ ခန့်က နိုင်ငံစုံ ကုမ္ပဏီကြီးများ ရှားပါးခဲ့သည်။ ယူနိုက်တက် သစ်သီးကုမ္ပဏီနှင့် သတ္တုတွင်းနှင့် မီးရထားလုပ်ငန်းအချို့မှအပ အခြားကုမ္ပဏီလုပ်ငန်း များမရှိခဲ့ပါ။ ကုမ္ပဏီများအနေဖြင့်လည်း ကမ္ဘာတစ်လွှားစက်ရုံများ တည်ထောင်မည့်အစား နိုင်ငံခြားဈေးကွက်များသို့ ထုတ်ကုန်တင်ပို့ ခြင်းမျိုးသာ ရှိခဲ့သည်။ သို့သော် ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာတစ်လွှားရှိ နိုင်ငံစုံအခြေစိုက်ကုမ္ပဏီကြီး ၆၀၀၀၀ ဖြင့် ဆက်နွယ်နေသည့် နိုင်ငံခြားကုမ္ပဏီ ၈၀၀၀၀၀ တို့သည် ကမ္ဘာလုံးဆိုင်ရာရောင်းဝယ်ရေးမှ ဒေါ်လာ သန်းသောင်းပေါင်း ၁၅.၇ (ထြိလျံ ၁၅.၇) ကို ရယူနိုင်ခဲ့ ကြသည်။ ယင်းသည် ကမ္ဘာ့ကုန်သွယ်ရေးတန်ဖိုး၏ နှစ်ဆရှိသည်။ အမေရိကန်ကုန်သွယ်ရေး၏ ငါးပုံလေးပုံခန့်သည် နိုင်ငံစုံအခြေ စိုက်ကုမ္ပဏီကြီးများနှင့် ဆက်စပ်နေပြီး ငါးပုံနှစ်ပုံခန့်သည် တစ်သီး ပုဂ္ဂလကုမ္ပဏီများ၏ လက်အောက်ခံကုမ္ပဏီခွဲများအကြား ကုန်သွယ် မှုနှင့် ဆက်စပ်နေပါသည်။

နိုင်ငံစုံ အခြေစိုက်ကုမ္ပဏီကြီးများ ကြီးထွားလာခြင်းသည် ကုန်ထုတ်လုပ်မှု ကြီးမားစွာပြောင်းလဲခြင်းဖြင့် ဆက်နွယ်နေသည်။

မော်တော်ကားများ၊ ကွန်ပျူတာများ၊ ဖိနပ်များ စသည်တို့ကို တစ်နေရာတည်းတွင် မထုတ်လုပ်ကြတော့ပေ။ အမေရိကန်လုပ်ဟု ဆိုသည့် တစ်ဦးသုံးကွန်ပျူတာ (ပီစီ PC) တစ်လုံးကိုဖွင့်ကြည့်လိုက်မည်ဆိုပါက ဂျပန်နှင့်ကိုရီးယားမှ မယ်မိုရီချစ်ပ် (memory chip)၊ စင်ကာပူရှိ အမေရိကန်ကုမ္ပဏီတစ်ခုမှဒစ်က်ဒရိုက်ဗ် (disk drive) နှင့် ထိုင်ဝမ်မှမားသားဘုတ် (motherboard) တို့ကို တွေ့ကောင်းတွေ့ရပေမည်။ ကုန်ပစ္စည်းထုတ်လုပ်မှုကို ယခုအခါ ကမ္ဘာအနှံ့ ဖြန့်ချိထားပြီး ထုတ်လုပ်မှုတစ်ဆင့်ချင်းအတွက် ဈေးအသက်သာဆုံးနေရာတွင် လုပ်ငန်းဆောင်ရွက်စေသည့်နည်းလမ်းကို ကျင့်သုံးလာကြသည်။ သီးခြားကွန်ပိုးနင့် (အစိတ်အပိုင်း) များကို ကွဲပြားသောနိုင်ငံများတွင် ထုတ်လုပ်နိုင်ပြီး အခြားနိုင်ငံတစ်ခုတွင် စုစည်းတပ်ဆင်နိုင်သကဲ့သို့ ဒီဇိုင်းထုတ်လုပ်မှုနှင့် ဈေးကွက်ကြော်ငြာခြင်းကို အခြားတစ်နေရာတွင် ပြုလုပ်နိုင်ပေသည်။ လေ့လာဆန်းစစ်ချက်တစ်ခုအရ အမေရိကန် မော်တော်ယာဉ်တစ်မျိုး၏ ထုတ်လုပ်မှု၊ ဈေးကွက်တင်မှုနှင့် ရောင်းချမှုတို့သည် နိုင်ငံ ၉ နိုင်ငံနှင့် ဆက်စပ်ပတ်သက်နေသည်ကို တွေ့ရှိရပေသည်။ ထုတ်လုပ်မှုတန်ဖိုး၏ ၃၇ ရာခိုင်နှုန်းကိုသာ အမေရိကန်ပြည်ထောင်စုတွင် လုပ်ကိုင်ဆောင်ရွက်ပြီး ယင်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းသည် တောင်ကိုရီးယားတွင် ကားတပ်ဆင်ခြင်းအတွက်လည်းကောင်း၊ ၁၇.၅ ရာခိုင်နှုန်းသည် ဂျပန်မှ ကွန်ပိုးနင့်များနှင့် အဆင့်မြင့်နည်းပညာအတွက်လည်းကောင်း၊ ၇.၅ ရာခိုင်နှုန်းသည် ဂျာမနီမှ ဒီဇိုင်းအတွက်လည်းကောင်း၊ ၄ ရာခိုင်နှုန်းသည် ထိုင်ဝမ်နှင့် စင်ကာပူမှ အသေးစားအပိုပစ္စည်းများအတွက်လည်းကောင်း၊ ၂.၅

ရာခိုင်နှုန်းသည် ပြိုင်ဘက်များနှင့် ကြော်ငြာခြင်းနှင့် စျေးကွက်တင်ခြင်းအတွက်လည်းကောင်း၊ ၁. ၅ ရာခိုင်နှုန်းသည် အိုင်ယာလန်နှင့် ဘားဘေးဒေါ့စ်မှ ကွန်ပျူတာကိန်းဂဏန်းအချက်အလက်များ သိမ်းဆည်းထုတ်လုပ်ပေးခြင်းအတွက်လည်းကောင်း သက်ဆိုင်လျက်ရှိပေသည်။

အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာငွေစီးဆင်းမှုသည် ယခုလောက်တစ်ခါမှ မများခဲ့ဘူးပေ။ အမေရိကန်များအနေဖြင့် နိုင်ငံခြားသားများနှင့် အစုရှယ်ယာများ၊ စာချုပ်များရောင်းဝယ်ဖောက်ကားခြင်း ပမာဏသည် ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံ့ဂျီဒီပီ၏ ၄ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၁၉၉၉ ခုနှစ်တွင် ၂၃၀ ရာခိုင်နှုန်းသို့ တိုးမြင့်လာခဲ့သည်။ ဂျာမန်တို့သည် ၁၉၈၀ ပြည့်နှစ်တွင် ဂျီဒီပီ၏ ၇ ရာခိုင်နှုန်းမှ ၁၉၉၈ ခုနှစ်တွင် ၃၃၄ ရာခိုင်နှုန်းသို့ လည်းကောင်း၊ အီတာလျံတို့သည် တစ်ရာခိုင်နှုန်းမှ ၆၄၀ ရာခိုင်နှုန်းသို့လည်းကောင်း တိုးပွားဆောင်ရွက်ခဲ့ကြသည်။ ဂျပန်နိုင်ငံ၌ ၁၉၇၅ ခုနှစ်တွင် ၂ ရာခိုင်နှုန်းသာရှိရာမှ ၁၉၉၈ ခုနှစ်တွင် ၉၁ ရာခိုင်နှုန်းသို့ တိုးတက်ခဲ့ပေသည်။ ဘဏ်များကလည်း ပြည်ပသို့ချေးငွေများ တိုး၍တိုး၍ ထုတ်ပေးလာကြသည်။ ၁၉၈၃ ခုနှစ်နှောင်းပိုင်းတွင် ဘဏ်များသို့ကြွေးတင်ပြီး မပေးဆပ်ရသေးသော နိုင်ငံခြားချေးငွေ၊ စာချုပ်များနှင့် အခြားပိုင်ဆိုင်မှုများတန်ဖိုးသည် ဒေါ်လာ သန်းသောင်းပေါင်း ၂. ၁ (ထရီလျံ ၂. ၁) ရှိခဲ့သည်။ ကုမ္ပဏီများအနေဖြင့် ဘဏ်များမှချေးငှားခြင်းထက် ငွေရင်းစျေးကွက်များမှ ချေးငှားခြင်းဘက်သို့ အတော်များများ ပြောင်းလဲဆောင်ရွက်ခဲ့ကြသည်။ ၂၀၀၁ ခုနှစ် နှစ်လယ်ခန့်တွင် အဆိုပါတန်ဖိုးသည်

ငါးဆအထက် မြင့်တက်လာပြီး ဒေါ်လာ သန်းသောင်းပေါင်း ၁၀. ၉ (ထြီလျံ ၁၀. ၉) ရှိလာခဲ့သည်။ ငွေကြေးဈေးသည်များသည် တစ်နေ့လျှင် ဒေါ်လာ သန်းသောင်းပေါင်း ၁. ၂ (ထြီလျံ ၁. ၂) ကို လက်ပြောင်းလက်လွှဲလုပ်ကြသည်။ ၁၉၇၀ ပြည့်လွန်နှစ်များက တစ်ရက်လျှင် ဒေါ်လာ သန်းထောင်ပေါင်း ၁၀ (ဘီလျံ ၁၀) သာ ရှိခဲ့ရာမှ တိုးပွားလာခြင်းဖြစ်သည်။ ဆင့်ပွားကုန်စည်ကုန်သည်များက ကောင်တာပေါ် ငွေလွှဲစနစ်နှင့် အတိုးနှုန်းကန်ထရိုက်စနစ်တို့ဖြင့် ရောင်းဝယ်ဖောက်ကားမှုတန်ဖိုးသည် တစ်ရက်လျှင် ဒေါ်လာ သန်းထောင်ပေါင်း ၆၀၀ (ဘီလျံ ၆၀၀) ရှိခဲ့ပေသည်။

သို့ရာတွင် ကမ္ဘာ့စီးပွားရေးသည် ချုပ်ရိုးမဲ့ကွန်ယက်တစ်ခု ဖြစ်မည့်အစား ပုံပန်းမကျသော စပ်စောင်တစ်ခုနှင့် ပိုတူနေခဲ့ပေသည်။ စီးပွားရေး၏အစိတ်အပိုင်းတိုင်းသည် ပွင့်လင်းမှုမရှိသေးပေ။ ချမ်းသာသောနိုင်ငံများသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် လွတ်လပ်သော ကုန်သွယ်ရေးစနစ်ကို ကျယ်ပြန့်စွာကျင့်သုံးခဲ့သည်။ သို့သော်လည်း အဝတ်အထည်နှင့် သံမဏိကဏ္ဍများကိုမူ ဤစနစ်မှ သိသာစွာချွင်းချက်ပေးထားသည်။ ၎င်းတို့သည် လယ်ယာကဏ္ဍကို မဆိုထားနှင့်၊ ဝန်ဆောင်မှုကဏ္ဍအများအပြားကိုလည်း အကာအကွယ်ပေးဆဲပင်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုအတွင်း နိုင်ငံခြားလေကြောင်းလိုင်းများ ပျံသန်းခွင့်မရှိပေ။ ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံခြားဆန်အပေါ် ကောက်ခံသည့်အခွန်မှာ ၁၀၀၀ ရာခိုင်နှုန်းဖြစ်သည်။ နိုင်ငံ့စီးပွားရေး၏ အရေးပါသောကဏ္ဍများဖြစ်သည့် ပြည်သူ့ကျန်းမာရေးနှင့် ပညာရေး စသည်တို့ကို အစိုးရများကသာ

စီမံဆောင်ရွက်သည့် အလေ့အထရှိပြီး နိုင်ငံခြားကုမ္ပဏီများမှ ဝင်ရောက်လုပ်ကိုင်ရန် အခွင့်အလမ်း မရရှိကြပါ။ ကုန်သွယ်ရေး လွတ်လပ်ခွင့်ရှိသည်ဟု ယူဆရသည့်နေရာမျိုး၌ပင် အစိုးရများသည် သွင်းကုန်များဝင်လာခြင်းကို နည်းအမျိုးမျိုးဖြင့် တားမြစ်ရန်ကြံစည် ဆောင်ရွက်ကြသည်။ ဥပမာ - ပညာသားပါပြီး ရှုပ်ထွေးပွေလီသော လုပ်ငန်းဆိုင်ရာစည်းမျဉ်းများနှင့် စံနှုန်းသတ်မှတ်ချက်များထားရှိခြင်း၊ သွင်းကုန်များ တစ်ရှိန်ထိုးတက်ခြင်းမှ ကာကွယ်သည့် စီမံချက်များ ထားရှိခြင်း၊ မတော်မတရား ဈေးသက်သာနေသည်ဟု ယူဆရသော နိုင်ငံခြားထုတ်ကုန်များ ပုံအောလာခြင်းမှကာကွယ်ရန် အခွန် သတ်မှတ်ကောက်ခံခြင်း စသည့် နည်းလမ်းများကို ကျင့်သုံးကြသည်။ ဆင်းရဲသောနိုင်ငံများသည် များသောအားဖြင့် ချမ်းသာသောနိုင်ငံ များထက် ကုန်သွယ်ရေးအဟန့်အတားများ ပိုမိုထားရှိကြသည်။ သို့ရာတွင် ချမ်းသာသောနိုင်ငံများမှထားရှိသော ကုန်သွယ်ရေး အဟန့်အတားများသည် သိသိသာသာ ထိခိုက်မှုရှိစေသည်။ အကြောင်းမှာ အဆိုပါ အဟန့်အတားများကို ဆင်းရဲသောနိုင်ငံများ မှ နှိုင်းယှဉ်အားသာချက် သိသိသာသာရှိသည့် စားသောက်ကုန်နှင့် အဝတ်အထည်ကဏ္ဍများတွင် ထားရှိကြခြင်းကြောင့် ဖြစ်ပေသည်။

အချို့စီးပွားရေးတို့သည် ကျန်စီးပွားရေးတို့ထက်ပိုပြီး အပြည်ပြည်ဆိုင်ရာ သဘောသက်ရောက်ပေသည်။ အမေရိကန် ပြည်ထောင်စုကဲ့သို့ ကြီးမားသော ကမ္ဘာ့တိုက်စီးပွားရေးတစ်ခု အနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် ၎င်း၏ ဂျီဒီပီ၏ ၁၃ ရာခိုင်နှုန်းကို သာ ကုန်သွယ်ခဲ့သော်လည်း စီးပွားရေး အလယ်အလတ်ရှိသော

ပြိုတိန်မှ ၂၈. ၅၊ ပြင်သစ်မှ ၂၉ နှင့် ဂျာမနီမှ ၃၄ ရာခိုင်နှုန်း အသီးသီး ကုန်သွယ်ခဲ့ကြသည်။ သေးငယ်သောစီးပွားရေးရှိသည့် အိုင်ယာလန် သည် ၉၃ ရာခိုင်နှုန်း၊ ယင်းထက်ပိုသေးငယ်သည့် စင်ကာပူက ၁၁၀ ရာခိုင်နှုန်း အသီးသီး ကုန်သွယ်ကြသည်။ အချို့စီးပွားရေးတို့က ပိုမိုပွင့်လင်းလာလျက်ရှိသော်လည်း ကျန်ရှိသည့် အချို့အစိတ်အပိုင်း တို့သည် ပွင့်လင်းမှုမရှိကြပါ။ တရုတ်နိုင်ငံသည် ၂၀၀၀ ပြည့်နှစ်တွင် ၁၉၈၀ ပြည့်နှစ်ကထက် နှစ်ဆခွဲ ပိုမိုကုန်သွယ်လာပြီး ယင်းမှာ နိုင်ငံ့ ဂျီဒီပီ၏ ၂၅ ရာခိုင်နှုန်းရှိသည်။ အမေရိကန်ပြည်ထောင်စုမှ ယင်းထက် အနည်းငယ်ပို၍လည်းကောင်း၊ ဂျပန်မှ ယင်းထက် ပိုနည်းပါးစွာလည်းကောင်း (၁၉၈၀ ပြည့်နှစ်တွင် အမျိုးသားဝင်ငွေ၏ ၁၄. ၅ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် ၁၁ ရာခိုင်နှုန်းသို့ ကျဆင်း) ကုန်သွယ်ခဲ့ကြသည်။

စစ်မှန်သည့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်နိုင်ငံများ နည်းပါးလှ ပေသည်။ အများစုမှာ အဓိကအားဖြင့် ဒေသတွင်းအိမ်နီးချင်းနိုင်ငံ များဖြစ်သော အခြားနိုင်ငံလက်တစ်ဆုပ်ခန့်မျှနှင့်သာ ကုန်သွယ်ကြ သည်။ အနောက်ဥရောပ ကုန်စည်ကုန်သွယ်ရေး၏ သုံးပုံနှစ်ပုံကျော် ခန့်သည် ဒေသတွင်းရှိ အခြားနိုင်ငံများနှင့် ကုန်သွယ်ခြင်းဖြစ်သည်။ ဥရောပဘုံဈေးကွက်အဖွဲ့ဝင် ၁၅ နိုင်ငံ၏ ကုန်သွယ်ရေးသည် ၎င်းတို့ အချင်းချင်းအကြား ၆၃. ၅ ရာခိုင်နှုန်းရှိသည်။ ယင်းအီးယူနိုင်ငံများ အားလုံးသည် ကျန်ကမ္ဘာ့နိုင်ငံများဖြင့် ကုန်သွယ်ခြင်းထက် အချင်းချင်းကုန်သွယ်ရေးကို ပိုမိုဦးစားပေးကြသည်။ မြောက်အာဖရိက ကုန်သွယ်ရေးအဖွဲ့အစည်း (နတ်ဖ်တာ) ၏ အဖွဲ့ဝင် သုံးနိုင်ငံသည်

လည်း ၎င်းတို့အချင်းချင်းသာ ကုန်သွယ်မှုပိုများပါသည်။ ၎င်းတို့ထွက်ကုန်၏ တစ်ဝက်ကျော်သည် နတ်ဖ်တာအတွင်းသို့ တင်ပို့ခြင်းဖြစ်သကဲ့သို့ သွင်းကုန်၏ငါးပုံနှစ်ပုံသည်လည်း နတ်ဖ်တာအတွင်းမှ တင်သွင်းခြင်းပင်ဖြစ်သည်။ အာရှထွက်ကုန်များ၏ တစ်ဝက်အောက်ခန့်သည် အခြားအာရှနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်သကဲ့သို့ အာရှသွင်းကုန်များ၏ ငါးပုံသုံးပုံသည် ဒေသတွင်းမှပင် တင်သွင်းခြင်းဖြစ်သည်။

သို့ဖြစ်၍ ကမ္ဘာ့စီးပွားရေးသည် ယခင်ကထက်ပိုပြီး ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းမှုရှိလာသည် မှန်သော်လည်း ထင်သလောက် ခရီးပေါက်လှသည် မဟုတ်ပါ။ မိမိဘာသာ ဖူလုံမှုရှိနေသော ဒေသဆိုင်ရာအချက်အချာဌာနေသုံးခုသည် ကမ္ဘာ့စီးပွားရေး၏ လေးပုံသုံးပုံနှင့် သက်ဆိုင်နေသည်။ ၎င်းတို့မှာ ကျန်ကမ္ဘာ့နိုင်ငံများဖြင့် ၎င်းတို့စုပေါင်းထွက်ကုန်၏ ၁၁ ရာခိုင်နှုန်းကိုသာ ကုန်သွယ်သော အီးယူနိုင်ငံများ၊ ၈ ရာခိုင်နှုန်းကိုသာ ကုန်သွယ်သော နတ်ဖ်တာနိုင်ငံများနှင့် ၁၁ ရာခိုင်နှုန်းကိုသာ ကုန်သွယ်သော ဂျပန်နိုင်ငံတို့ ဖြစ်သည်။ ကျန်ကမ္ဘာ့နိုင်ငံများသည် အဆိုပါအချက်အချာ တစ်ခုမဟုတ်တစ်ခုဖြင့် ရှုပ်ထွေးလှသောနှစ်နိုင်ငံ (သို့မဟုတ် ဒေသဆိုင်ရာ) ကုန်သွယ်ရေး သဘောတူညီချက်များမှတစ်ဆင့် ဆက်နွှယ်နေကြသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပုံစံသည်လည်း မျှတမှုမရှိဘဲ ကမ္ဘာတစ်လွှား နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံငွေ (အက်ဖ်ဒီအိုင်) စီးဆင်းမှုအများစု (၈၅ရာခိုင်နှုန်း) သည် အမေရိကန်နှင့် ဥရောပကုမ္ပဏီ

များမှ ဖြစ်နေသည်။ ယင်း၏ ၇၀ ရာခိုင်နှုန်းကို အမေရိကန်ပြည်ထောင်စုနှင့် အီးယူတွင် ရင်းနှီးမြှုပ်နှံကြသည်။ ၂၀၀၀ ပြည့်နှစ်တွင် ဗြိတိန်သည် ကမ္ဘာ့အက်ဖ်ဒီအိုင်အများဆုံး၏ ပင်ရင်းနိုင်ငံဖြစ်ပြီး အက်ဖ်ဒီအိုင် တတိယအများဆုံး လက်ခံရရှိသည့် နိုင်ငံဖြစ်သကဲ့သို့ အမေရိကန်ပြည်ထောင်စုသည် အက်ဖ်ဒီအိုင် တတိယအများဆုံး၏ ပင်ရင်းနိုင်ငံဖြစ်ပြီး အက်ဖ်ဒီအိုင်အများဆုံး လက်ခံရရှိသည့် နိုင်ငံဖြစ်ခဲ့သည်။ ဂျပန်ကုမ္ပဏီများသည် နိုင်ငံခြားတွင် ပမာဏများပြားစွာ ရင်းနှီးမြှုပ်နှံလေ့ရှိကြသည်။ သို့သော် ဆယ်နှစ်ခန့်စီးပွားရေး ကျဆင်းမှုကာလသည် အဆိုပါအနေအထားကို ရပ်တန့်စေခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ၁၉၉၄ ခုနှစ်တွင် ကမ္ဘာ့အက်ဖ်ဒီအိုင်၏ ထိပ်ဖျားဖြစ်ခဲ့သည့် ၄၁ ရာခိုင်နှုန်းရရှိနေရာမှ ၂၀၀၀ ပြည့်နှစ်တွင် ၁၉ ရာခိုင်နှုန်းသာ ရရှိတော့သည်။ အက်ဖ်ဒီအိုင် အများဆုံးလက်ခံရရှိသော နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘရာဇီးလ်နိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့ ဖြစ်ကြသည်။ အဆင်းရဲဆုံးနိုင်ငံများသည် နည်းပါးလှစွာသာ ရရှိကြပေသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အချို့နိုင်ငံများအဖို့ ကျန်နိုင်ငံများထက် အရေးကြီးလျက်ရှိပေသည်။ ၁၉၉၉ ခုနှစ်တွင် အက်ဖ်ဒီအိုင်စီးဝင်မှုသည် အိုင်ယာလန်တွင် စုစုပေါင်းပုံသေရင်းနှီးမြှုပ်နှံမှု၏ ၉၂ ရာခိုင်နှုန်း၊ ဗြိတိန်တွင် ၃၂. ၅ ရာခိုင်နှုန်း၊ သို့သော် အမေရိကန်တွင် ၁၇. ၉ ရာခိုင်နှုန်း၊ ပြင်သစ်တွင် ၁၇. ၅ ရာခိုင်နှုန်း၊ ဂျာမနီတွင် ၁၁. ၈ ရာခိုင်နှုန်းနှင့် ဂျပန်တွင် ၁. ၁ ရာခိုင်နှုန်းခန့်သာ ရှိခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် သက်ဆိုင်ရာပျမ်းမျှကိန်းဂဏန်းမှာ ၁၃. ၈ ရာခိုင်နှုန်းဖြစ်သည်။

နိုင်ငံအများစုတွင် ကဏ္ဍအတော်များများ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို သတိကြီးစွာထားပြီး တားမြစ်လျက်ပင်ဖြစ်သည်။ အမေရိကန်၏ ဂျုံးစ်အက်ဥပဒေ (Jones Act) တွင် အမေရိကန်ဆိပ်ကမ်းများအကြား ကုန်စည်နှင့် ခရီးသည်များတင်ပို့သော ရေယာဉ်များသည် အမေရိကန်နိုင်ငံသားများသာ ပိုင်ဆိုင်ရမည်၊ အမေရိကန်သင်္ဘောကျင်းတွင် ဆောက်လုပ်သည့် ရေယာဉ်ဖြစ်ရမည်၊ အမေရိကန်နိုင်ငံသားများအမှုထမ်းသည့် ရေယာဉ်ဖြစ်ရမည်ဟု သတ်မှတ်ချက်များ ထားရှိသည်။ ပြင်သစ်နိုင်ငံသည်လည်း ၎င်း၏ ပုဂ္ဂလိက ကုန်စည်ထုတ်လုပ်မှုကို နိုင်ငံခြားသားများ ပိုင်ဆိုင်မှုမရှိစေရန် စိုးရိမ်ကြီးစွာဖြင့် အကာအကွယ်ပေးထားသည်။ အိန္ဒိယတွင် နိုင်ငံခြားသားပိုင် စူပါမတ်ကက်ကြီးများ ဖွင့်လှစ်လုပ်ကိုင်ခွင့်မရှိပေ။ အလားတူပင် ကာလတိုငွေအရင်းအနှီးသည် အပြည့်အဝလွတ်လပ်စွာစီးဆင်းခွင့်မရှိပေ။ နိုင်ငံအများအပြား၊ အထူးသဖြင့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင် ငွေကြေးအဝင်အထွက်ကို ဆန္ဒအလျောက် ဆောင်ရွက်ခြင်းမျိုးမပြုရန် တားမြစ်ထားသည်။

ဤသည်မျှမကသေး၊ ဂလိုဘယ်လိုက်ဇေးရှင်းသည် အရေးကြီးသည့်ကဏ္ဍတစ်ခုတွင် နောက်ကြောင်းပြန်ဆုတ်ခွာနေပေသည်။ ယင်းမှာ ၁၉ ရာစုနှစ်က လူများသန်းချီပြီး ပြောင်းရွှေ့နေထိုင်ခဲ့ကြသော်လည်း ယခုအခါ နိုင်ငံအများစုသည် ယင်းသို့ပြောင်းရွှေ့မှုအပေါ် တင်းကျပ်စွာပိတ်ဆို့ထားကြခြင်းပင် ဖြစ်သည်။ အိုင်ယာလန်သည် ၎င်း၏ အလုပ်သမားအင်အားစု၏ ထက်ဝက်ခန့်ကို ၁၈၇၀ ပြည့်နှစ်နှင့် ၁၉၁၀ ပြည့်နှစ်များအကြားတွင် ဆုံးရှုံးခဲ့သည်။ အမေရိကန်တွင်

ရှိရင်းစွဲ လုပ်အားစု၏ လေးပုံတစ်ပုံတိုးပွားလာသည်။ မှန်ပါသည်။ ၁၉၅၀ နှင့် ၁၉၆၀ ပြည့်လွန်နှစ်များတွင် အနောက်ဥရောပနိုင်ငံများသို့ ၎င်းတို့၏ ယခင်ကိုလိုနီနိုင်ငံများမှ လူဦးရေ ၇. ၅ သန်း ပြောင်းရွှေ့ခဲ့ကြသည်။ သို့သော် ယင်းအချိန်နောက်ပိုင်းကစပြီး လူများပြောင်းရွှေ့သွားလာမှုသည် မဖြစ်စလောက်သာရှိတော့သည်။ ယခုအခါ အမေရိကန်စီးပွားရေး သူကြွယ်ကြီးများသည် ကမ္ဘာတစ်ခွင် ဂျက်လေယာဉ်ဖြင့် အတားအဆီးမဲ့ သွားလာနိုင်ကြသော်လည်း မက္ကဆီကန်လယ်ယာလုပ်သားများအပါအဝင် အိန္ဒိယလူမျိုး ကွန်ပျူတာပရိုဂရမ်မာများသည် ခက်ခဲလှသည့် အမေရိကန်ယာယီအလုပ်ဗီဇာရရန် အပြင်းအထန် ကြိုးပမ်းကြရသည်။ ၁၉၀၀ ပြည့်နှစ်က အမေရိကန်လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသည် နိုင်ငံရပ်ခြားဇာတိဖွားများဖြစ်ကြသည်။ ယခုဆိုလျှင် ၁၀ ရာခိုင်နှုန်းသာ ရှိတော့သည်။ ခန့်မှန်းခြေတစ်ခုအရ ကမ္ဘာ့လူဦးရေ၏ ၂. ၅ ရာခိုင်နှုန်းအောက်ရှိသော လူဦးရေသာလျှင် ပြည်ပတွင် သွားရောက်အခြေချလုပ်ကိုင်ကြသည်။ လုပ်သားစု လွတ်လပ်စွာပြောင်းရွှေ့မှုကို အမွှမ်းတင်အားပေးသည့် အီးယူး၌ပင် ၁၉၉၈ ခုနှစ်တွင် နိုင်ငံခြားသား အလုပ်သမားဦးရေသည် စုစုပေါင်းလုပ်သားအင်အားစု၏ ၃ ရာခိုင်နှုန်းသာ ရှိခဲ့ပေသည်။

ပြောင်းရွှေ့သွားလာမှုအသွင်သဏ္ဌာန်သည် အချိုးအစားညီမျှမှု မရှိပေ။ ဩစတြေးလျလူမျိုးများ၏ လေးပုံတစ်ပုံသည် နိုင်ငံရပ်ခြား ဇာတိဖွားများဖြစ်ကြသည်။ အခြားအစိုးရများသည် မိမိတို့ပြည်တွင်းနေထိုင်သူများ မည်သည့်အရပ်တွင် မွေးဖွားခဲ့သည်ကို

မှတ်သားခြင်းထက် ပြည်တွင်းနေနိုင်ငံခြားသားဦးရေကို ရေတွက်ထားလေ့ရှိကြသည်။ အီးယူလူဦးရေ၏ ၅ ရာခိုင်နှုန်းကျော်ကျော်ခန့်သည် နိုင်ငံခြားသားများဖြစ်ကြပြီး ဂျပန်နိုင်ငံတွင်မူ တစ်ရာခိုင်နှုန်းသာရှိသည်။ ၁၉၉၉ ခုနှစ်တွင် ဗြိတိန်လူဦးရေ၏ ၃. ၈ ရာခိုင်နှုန်း၊ ပြင်သစ်လူဦးရေ၏ ၅. ၆ ရာခိုင်နှုန်း၊ ဂျာမနီလူဦးရေ၏ ၈. ၉ ရာခိုင်နှုန်းနှင့် ဆွစ်ဇာလန်လူဦးရေ၏ ၁၉. ၂ ရာခိုင်နှုန်းတို့သည် နိုင်ငံခြားသားများ ဖြစ်ကြသည်။ ၁၉၉၉ ခုနှစ်တွင် ခိုလှုံခွင့်တောင်းခံခဲ့သူများ (asylum seekers) အနက်မှ ဥရောပတွင် ၀. ၅ သန်း၊ အမေရိကတွင် ၄၃၀၀၀ နှင့် ဩစတြေးလျတွင် ၈၀၀၀ ခန့် လက်ခံခဲ့ကြသည်။ နိုင်ငံခြားသားအများအပြားသည် ရေနံကြွယ်ဝသောပင်လယ်ကွေ့နိုင်ငံများတွင် သွားရောက်လုပ်ကိုင်ကြသည်။ ဖိလစ်ပိုင်နိုင်ငံသားအများအပြားသည် အခြားအာရှနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြသည်။ အာဖရိကတိုက်တောင်ဘက်ပိုင်းမှ လူများသည် တောင်အာဖရိကနိုင်ငံတွင် အသက်မွေးဝမ်းကျောင်းပြုကြသည်။

နယ်စပ်ဖြတ်ကျော်နိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှုသည် ယခင်ထက် ကြီးထွားလာခဲ့သည်။ လွန်ခဲ့သည့်နှစ် (၁၀၀) က အီးယူ မဆိုထားနှင့်၊ ကမ္ဘာ့ကုလသမဂ္ဂ၊ ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းများပင် မရှိခဲ့ပါ။ ဖိုင်နင်ရှယ်တိုင်းမ်စ်သတင်းစာ (Financial Times) ၏ အဓိက စီးပွားရေးသတင်းကောက်ချက်ချသူ မာတင်ဝိုလ့်ဖ် (Martin Wolf) တင်ပြသကဲ့သို့ ၁၉. ရာစုနှစ်သည် တစ်နိုင်ငံချင်း သီးသန့်နေထိုင်ကြပြီး ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ပေါ်လစီကို ကျင့်သုံးကြသည့် အချိန်အခါ

ဖြစ်သည်။ ၂၀ ရာစုနှစ်နှောင်းပိုင်းတွင် နိုင်ငံတကာ ယှဉ်မှုအနေအထားအရ နိုင်ငံစုံပါဝင်သည့် အဖွဲ့အစည်းပေါ်လစီကို ကျင့်သုံးလာကြသည်။ အပြည်ပြည်ဆိုင်ရာ ဖိအားပေးသောအဖွဲ့အစည်းများအနေဖြင့် ကျွန်စနစ်ဆန့်ကျင်ရေးအသင်း (Anti-Slavery League) နှင့် ဒုတိယ (ဆိုရှယ်လစ်) အပြည်ပြည်ဆိုင်ရာအဖွဲ့ (Second (Socialist) International) တို့မှအပ အလွန်နည်းပါးခဲ့ပေသည်။ ယင်းအစား အင်ပါယာ (Empire) စနစ်က နေရာယူလာပြီး ဗြိတိန်သည် ကမ္ဘာ၏ လေးပုံတစ်ပုံကို ပိုင်ဆိုင်ခဲ့သည်။ ပြင်သစ်သည် အာဖရိကတိုက် အများစုကို ပိုင်ဆိုင်ခဲ့သည်။ အမေရိကမှ ကျူးဘား၊ ပွါတိုရီကိုနှင့် ဖိလစ်ပိုင်တို့ကို ပိုင်ဆိုင်ခဲ့သည်။

ဂလိုဘယ်လိုက်ဇေးရှင်းသည် နိုင်ငံအစိုးရများအတွက် ယခင်နှင့်မတူသော ရင်ဆိုင်မှုတစ်ရပ် ဖြစ်လာခဲ့သည်။ ၎င်းတို့အနေဖြင့် ပမာဏပိုမိုကြီးထွားလာပြီး လုပ်ငန်းတာဝန်အသစ်များ ပိလာကြသောကြောင့် ဖြစ်သည်။ လွန်ခဲ့သည့်ရာစုနှစ်တစ်ခုက အစိုးရများသည် အခွန်ကောက်ခံရရှိသည့်ငွေမှ ပြန်လည်သုံးစွဲမှုနည်းပါးခဲ့ပြီး ယိုယွင်းလာသော အခွန်အခြေခံ သို့မဟုတ် လူမှုဖူလုံရေးတာဝန်ယူ စောင့်ရှောက်ပေးရသည့် နယ်ပယ်များအတွက် ကုန်ကျစရိတ် စသည်တို့အတွက် ပူပန်စရာလည်းမလိုခဲ့ပေ။ ၁၉၁၃ ခုနှစ်တွင် ပြည်သူအတွက်သုံးစွဲငွေပမာဏမှာ ဂျီဒီပီ၏ ရာခိုင်နှုန်းအနေဖြင့် အမေရိကန်တွင် ၇.၅၊ ဗြိတိန်တွင် ၁၂.၇၊ ဂျာမနီတွင် ၁၄.၈ နှင့် ပြင်သစ်တွင် ၁၇ ဖြစ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ယင်းကိန်း ဂဏန်းများမှာ ၂၉.၄၊ ၃၉.၂ ၄၂.၉ နှင့် ၅၁.၄ အသီးသီး ဖြစ်လာ

ခဲ့သည်။ အစိုးရများအနေဖြင့် အလုပ်သမားရပိုင်ခွင့်များ၊ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ထုတ်ကုန်စံနှုန်းများ၊ ကျန်းမာရေးနှင့် လုံခြုံရေးလိုအပ်ချက်များစသည့် ယနေ့နိုင်ငံအသီးသီးကို ကွဲပြားခြားနားမှုဖြစ်ပေါ်စေသည့် မြောက်မြားလှစွာသော စည်းမျဉ်းများကို မချမှတ်ကြရသေးပေ။

အရေးအကြီးဆုံး ဖြစ်ကောင်းဖြစ်မည့်အချက်မှာ ဂလိုဘယ်လိုက်ဇေးရှင်းသည် ယခုအခါ ပိုမိုပုန်းလျှိုးကွယ်လျှိုးဖြစ်လာခြင်းပင်ဖြစ်သည်။ မှန်ပေသည်၊ ၁၉၁၄ခုနှစ်တွင် -

လန်ဒန်မြို့သားတစ်ဦးသည် ၎င်း၏အိပ်ရာပေါ်တွင် နံနက်ခင်းလက်ဖက်ရည်ကို အေးအေးဆေးဆေးသုံးဆောင်ရင်း ကမ္ဘာတစ်ခွင်မှ ထွက်ကုန်အမျိုးမျိုးကို တယ်လီဖုန်းဖြင့် ၎င်းလိုအပ်သည်ဟုယူဆရသော အရေအတွက်ကိုလှမ်းမှာပြီး ယင်းကို ၎င်း၏အိမ်တံခါးဝသို့ လျင်မြန်စွာအရောက်ပို့လာမည်ဟု မျှော်လင့်နိုင်ခဲ့ပေသည်။ တစ်ချိန်တည်းတွင် ထိုသူသည် တယ်လီဖုန်းဖြင့်ပင် ၎င်း၏ ခနဥစ္စာကို ကမ္ဘာ့မည်သည့်နေရာတွင်မဆို သဘာဝသယံဇာတများနှင့် လုပ်ငန်းသစ်များတွင် စွန့်စားရင်းနှီးမြှုပ်နှံနိုင်ပေသည်။ ယင်းမှ အသီးအပွင့်များကိုလည်း အထူးတလည် ပင်ပန်းမှုမရှိဘဲ ရယူခံစားနိုင်သည်။ သို့မဟုတ်ပါကလည်း ၎င်း၏ ကြွယ်ဝမှုကို ကမ္ဘာ့တိုက်တစ်ခုခု၏ ခိုင်မာသောစည်ပင်သာယာနယ်မြေတစ်ခုခု၏ မြို့နေလူထုယုံကြည်မှုဖြင့် မိမိကြိုက်နှစ်သက်မှုအရသော်လည်းကောင်း၊

သတင်းအချက်အလက်အရသော်လည်းကောင်း ပူးပေါင်းရင်းနှီးမြှုပ်နှံနိုင်ပေသည်။ အရေးကြီးဆုံးအချက်မှာ ၎င်းအနေဖြင့် အဆိုပါအနေအထားကို နောက်ထပ်တိုးတက်မှုလမ်းကြောင်းရှိလာခဲ့လျှင်မှအပ ပုံမှန်ဖြစ်သည်၊ သေချာမှုရှိသည်၊ အမြဲတည်ရှိနေမည်ဟု လက်ခံယုံကြည်မှုရှိခဲ့ပေသည်။ ယင်းမှသွေဖည်ခြင်းရှိသည့် မည်သည့်အရာမဆို ဖောက်ပြန်ရာရောက်သည်၊ နာမည်ပျက်ရစေသည်၊ ရှောင်ရှားနိုင်သည့် ကိစ္စရပ်ဖြစ်သည်ဟု လက်ခံထားခဲ့ပေသည်။

သို့သော်လည်း ကိန်းနစ် (Keynes) သရုပ်ဖော်ခဲ့သည့် မြို့သားမှာ ချမ်းသာသော လူကုံတန်တစ်ဦးဖြစ်ပြီး ကလက်ပ်ဟမ်း နှစ်ထပ်ဘတ်စကား (Clapham omnibus) ပေါ်မှ သမားရိုးကျ သာမန်လူတစ်ဦး မဟုတ်ခဲ့ပေ။ အင်တာနက်တွင်ဈေးဝယ်ခြင်း၊ နိုင်ငံခြားတွင်အပန်းဖြေခြင်းနှင့် အပြည်ပြည်ဆိုင်ရာအစုရှယ်ယာ ရောင်းဝယ်ဖောက်ကားခြင်းတို့သည် ယခုအခါ ချမ်းသာကြွယ်ဝသောနိုင်ငံများရှိလူများစုအတွက် လမ်းပွင့်နေသကဲ့သို့ ဆင်းရဲသောနိုင်ငံများမှလူနည်းစုသို့ပင် လမ်းပွင့်လျက်ရှိပေပြီ။ ဝေးလံခေါင်းပါးသောအာဖရိက ကျေးရွာများတွင်ပင် အိုင်ဘီအမ်ကြော်ငြာများမှ လက်ဆွဲကွန်ပျူတာများမရှိသေးသော်ငြားလည်း ရေဒီယိုနှင့် တယ်လီဗီးရှင်းလောက်တော့ ရှိပေသည်။ ဂလိုဘယ်လိုက်ဇေးရှင်းသည် တစ်မဟုတ်ချင်း အရှိန်ပိုမိုပြင်းထန်လာလျက် ရှိပေသည်။ ဆက်သွယ်ရေးလမ်းကြောင်းများဖြင့် ပြည့်နှက်နေသော ကမ္ဘာတစ်ခုတွင် လူများနှင့်

အဖြစ်အပျက်များသည် တစ်ဦးနှင့်တစ်ဦး၊ တစ်ခုနှင့်တစ်ခုနီးစပ်မှု ရှိနေသကဲ့သို့ ခံစားကြရသည်။ မည်မျှပင်ခံစားမှုနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ အာဖရိကမှ ငတ်မွတ်ခေါင်းပါးမှုဖြင့်လည်းကောင်း၊ အာရှတိုက်မှအလုပ်သမားများကို မဝရေစာပေး၍စေခိုင်းသော စီးပွားရေးလုပ်ငန်းများဖြင့်လည်းကောင်း၊ အမေဇုံတွင် သစ်လုံးများ ချခြင်းဖြင့်လည်းကောင်း၊ ဆက်စပ်ပတ်သက် ခံစားမှုရှိကြပေသည်။ (သို့ရာတွင် ရဝမ်ဒါနှင့် ဘော့စ်နီးယားစစ်များနှင့်စပ်လျဉ်းပြီး လူများ စိတ်လှုပ်ရှားမှုရှိခဲ့ကြသော်လည်း အင်ဂိုလာစစ်ပွဲ၊ အာမေးနီးယားနှင့် အက်ဇာဘိုင်ဂျမ်တို့အကြား စစ်ပွဲတို့တွင် စိတ်ဝင်စားမှုအတော်ပင် နည်းပါးခဲ့ကြသည်)။ စက်တင်ဘာ ၁၁ ရက်နေ့ အဖြစ်အပျက်အနေ ဖြင့် ကမ္ဘာတစ်လွှားလူများအပေါ် ရိုက်ခတ်မှုရှိသည်မှာ တီဗွီဖန်သား ပြင်တွင် တိုက်ရိုက်ထုတ်လွှင့်မှုကို ကြည့်ရှုခွင့်ရရှိခြင်းကြောင့်လည်း ဖြစ်သည်။ ဝမ်းနည်းကြေကွဲဖွယ်ရာကောင်းလှသည့် အဖြစ်အပျက် ဖြစ်ပွားပြီး မိနစ်ပိုင်းအတွင်း၌ပင် နေရာအနှံ့အပြားမှ လူသန်းပေါင်း များစွာတို့သည် တစ်ဦးနှင့်တစ်ဦး အီးမေးလ်များပို့လွှတ်နေကြပြီး ၎င်းတို့၏ မိုဘိုင်းလ်ဖုန်းများဖြင့်လည်း သတင်းဆက်သွယ် ဖလှယ် လျက် ရှိခဲ့ကြပေသည်။

**အဘယ်ကြောင့် ကမ္ဘာကြီး (ဤမျှလောက်) မပြောင်းလဲသေးသည့် အကြောင်းရင်း**

နယူးယောက်။ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်နေ့။ ကမ္ဘာကြီးရပ်တန့်သွားသကဲ့သို့ ထင်မှတ်ခံစားခဲ့ကြရသည်။ ကျွန်ုပ်တို့၏

တိဗွီဖန်သားပြင်များပေါ်မှ ကြောက်မက်ဖွယ်ရာ ရုပ်ပုံလွှာများထံမှ အံ့အားသင့်နေသောမျက်လုံးများက မခွာနိုင်ကြဘဲ ကျွန်ုပ်တို့အားလုံး ထိတ်လန့်တုန်လှုပ်မှုဖြင့်လည်းကောင်း၊ ယုံကြည်မှုကင်းမဲ့စွာဖြင့် လည်းကောင်း၊ လှုပ်ရှားမှုကင်းမဲ့ပြီး အေးခဲသွားခဲ့ကြသည်။ ပျံသန်း နေသော မီးလျှံဖုံးကြီးတစ်ခုဖြစ်ခဲ့သည့် ဒုတိယလေယာဉ်မှ မီးခိုး တလူလူထွက်နေသော အထပ်မြင့်အဆောက်အအုံကြီးထဲသို့ ထိုးဝင် သွားခြင်း၊ သေးငယ်စွာသော ပုံရိပ်ထင်ဟပ်လျက်ရှိသော လူများ မျှော်လင့်ခြင်းကင်းမဲ့စွာဖြင့် လက်များရုန်းကန်လှုပ်ရှားပြီး လေဟာ နယ်ထဲသို့ ခုန်ချသွားကြခြင်း၊ သံမဏိနှင့် ဖန်သားတို့ဖြင့် ဆောက်လုပ် ထားသည့် ခံ့ညားထည်ဝါလှသည့် မျှော်စင်ညီနောင် (Twin Towers) မြေပြင်ပေါ်သို့ပြိုကျပျက်စီးခြင်း၊ ဖုန်အလူးလူးဖြင့် မကောင်းဆိုးဝါး ပုံစံပေါက်နေကြသော နယူးယောက်သားများ အသက်ဘေးမှ ထွက်ပြေးနေခဲ့ကြခြင်း စသည့်မြင်ကွင်းများကို ပြန်ပြောပြရမည်ကိုပင် နည်းနည်းမျှ ခံနိုင်ရည်မရှိပေ။ သိမြင်နိုင်စွမ်းမရှိခဲ့သည့် (ဖုံးကွယ်) အဖျက်သမားများက အမေရိကန်အား တိုက်ခိုက်သည့် ရုတ်ချည်း ဆိုသလို မှတ်တမ်းထင်ကျန်ရစ်သည့် ယင်းပုံရိပ်များသည် နှစ်ရှည် ကြာစွာကျွန်ုပ်တို့အား ဆက်လက်ခြောက်လှန့်နေဦးမည်ဖြစ်ပေ သည်။

ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနကို တိုက်ခိုက်မှုသည် အမေရိကန် နှင့် ကမ္ဘာလုံးဆိုင်ရာအရင်းရှင်စနစ် ဝေါလ်စတြီး၏ အလယ်ဗဟို ချက်နှင့် ကမ္ဘာ့စီးပွားရေး စသည်တို့၏ ကိုယ်စားပြုသင်္ကေတတစ်ခု အနေဖြင့် ရည်စူးတိုက်ခိုက်ခြင်းဖြစ်သည်။ တစ်ချိန်က အမေရိကန်

အား ကျန်ကမ္ဘာ့နိုင်ငံများမှ တသီးတသန့်နေနိုင်အောင် စည်းခြားစွမ်းဆောင်ပေးခဲ့သည့် သမုဒ္ဒရာကြီးများနှင့် နယ်နိမိတ်မှတ်ကျောက်များသည် ယနေ့အကြမ်းဖက်စနစ်မှ အကာအကွယ်ပေးနိုင်စွမ်းမရှိကြောင်း သိသာထင်ရှားစေသည်။ အိုစမာဘင်လာဒင်က အမေရိကန်အားတိုက်ခိုက်မှုကို အာဖဂန်နစ္စတန်တွင် သန္ဓေတည်စေခဲ့သည်။ဂျာမနီတွင် ပြုစုပျိုးထောင်စေပြီး ဗြိတိန်တွင် ဖွံ့ဖြိုးစေခဲ့သည်။ အပြည်ပြည်ဆိုင်ရာဘဏ်များမှတစ်ဆင့် ငွေကြေးထောက်ပံ့စေခဲ့သည်။ အမေရိကန်လူမျိုးများအနေဖြင့် ကျန်ကမ္ဘာမှ သီးခြားနေလိုမှု စိတ်ကူးစိတ်သန်းရှိခဲ့လျှင်ပင် ပြိုကွဲပျက်စီးသွားခဲ့ပေပြီ။ စက်တင်ဘာ ၁၁ ရက်နေ့အထိ အမေရိကန်သည် မိမိအားမည်သူမျှ မထိပါးမစော်ကားနိုင်ဟု ယုံကြည်ခဲ့ပေသည်။ ယခုမူ ထိပါးစော်ကားလိုက်သကဲ့သို့ ခံစားရပေသည်။ အမေရိကန်လူမျိုးများအနေဖြင့် မိမိတို့၏ အမေရိကန်မြေပေါ်တွင် မိမိတို့အား လာရောက်တိုက်ခိုက်သည့် ဘေးအန္တရာယ်မှ လုံခြုံမည်ဟု ယုံကြည်စိတ်ချထား၍ မဖြစ်တော့ပါ။ တံခါးပိတ်ဝါဒ (သို့မဟုတ်) သီးခြားဝါဒ (Isolationism) သည်လည်း ရွေးချယ်သင့်သည့် စနစ်တစ်ခုမဟုတ်တော့ကြောင်း သိသာနိုင်ပေသည်။

ပညာရှိများက ပူဆွေးမှုဖြင့်တွေဝေရပ်နားမနေဘဲ ဂလိုဘယ်လိုက်ဇေးရှင်းသည် မန်ဟက်တန်မှ အပျက်အစီးများအကြားတွင် သေဆုံးမြေချပြီးသားဖြစ်သွားပြီဟု မဆိုင်းမတွကြေညာခဲ့ကြသည်။ လန်ဒန်စီးပွားရေးတက္ကသိုလ်မှ နိုင်ငံရေးဒဿနိကဗေဒပါမောက္ခ ဂျွန်ဂရေး (John Gray) ရေးသားသည့် အာရုံဦးအတုအယောင်၊ ကမ္ဘာလုံးဆိုင်ရာ အရင်းရှင်စနစ်၏ ထင်ယောင်ထင်မှား

ဖြစ်စေမှုများ (False Dawn : The Delusions of Global Capitalism) တွင် စာရေးသူ၏ ထုတ်ပြန်ပြောဆိုချက်အရ ဝါရှင်တန်နှင့် နယူးယောက်မှ ယုတ်မာရက်စက်လှသည့်အဖြစ်အပျက်များသည် အမေရိကန် လေဆိပ်လုံခြုံရေး ပျော့ကွက်ဟာကွက်များနှင့် ထောက်လှမ်းရေး အေဂျင်စီများ၏ စွမ်းဆောင်ရည်မပြည့်ဝမှုတို့ကို လိုသည်ထက်ပို၍ ဖွင့်ဟထုတ်ဖော်လျက်ရှိကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်ကို ကျောထောက်နောက်ခံပြုသည့် ယုံကြည်ချက်များကို ပြင်းထန်စွာ ထိုးနှက်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၁ ရက်၏ သင်ခန်းစာမှာ ရှေ့ယခင်နှစ်များက ဂလိုဘယ်လိုက်ဇေးရှင်းဆိုသည်မှာ ပဋိပက္ခ ခေတ်နှစ်ခုအကြား ကူးပြောင်းချိန် စပ်ကူးမတ်ကူးကာလသာ ဖြစ်နေ ခဲ့ကြောင်း ၎င်းကဆိုသည်။

ဤသည်မှာအမှန်တရားနှင့် ဝေးကွာလွန်းလှပေသည်။ ဂလိုဘယ်လိုက်ဇေးရှင်းသည် စက်တင်ဘာ ၁၁ ရက်နေ့မတိုင်မီ ကတည်းက ရှင်သန်ခဲ့သကဲ့သို့ ဆက်လက်ရှင်သန်နေဆဲပင် ဖြစ်သည်။ အမှန်တကယ်လက်တွေ့တွင်လည်း ပို၍ပင်ရှင်သန်လျက် ရှိနေသည်။ အနောက်ကမ္ဘာခြမ်းအပေါ် ရန်ငြိုးကြီးသော ဆင်းရဲ မွဲတေလှသည့် မွတ်စလင်များသို့ ဂလိုဘယ်လိုက်ဇေးရှင်း၏ အကျိုး အမြတ်များကို ဖြန့်ဝေပေးခြင်းအားဖြင့် ၎င်းတို့၏ အဆိပ်သင့်နေ သည့် မုန်းတီးမှုကို လျော့နည်းစေနိုင်မည်ဖြစ်သည်။ အကြမ်းဖက် ခြိမ်းခြောက်မှုသည်လည်း ကျွန်ုပ်တို့လိုချင်သည့် ဂလိုဘယ်လိုက် ဇေးရှင်းမျိုးကို ပုံသွင်းရယူရန် အရေးတကြီးရှိနေမှုကို ပဓာနပြုလျက် ရှိသည်။ ယင်းအတွက် နိုင်ငံအစိုးရများအနေဖြင့် စွမ်းဆောင်ရည်

မရှိပေဘူးလားဆိုသည့် မေးခွန်းကို တာလီဘန် (Taliban) က ပြုက်ရယ်ပြုပေလိမ့်မည်။

သို့သော်ငြားလည်း အမျိုးသားနယ်နိမိတ်များကို ခိုင်မာစေရန် အသစ်တစ်ဖန် အလေးပေးမှုသည် ဂလိုဘယ်လိုက်ဇေးရှင်းကို ရပ်တန့်စေနိုင်ပါသလားဆိုသည့် မေးခွန်းရှိနေ၏။ အမေရိကန် ရင်းနှီးမြှုပ်နှံမှုဘဏ်တစ်ခုဖြစ်သည့် မော်ဂန်စတန်လေဘဏ် (Morgan Stanley bank) ၏ ပုံမှန်အားဖြင့် ထိုးထွင်းဉာဏ်ရှိသည့် အဓိကစီးပွားရေးပညာရှင်ကြီး စတီဖင်ရိုချ် (Stephen Roach) ၏ အာဘော်အရ အကြမ်းဖက်ဝါဒသည် နယ်စပ်ဖြတ်ကျော်ဆက်စပ်မှု၏ ဂီယာများတွင် သဲထည့်လိုက်ခြင်းနှင့်တူကြောင်း၊ ရလဒ်အနေဖြင့် ပဋိပက္ခကင်းမဲ့သည့်အနေအထားသို့ တိုးတက်လာလျက်ရှိသည့် ဂလိုဘယ်လိုက်ဇေးရှင်းကို ခြိမ်းခြောက်မှုရှိနေကြောင်း ဖော်ပြခဲ့သည်။ စက်တင်ဘာ ၁၁ ရက်နေ့၏ ကြေကွဲဖွယ်ရာအဖြစ်အပျက်များသည် အဆိုပါစီးဆင်းမှုများအပေါ် အခွန်သစ်ကောက်ခံလိုက်သကဲ့သို့ ဖြစ်နေခဲ့သည်။ အမျိုးသားနယ်နိမိတ်များ၏ လုံခြုံရေးကို တင်းကျပ်စေရန် လိုအပ်ချက်ရှိလာပေသည်။ ဤကိစ္စသည် ငွေကြေးစရိတ်ကင်းမဲ့သည့် လုပ်ငန်းရပ်တစ်ခု မဟုတ်ပေ။ လေဆိပ်များနှင့် ရေဆိပ်များသာမက အခြားကဏ္ဍများကိုပါ ဆက်စပ်ပတ်သက်မှုရှိပေမည်။ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် ကနေဒါနှင့် မက္ကဆီကိုထို့ပြင် ချုပ်ရိုးမဲ့မှုအနေအထားသို့ တိုးတက်လာလျက်ရှိသည့် နတ်ဖ်တာ ဆက်သွယ်မှုလမ်းကြောင်းများ စသည့်တို့ကိုလည်း တင်းကျပ်မှုရှိစေရမည်ဖြစ်သည်။

ယခုကဲ့သို့ လိုအပ်သည်ထက်ပိုမိုတုံ့ပြန်မှုအတွက် မစ္စတာ ရှီ့ချ်အား ခွင့်လွှတ်နိုင်စရာရှိပါသည်။ (၎င်း၏အလုပ်ဌာနဖြစ်သည့်) မော်ဂန်စတန်လေဘာဏ်၏ ရုံးခန်းများသည် (စက်တင်ဘာလ ၁၁ ရက်နေ့က ပျက်စီးသွားသည့်) ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနတွင် တည်ရှိခဲ့၍ ဖြစ်သည်။ သို့ရာတွင် စက်တင်ဘာ ၁၁ ရက်နေ့၌ အစုအပြုံလိုက် သေကျေပျက်စီးမှုများသည်ပင်လျှင် ဂလိုဘယ်လိုက် ဇေးရှင်း၏ ချုပ်ငြိမ်းမှုကို ဖန်တီးနိုင်စွမ်းမရှိခဲ့ပါ။ အမှန်တကယ်ပင် စက်တင်ဘာ ၁၁ ရက်နေ့နောက်ပိုင်း ခြောက်လအတွင်း အမေရိကန် လုပ်ငန်းများ၏ ကုန်သွယ်မှုဆိုင်ရာ ပရီမီယံအာမခံကြေးများ တက်ခဲ့သကဲ့သို့ လေကြောင်းဖြင့်ကုန်စည်တင်ပို့ခသည်လည်း ၁၅ ရာခိုင်နှုန်း တက်ခဲ့သည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းခဲ့သည်။ သို့သော် ယင်းတို့သည် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးကို ရိုက်ခတ်မှုမရှိစေလှပါ။ အကြောင်းမှာ အထူးသဖြင့် ကုန်စည်အများစုကို ပင်လယ်ရေကြောင်းဖြင့် တင်ပို့၍ဖြစ်ပေသည်။ အမေရိကန်ကုန်သွယ်ရေး ကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်သည့် ခရက်ဂ်ဗန်းဂရပ်စတက် (Craig Van Grasstek) က စက်တင်ဘာ ၁၁ ရက်နေ့ နောက်ပိုင်း အမေရိကန်သွင်းကုန်များအတွက် သယ်ယူပို့ဆောင်ခစရိတ်သည် မြင့်တက်မှုမရှိခဲ့ဟု ဆိုပါသည်။ ကုလသမဂ္ဂ၊ အေတီကယာနီ၊ ပရိုက်စ်ဝါးတားဟောက်စ်ကူးပါးစ်နှင့် အခြားအဖွဲ့အစည်းတို့၏ လေ့လာဆန်းစစ်ချက်များအရ နိုင်ငံစုံအခြေစိုက်ကုမ္ပဏီကြီးများသည် ၎င်းတို့၏ နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို စွန့်ပစ်ကြခြင်းမရှိပါ။

ကမ္ဘာ့စီးပွားရေးဆုတ်ယုတ်မှုသည် အကြမ်းဖက်ဝါဒထက်ပင် ဂလိုဘယ်လိုက်ဇေးရှင်းကို ပိုမိုခြိမ်းခြောက်မှု ပြုနေပါသေးသည်။ ယင်းသည် စီးပွားရေးရှေးချယ်မှုများကို စူးရှစေပြီး ပြည်တွင်းပြဿနာများအတွက် နိုင်ငံခြားသားများအပေါ် အပြစ်ပုံချရန် သွေးဆောင်ဖြားယောင်းမှုကို တိုးပွားစေသည်။ ၂၀၀၁ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးတိုးတက်မှုသည် အရှိန်ရပ်တန့်ခဲ့သည်။ ကုလသမဂ္ဂ၏ ခန့်မှန်းခြေအရ အက်ဖ်ဒီအိုင်စီးဆင်းမှုများ ကျဆင်းမှုပမာဏသည် ၄၀ ရာခိုင်နှုန်း ရှိပေသည်။ ယင်းအချက်သည် အဓိကအားဖြင့် ကမ္ဘာလုံးဆိုင်ရာ ကုမ္ပဏီကြီးများအချင်းချင်း အရှိန်အဟုန်မြင့်စွာ ပေါင်းစည်းမှုဇာတ်သိမ်းသွား၍ဖြစ်ကြောင်း ဖော်ပြထားပါသည်။ အကယ်၍ စီးပွားရေး ရာသီဥတု (အခြေအနေ) မကောင်းခဲ့၍ နိုင်ငံများမှ ပြည်တွင်းလုပ်ငန်းကာကွယ်ရေးစနစ်သို့ ပြောင်းလဲမှုဖြင့် တုံ့ပြန်ကြမည်ဆိုပါက ဂလိုဘယ်လိုက်ဇေးရှင်းအတွက် အန္တရာယ်ရှိပေသည်။ သို့ရာတွင် ကံကောင်းထောက်မစွာဖြင့် စက်တင်ဘာ ၁၁ ရက်နေ့၏ မရည်ရွယ်သော အကျိုးဆက် တစ်စိတ်တစ်ဒေသအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းဝင် နိုင်ငံအစိုးရများက ကမ္ဘာ့ကုန်သွယ်ရေးကို စစ်မှန်စွာလွတ်လပ်မှုရှိစေရန် အသစ်တစ်ဖန် ထပ်လောင်းတွန်းအားပေးရေးကို အစပျိုးဆောင်ရွက်ရန် ၂၀၀၁ ခုနှစ် နိုဝင်ဘာလတွင် ကာတာနိုင်ငံ၏မြို့တော် ဒိုဟာမြို့၌ ကျင်းပခဲ့သည့် အစည်းအဝေးတွင် သဘောတူလိုက်ကြပြီဖြစ်သည်။ ဂလိုဘယ်လိုက်ဇေးရှင်းခေါ် ကမ္ဘာ့ပေါင်းကူးယှက်နွယ် ဆက်စပ်မှုဖြစ်စဉ်သည် သက်ဝင်လှုပ်ရှားရှိစမြဲပင် ဖြစ်ပေသည်။



**၂၀၀၄ ခုနှစ် စာပေဗိမာန် စာမူဆု**

**ဘာသာပြန်စာပေ ပထမဆုရ**

## "ကမ္ဘာ့ပေါင်းကူးယှက်နွယ်မှုဖြစ်စဉ်အကျဉ်း"

**ရေးသူ - မြနှင်းဆီ** (Mra Hninzi)

အဖ ဦးရွှေမြ (ICS)၊ အမိ ဒေါ်ခင်တင့်တို့မှ ၂၄-၇-၁၉၄၈ တွင် မွေးဖွားသည်။ မူကြိုကို လေဒီပေါ်ထွန်းကျောင်းတွင် တက်ရောက်ခဲ့ပြီး မူလတန်းမှ အထက်တန်းအောင်သည်အထိ စိန့်ဖီလိုမီနာ အထက်တန်းကျောင်းတွင် ပညာသင်ကြားသည်။ ၁၉၆၅ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ပြီး ၁၉၆၉ ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်မှ စာရင်းအင်းဘာသာရပ်အဓိကဖြင့် ဘီအီကွန်းဘွဲ့ ရရှိခဲ့သည်။ ၁၉၇၅ ခုနှစ်မှစ၍ ဆက်သွယ်ရေးကော်ပိုရေးရှင်းတွင် ပြန်တမ်းဝင်အရာရှိအဖြစ် အလုပ်ဝင်ပြီး လက်ထောက်အထွေထွေမန်နေဂျာအဆင့်အထိ တာဝန်ထမ်းဆောင်သည်။

၁၉၇၉ ခုနှစ်တွင် နိုင်ငံခြားဘာသာသိပ္ပံမှ ပြင်သစ်ဒီပလိုမာ ရရှိသည်။ Intermediate French (LCCI) ကို ၁၉၇၉ ခုနှစ်တွင် လည်းကောင်း၊ Higher French (LCCI) ကို ၁၉၈၅ တွင်လည်းကောင်း အောင်မြင်သည်။

၁၉၉၇ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ Myanmar DHL ၏ ဒါရိုက်တာအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်သည်။

နှစ်စဉ် ကမ္ဘာ့စာပို့တိုက်သမဂ္ဂနေ့တွင် The New Light of Myanmar ၌ ဆောင်းပါးများရေးသားသည်။ ၂၀၀၀ ပြည့်နှစ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ ပြောင်းရွှေ့ပြီး၊ ဒုတိယညွှန်ကြားရေးမှူး (နိုင်ငံခြားဆက်ဆံရေး) တာဝန်ယူခဲ့သည်။ ၂၀၀၅ ခုနှစ် ဇူလိုင်[illegible] အငြိမ်းစားယူသည်။

အမည်ရင်း - ဒေါ်မြနှင်းဆီ

နေရပ်လိပ်စာ - အမှတ် ၈၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့

စာပေဗိမာန်

spk2007

KS 150